# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**အလျှုဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက် | ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၀)၊ အမှတ် (၃၀၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID–19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID–19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရေးဖွင့်ထားသည့် အမှုများကို ဥပဒေနှင့်အညီ ပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် ဆက်သွယ်သတင်းပို့နိုင်ရန် အသိပေးကြေညာ

နေပြည်တော် ဩဂုတ် ၃

တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် ဆူပူဆန္ဒပြခြင်းများ၊ ဆန့်ကျင်လှုပ်ရှားမှုများတွင် ပါဝင်ခဲ့မှုများကြောင့် အရေးယူခံရမည်ကို စိုးရိမ်ခဲ့ပြီး တိမ်းရှောင်နေကြကြောင်း တွေ့ရှိရသည်။

ယခုအခါ ၎င်းတို့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်ချက်များအပေါ် ယုံကြည်ခြင်း၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခြင်းဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားခြင်းများကြောင့် ပြန်လည်လာရောက်လိုသော်လည်း စိုးရိမ်ကြောင့်ကြမှုရှိခြင်း၊ မည်ကဲ့သို့ ဆက်သွယ်ဆောင်ရွက်ရမည်ကို မသိခြင်းများကြောင့် အခက်အခဲများဖြစ်ပေါ်နေကြောင်း သိရှိရသည်။

ယခုကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြစ်ဖြင့်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်မည်ဆိုပါက ၎င်းတို့အပေါ် ရေးဖွင့်ထားသည့် အမှုများကို ဥပဒေနှင့်အညီ ပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် အောက်တွင်ဖော်ပြထားသည့် ဖုန်းနံပါတ်များသို့

*စာမျက်နှာ ၉ ကော်လံ ၁* ○

## နေပြည်တော်ကောင်စီနယ်မြေအတွင်း ဦးတည်အုပ်စုများနှင့် ဦးစားပေးအစီအစဉ်များအလိုက် ကိုဗစ် - ၁၉ ကာကွယ်ဆေး ဆက်လက်ထိုးနှံ



နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။ ဓာတ်ပုံ - ကိုကိုကျော်

နေပြည်တော် ဩဂုတ် ၃

နေပြည်တော် ကောင်စီနယ်မြေအတွင်း ကိုဗစ် - ၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရန်အတွက် ကာကွယ်ဆေး ထိုးခြင်းလုပ်ငန်းများကို ဩဂုတ် ၁ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် သက်ဆိုင်ရာ မြို့နယ်များအလိုက် စုရပ်နေရာများခွဲ၍ ဦးတည်အုပ်စု များနှင့် ဦးစားပေးအစီအစဉ်များအလိုက် ဆက်လက်ဆေးထိုးနှံပေးကြသည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသည့် မြို့နယ်များအလိုက် စုရပ်နေရာများဖြစ်သော အခြေခံပညာအထက်တန်းကျောင်းများ၌ အသက် ၆၅ နှစ်နှင့်အထက်ရှိသူများ၊ ကိုဗစ်- ၁၉ ကာကွယ်၊

*စာမျက်နှာ ၅ ကော်လံ ၁* ❏


ယနေ့ ဖတ်စရာ

ပီတိဖြင့် ပျော်မွေ့ကြသူများ (သို့မဟုတ်) ဟိုင်းကြီးကျွန်း ဒေသဖွံ့ဖြိုးရေး ခရီးသွားမှတ်တမ်း — စာ - ၁၁

အမေရိကန်နှင့် ပူးပေါင်းခဲ့သည့် အာဖဂန်လူမျိုးများကို ဒုက္ခသည်အဖြစ် လက်ခံပေးသွားမည် — စာ - ၁၃

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အာရှ-ပစိဖိတ်နိုင်ငံများ၌ အကြီးအကျယ် ထိခိုက်ပျက်စီးလျက်ရှိ — စာ - ၁၄

မြန်မာ့အလင်း

# ဆေးလိပ်သောက်သည့်အကျင့်နှင့် ကိုဗစ်-၁၉ ကပ်ရောဂါ

ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း အရွယ်ရောက်သူတိုင်း သိကြသည်။ ဆေးလိပ်သောက်နေသူများ ကိုယ်တိုင်သည်ပင် သိသော်ငြား မလျှော့နိုင်၊ မဖြတ်နိုင်ကြ။ လတ်တလောတွင် ကျန်းမာရေးကို သိသိသာသာထိခိုက်နေစေသည့် လက္ခဏာများလည်း မခံစားရသေးသည့်အတွက် နောင်ခါလာနောင်လာချေး သဘောထားကာ သောက်လက်စကို ဆက်သောက်ကြသည်။

ဆေးလိပ်သောက်သူတစ်ဦးအဖို့ ကာလကြာလာသည်နှင့်အမျှ ခန္ဓာကိုယ်အစိတ်အပိုင်းများကို တစ်ခုပြီးတစ်ခု ထိခိုက်သည်။ ဆေးလိပ်ငွေ့ကြောင့် နှာခေါင်းတွင်းရှိ Cilia ပါးလာပြီး ကြာလာသောအခါ နှာမွှန်၊ နှာစေး အလေ့အထဖြစ်လာသည်။ ထိုမှဆက်၍ အဆုတ်ကို ထိခိုက်လာသည်။ ကိုယ်ခံအားလည်း ကျလာသည်။ နာတာရှည်အဆုတ်ပွ၊ အဆုတ်ကင်ဆာလည်း ဖြစ်နိုင်သည်။ အသက်ရှူ၍ မဝ၊ အောက်ဆီဂျင်ရရှိမှုကလည်း နည်းလာသည်။ သွေးကြောကျဉ်း၊ သွေးကြောပိတ်၊ သွေးကြောနံရံများ ဖိအားများ၍ သွေးတိုးလာစေသည်။ အစာအိမ်၊ ပန်ကရိယတို့ကိုလည်း ထိခိုက်စေသည်။

ဆေးလိပ်သောက်ခြင်းက သောက်သုံးသူအပြင် ဘေးလူကိုလည်း ထိခိုက်စေပြန်သည်။ ဆေးလိပ်ငွေ့က လေထုကို ညစ်ညမ်းစေသည်။ လူများများ ဆေးလိပ်သောက်နေကြလျှင် ၎င်းတို့ပတ်ဝန်းကျင်၏ လေထုက ကျန်လူများကိုပါ ဒုက္ခပေးနိုင်နေပြီဖြစ်သည်။ တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့် ဆေးလိပ်မသောက်သူများမှာ ဆေးလိပ်သောက်သူနှင့်မခြား ကျန်းမာရေးကို ဘေးသင့်စေသည်။ အမျိုးသမီးများထက် အမျိုးသားများ၏ ပျမ်းမျှသက်တမ်းတိုရခြင်းမှာ ဇီဝဗေဒဆိုင်ရာ အကြောင်းအရာများထက် အမူအကျင့်များကြောင့်လည်း ပါဝင်သည်။ အမျိုးသမီးများသည် အမျိုးသားများနှင့် နှိုင်းယှဉ်ပါက ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အမူအကျင့်များကို လုပ်လေ့မရှိခြင်း၊ အရက်၊ ဆေးလိပ်တို့ သောက်လေ့မရှိခြင်း၊ လက်မှန်မှန်ဆေးကြောခြင်း၊ ကျန်းမာရေးကိစ္စအတွက် ဆရာဝန်ထံသွားသည့် အလေ့အထ ပိုမိုခြင်းတို့က သက်တမ်းပို၍ ရှည်စေခြင်းဖြစ်သည်ဟု ဆိုသည်။

ယခုအခါ ကိုဗစ်- ၁၉ ကပ်ရောဂါက တစ်ကမ္ဘာလုံးရှိ နိုင်ငံအသီးသီးတို့တွင် ကူးစက်ပျံ့နှံ့လာသည့်အခါ လူတိုင်းလူတိုင်းက ကိုဗစ်- ၁၉ ကူးစက်မခံရစေရေးအတွက် လူစုလူဝေးရှောင်ခြင်း၊ အပြင်ထွက်တိုင်း Mask တပ်ခြင်း၊ လက်ကိုခဏခဏဆေးခြင်း၊ လူတစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာနေခြင်းတို့အပြင် ကိုယ်ခံအားကောင်းစေရေးအတွက် အာဟာရပြည့်ပြည့်ဝဝစားသောက်ရန်၊ အိပ်ရေးဝဝအိပ်စက်အနားယူရန်၊ ရေများများသောက်ရန်၊ အရက်၊ ဆေးလိပ်တို့ ရှောင်ကြဉ်ရန်တို့ကို ကျန်းမာရေးပညာရှင်တို့က အကြံပြုထားကြသည်။ ကိုဗစ်-၁၉ ရောဂါသည် အသက်ရှူလမ်းကြောင်းနှင့် အဆုတ်တို့ကို တိုက်ခိုက်သည့် ရောဂါဖြစ်ပြီး နှလုံးနှင့် သွေးကြောတို့ကိုလည်းကောင်း၊ ကျောက်ကပ်တို့ကိုလည်းကောင်း ပျက်စီးစေသည့် ရောဂါဖြစ်ရာ ဆေးလိပ်သောက်သူများအနေဖြင့် အလွယ်တကူ ထိခိုက်ပျက်စီးစေမည့် အခြေအနေဖြစ်သည်။ ယမန်နှစ်က ထုတ်ပြန်ခဲ့သည့် နယူးအင်္ဂလန်ဆေးပညာဂျာနယ်၏ အစီရင်ခံစာပါအချက်အလက်များအရ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၀၀၀ ကျော်ကို လေ့လာရာတွင် စိုးရိမ်ရသော အခြေအနေရှိသူ ၁၀၀ ကျော်ရှိပြီး ၎င်းတို့အနက် ၁၇ ရာခိုင်နှုန်းခန့်မှာ လက်ရှိဆေးလိပ်သောက်နေသူများဖြစ်ကြောင်း၊ ၅ ရာခိုင်နှုန်းကျော်ကျော်မှာ ယခင်ဆေးလိပ်သောက်ခဲ့ဖူးသူများဖြစ်ကြောင်း ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကပ်ရောဂါသည် မျိုးဗီဇပြောင်းလဲမှုနှင့်အတူ ပို၍ပြင်းထန်၊ ပို၍ကူးစက်၊ ပို၍အန္တရာယ်ကြီးမားလာပြီဖြစ်ရာ မိမိကိုယ်ကိုယ်ပိုမို၍ ဂရုစိုက်အသက်မွေးမြူကြရန် လိုအပ်သည်။ ကိုယ်ခံအားကောင်းသူတို့က ရောဂါအန္တရာယ်ကို ပို၍ခုခံနိုင်သည့်အလျောက် ကိုယ်ခံအားကျဆင်းစေသည့် အမူအကျင့်၊ အလေ့အထတို့ကို ပြုပြင်ရှောင်ကြဉ်ကြရမည်ဖြစ်ရာ ဆေးလိပ်သောက်သည့် အကျင့်ကို စွန့်လွှတ်၍ ကိုယ်ခံအားကောင်းမွန်ရေး အလေ့အကျင့်ကောင်းများဖြင့် အားမွေးနိုင်ကြပါစေကြောင်း။ ။

# မိဘပြည်သူများထံသို့ တိုက်တွန်းနှိုးဆော်ချက်

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ယခုလတ်တလော Coronavirus Disease 2019 (COVID–19 ) ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှုနှုန်းမှာ တိုးတက်မြင့်မားလျက်ရှိပါသည်။
- မြန်မာသက္ကရာဇ် ၁၃၈၃ ခု၊ ဝါဆိုလဆန်း ၅ ရက်၊ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီအစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်ကြီးများက လတ်တလောဖြစ်ပွားနေသော Coronavirus Disease 2019(COVID–19) ကမ္ဘာ့ကပ်ရောဂါ အန္တရာယ်မှ ကင်းဝေးစေရန်အတွက် ရတနသုတ် ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ်တော်မူပေးခဲ့ပါသည်။
- ထို့အတူ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ) ကလည်း လတ်တလော ဖြစ်ပွားနေသော Coronavirus Disease 2019 (COVID–19) ကမ္ဘာ့ကပ်ရောဂါ အန္တရာယ်မှ ကင်းဝေးစေရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီးတွင် Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရတနသုတ်၊ မေတ္တသုတ် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်စေရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့များက မြို့နယ်သံဃနာယကအဖွဲ့များသို့ ညွှန်ကြားဆောင်ရွက်ရန် အဆင့်ဆင့် အကြောင်းကြား လျှောက်ထားပြီး ဖြစ်ပါသည်။
- သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်တွင်ရှိသော မိဘပြည်သူများအနေဖြင့် လတ်တလောဖြစ်ပွားနေသော Coronavirus Disease 2019 (COVID–19) ကမ္ဘာ့ ကပ်ရောဂါ အန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် ရတနသုတ် ပရိတ်တရားတော်ကို မိမိနေအိမ်တွင် နေ့စဉ်ရွတ်ဖတ်ပူဇော်နိုင်ကြပါရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၃**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အုန်းတောကျောင်းတိုက်နှင့် ဈေးကုန်းကျောင်းတိုက်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့ရှိ ပရဟိတဘုန်းတော်ကြီးကျောင်းနှင့် သဗ္ဗညုဘုန်းတော် ကြီးကျောင်း၊ ကရင်ပြည်နယ် မြဝတီမြို့ခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းတိုက်များ၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ သွန်းဘုရားရပ်ကွက်ရှိ သီရိမင်္ဂလာကြခတ်ဝိုင်းကျောင်းတိုက်တို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကင်းမြို့နယ် ရန်ကင်းပညာရေးကောလိပ်၌ ကိုဗစ် -၁၉ ရောဂါ ကုသရေးဌာနဖွင့်လှစ်



**နေပြည်တော် ဩဂုတ် ၃**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများအား လက်ခံကုသနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ရန်ကင်းပညာရေးကောလိပ်၌ ကိုဗစ်-၁၉ ရောဂါကုသရေးဌာနကို ယနေ့ဖွင့်လှစ်ခဲ့ရာ ရန်ကင်းမြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တ ဝိလာသ အမှူးပြုသည့် ဆရာတော်များ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကိုဗစ်-၁၉ ရောဂါကုသရေးဌာန ဖွင့်လှစ်ခြင်းအတွက် ရန်ကင်းမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်အမှူးပြုသည့် သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြပြီး တက်ရောက်လာကြသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကုသရေးဌာနကို ဖွင့်လှစ်ပေးကြပြီး လူနာများ စတင်လက်ခံကုသနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးရာ **(အပေါ်ပုံ)** ကုသရေးဌာနရှိ အဆောင်နှစ်ဆောင်၌ လူနာ ၆၀၀ လက်ခံနိုင်မည့်အခြေအနေ၊ လူနာများနှင့် အထောက်အကူပြုအဖွဲ့များအားလုံးအတွက် လိုအပ်သည်များ ပြင်ဆင်ထားရှိမှု အခြေအနေများ၊ အောက်ဆီဂျင် လိုအပ်မည့် လူနာများအတွက် အောက်ဆီဂျင်ပိုက်လိုင်း သွယ်တန်းထားရှိမှု အခြေအနေ၊ စေတနာရှင် အလှူရှင်များမှ လှူဒါန်းထားရှိမှု အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များမှာကြားပြီး ဌာနဆိုင်ရာများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်ရောဂါကိုသာမက အခြားရောဂါများကိုလည်း ကုသနေကြ

ဆေးရုံများသည် ကိုဗစ်ရောဂါကိုသာမက အခြားရောဂါများကိုလည်း ကုသနေကြရကြောင်း၊ ကိုဗစ်ရောဂါသည် အရေးကြီးသည်ဖြစ်သော်လည်း အခြားရေရှည်ကုသပေးရမည့် ရောဂါများ ကုသရာတွင် လစ်ဟင်းမှုမရှိစေရေးအတွက်လည်း စဉ်းစားလုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၃-၇-၂၀၂၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား သီးခြားစီ ကျင်းပပြုလုပ်သည့် နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးများနှင့် (၂၂) ကြိမ်မြောက် အာဆီယံအပေါင်းသုံး နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်




ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား သီးခြားစီ ကျင်းပပြုလုပ်သည့် နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးများနှင့် (၂၂) ကြိမ်မြောက် အာဆီယံအပေါင်းသုံး နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်စဉ်။

**နေပြည်တော် ဩဂုတ် ၃**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့နံနက် ၈ နာရီတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည့် အာဆီယံ-တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ-တရုတ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ- ဂျပန်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် (၂၂) ကြိမ်မြောက် အာဆီယံအပေါင်းသုံး နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတို့ကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်မှ ပါဝင်တက်ရောက်သည်။

အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား သီးခြားစီ ကျင်းပသည့် အစည်းအဝေးများသို့ အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက် နိုင်ငံများမှ နိုင်ငံခြားရေး ဝန်ကြီးများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးများတွင် အာဆီယံနှင့် သက်ဆိုင်ရာ ဆွေးနွေးဖက်နိုင်ငံအသီးသီးမှ နိုင်ငံခြားရေး ဝန်ကြီးများက အာဆီယံနှင့် သက်ဆိုင်ရာ ဆွေးနွေးဖက် နိုင်ငံများအကြား အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်မည့် အလားအလာများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**အတည်ပြု ပါဝင်ထား**

အာဆီယံ- ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ဘရူနိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး (၂) Dato Erywan Pehin Yusof နှင့် ကိုရီးယား သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး Mr. Chung Eui-yong တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အာဆီယံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများကို ဦးစားပေးနယ်ပယ်သုံးရပ်ဖြစ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေး သာတူညီမျှရရှိရေး၊ ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (RCEP) နှင့် အာဆီယံ- ကိုရီးယား လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်များကို အခြေခံလျက် နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းရေး၊ ရေရှည်တည်တံ့သည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖော်ဆောင်ရေးတို့မှတစ်ဆင့် စီးပွားရေး ပြန်လည်ထူထောင်ရေးကို တိုးမြှင့်ဆောင်ရွက်သွားရန် အလေးပေး ဆွေးနွေး ပြောကြားသည်။ ပြည်ထောင်စုဝန်ကြီးသည် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (RCEP) အတည်ပြုခဲ့သည့် နိုင်ငံများကို ကြိုဆိုခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း RCEP သဘောတူညီချက် စာပိုဒ် ၂၀.၅ နှင့် ၂၀.၆ နှင့်အညီ အတည်ပြု ပါဝင်ထားကြောင်း အစည်းအဝေးသို့ အသိပေးခဲ့သည်။

ဆက်လက်၍ အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို တစ်ဆက်တစ်ပ်တည်း ကျင်းပခဲ့ရာ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး H.E. Teodoro Locsin Jr နှင့် တရုတ် နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Wang Yi တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ အစည်းအဝေးတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား အိမ်နီးချင်းကောင်း ဆက်ဆံရေး၊ အပြန်အလှန် ယုံကြည်မှု၊ ထောက်ပံ့မှုနှင့် အကျိုး ဖြစ်ထွန်းစေမှုတို့ဖြင့် အာဆီယံ- တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး၏ နှစ်ပေါင်း (၃၀) ကျော်ခရီးတွင် စဉ်ဆက်မပြတ် တိုးတက်လျက်ရှိခြင်းကို ကျေနပ်အားရမှု ရှိကြောင်း၊ အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး နှစ်ပတ်လည် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးကို ကြိုလင့်လျက် ၂၀၂၂ ခုနှစ်အတွက် ဆွေးနွေးဖက်ဆက်ဆံရေး၏ ဦးတည်ချက်ဆောင်ပုဒ်အဖြစ် “စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေးပူးပေါင်းဆောင်ရွက်မှု” (Sustainable Development Cooperation) ကို ဆက်လက် ဖော်ဆောင်ရန် တရုတ်နိုင်ငံ၏ အဆိုပြုချက်ကိုလည်း ကြိုဆိုကြောင်း၊ ကိုဗစ်-၁၉ အာဆီယံ တုံ့ပြန်ရေးရန်ပုံငွေနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေဆိုင်ရာ စီမံကိန်းများအတွက် အာဆီယံ- တရုတ် ပူးပေါင်း ဆောင်ရွက်ရေးရန်ပုံငွေတို့တွင် တရုတ်နိုင်ငံမှ ထောက်ပံ့မှုများကို ကျေးဇူးတင်ရှိကြောင်း၊ တရုတ်နိုင်ငံမှ ကိုဗစ်-၁၉ ကာကွယ်ဆေးများနှင့် ဆက်စပ်ဆေးပစ္စည်း အထောက်အပံ့များ လှူဒါန်းခြင်း အတွက်လည်း ကျေးဇူးတင်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

**လက်တွဲဆောင်ရွက်**

အစည်းအဝေး အပြီးတွင် အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး၏ ညှိနှိုင်းရေး နိုင်ငံအဖြစ် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးကို ချီးကျူးဂုဏ်ပြုခဲ့ပြီး အာဆီယံ-တရုတ် ဆွေးနွေးဖက် ဆက်ဆံရေး၏ ညှိနှိုင်းရေး နိုင်ငံအသစ်အဖြစ် တာဝန်ယူမည့် မြန်မာနိုင်ငံအနေဖြင့် အရှိန်အဟုန်ကောင်းလျက်ရှိသည့် ဆွေးနွေးဖက် ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းလျက် နှစ်ဖက်ပြည်သူများ၏ အပြန်အလှန် အကျိုးစီးပွား မြှင့်တင်ပေးမည့် ပူးပေါင်းဆောင်ရွက်မှုများကို ဖော်ဆောင်ရန် အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့နှင့်အတူ နီးကပ်စွာ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် အာဆီယံ-ဂျပန် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပခဲ့ပြီး ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E. Bui Thanh Son နှင့် ဂျပန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E. Toshimitsu Motegi တို့က ပူးတွဲသဘာပတိများအဖြစ် ဦးဆောင်ကျင်းပခဲ့ကြသည်။ အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက အာဆီယံနှင့် ဂျပန်နိုင်ငံတို့အနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ တုံ့ပြန်ရေးကို တိုးမြှင့်ဆောင်ရွက်ရေး၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရေးနှင့် အာဆီယံပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ် - ၄ (Initiative for ASEAN Integration- IAI Work Plan IV) ဖော်ဆောင်ရာတွင် ဂျပန်နိုင်ငံ၏ ဆက်လက်ထောက်ပံ့မှုများကို ကြိုဆိုပါကြောင်း ဆွေးနွေးပြောကြားသည်။

(၂၂) ကြိမ်မြောက် အာဆီယံအပေါင်းသုံး နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး(၂) Dato Erywan Pehin Yusof က သဘာပတိအဖြစ် ဆောင်ရွက်၍ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ အပေါင်းသုံးနိုင်ငံ (တရုတ်၊ ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံ) တို့မှ နိုင်ငံခြားရေး ဝန်ကြီးများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့ ပါဝင် တက်ရောက်ခဲ့ကြသည်။ အစည်းအဝေး၌ နိုင်ငံခြားရေးဝန်ကြီးများသည် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များ၊ အာဆီယံအပေါင်းသုံးမူဘောင် အောက်ရှိ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများကို ပြန်လည်သုံးသပ်ခဲ့ကြပြီး ရှေ့လုပ်ငန်းများအပေါ် အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုကို ထိထိရောက်ရောက် တိုက်ဖျက်ရေး၊ ကာကွယ်ဆေးသာတူညီမျှရရှိရေး၊ ကုန်ထုတ် စွမ်းအင်ဆုံးရှုံးမှု သက်သာစေရန် ဒစ်ဂျစ်တယ် စီးပွားရေး ဖွံ့ဖြိုးလာစေရေးနှင့် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ကုန်စည်စီးဆင်းမှု စီမံခန့်ခွဲမှုများကို မြှင့်တင်ရေးတို့သည် အရေးကြီးကြောင်း အလေးပေး ပြောကြားသည်။

အဆိုပါ အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဒုတိယအကြိမ်မြောက် မဲခေါင်-အမေရိကန် မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ဝန်ကြီးများအစည်းအဝေးသို့ ပါဝင်တက်ရောက်

**နေပြည်တော် ဩဂုတ် ၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့ နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် ဒုတိယအကြိမ်မြောက် မဲခေါင်-အမေရိကန် မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် ဝန်ကြီးများအစည်းအဝေး (Second Mekong-U.S. Partnership Ministerial Meeting) သို့ နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။

အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီး Mr. Prak Sokhonn နှင့် အမေရိကန်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး Mr. Antony J. Blinken တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ပြီး Mekong-U.S. Partnership ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် လာအို၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံခြား ရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြသည်။

### သုံးသပ်ဆွေးနွေးခဲ့

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးများက အမေရိကန်နိုင်ငံနှင့် မဲခေါင်နိုင်ငံများအကြား ထူထောင်ခဲ့သည့် မဲခေါင်-အမေရိကန် မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ (၁)နှစ်တာ ကာလအတွင်း တိုးတက်အောင်မြင်မှုများအပေါ် သုံးသပ်ဆွေးနွေးခဲ့ကြပြီး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်မှ အနာဂတ်ကာလ မဲခေါင်ဒေသခွဲ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှုတို့အပေါ် အကျိုးပြုနိုင်မည့် ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မိန့်ခွန်းပြောကြားရာတွင် အမေရိကန်နိုင်ငံမှ မဲခေါင်နိုင်ငံများသို့ ကိုဗစ်-၁၉ ဆိုင်ရာ ကူညီထောက်ပံ့မှုများကို ကျေးဇူးတင်အသိအမှတ် ပြုကြောင်းနှင့် မြန်မာနိုင်ငံ၌ ပြည်သူများ၏ အသက်အန္တရာယ်ကာကွယ် နိုင်ရန် ကိုဗစ်-၁၉ ကာကွယ်ဆေးအပါအဝင် အခြားထောက်ပံ့မှုများ ပိုမိုပေးအပ်သွားရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မဲခေါင်-အမေရိကန် မိတ်ဖက်ပြုပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ အခြေခံမူများဖြစ်သော အားလုံးသဘောတူညီမှု၊ တန်းတူညီတူရှိမှုနှင့် ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်ခြင်းမရှိမှု စသည့်မူများအပေါ်အခြေခံ၍ အလုံးစုံပါဝင်သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုကာ မဲခေါင်ဒေသပြည်သူများ ကို အကူအညီများ ပိုမိုပေးအပ်သွားရန် ထည့်သွင်းပြောကြားသည်။ ထို့ပြင် ပညာရေး၊ လူငယ်၊ စွမ်းအားမြှင့်တင်မှု၊ စွမ်းအင်နှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက် သွားမည့် အစီအစဉ်များပါဝင်သည့် မဲခေါင်-အမေရိကန် မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်မှု၏ "လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၃)" ထုတ်ပြန်ခြင်းကို ကြိုဆိုကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် ဒုတိယအကြိမ်မြောက် မဲခေါင်-အမေရိကန် မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် ဝန်ကြီးများအစည်းအဝေး (Second Mekong-U.S. Partnership Ministerial Meeting) သို့ ပါဝင်တက်ရောက်စဉ်။

### ဦးစားပေး လုပ်ဆောင်

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မဲခေါင်-အမေရိကန် မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ လုပ်ငန်းအစီအစဉ်သစ်ကို ထိရောက်စွာ အကောင်အထည်ဖော်ရာတွင် သတင်းအချက်အလက်မျှဝေမှု၏ အရေးပါမှုနှင့် ကိုဗစ်-၁၉ ကာလအလွန် စီးပွားရေးပြန်လည်ထူထောင် နိုင်ရေးတွက် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs)၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဦးစားပေး လုပ်ဆောင် သွားရန်လည်း အကြံပြုပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အမေရိကန်နိုင်ငံနှင့် မဲခေါင်နိုင်ငံများ၏ အစိုးရအရာရှိများအကြား တိုက်ရိုက်ဆက်သွယ်မှု တိုးမြှင့်နိုင်စေရန်ရည်ရွယ်သည့် မူဝါဒဆွေးနွေးပွဲများ ပြုလုပ်ရန်နှင့် ကျား၊ မတန်းတူရည်တူရှိမှုနှင့်အမျိုးသမီးများစွမ်းဆောင်ရည် မြှင့်တင်နိုင်မှုတို့အတွက် မူဝါဒဆွေးနွေးပွဲများ ကျင်းပသွားလိုသည့် အမေရိကန် နိုင်ငံ၏ အဆိုပြုချက်များကို ထောက်ခံကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးမှ အဖွဲ့ဝင်နိုင်ငံများအတွက် သိသာထင်ရှားသည့် အကျိုးရလဒ်ဖော်ဆောင်နိုင်ရန် ရေးဆွဲထားသည့် မဲခေါင်-အမေရိကန် မိတ်ဖက်ပြုပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ လုပ်ငန်း အစီအစဉ်(၂၀၂၁-၂၀၂၃)ကို အတည်ပြုထုတ်ပြန်ခဲ့သည်။

### အနာဂတ် လိုအပ်ချက်များ ဖြည့်ဆည်း

မဲခေါင်-အမေရိကန် မိတ်ဖက်ပြုပူးပေါင်းဆောင်ရွက်မှု အစီအစဉ် သည် အမေရိကန်နိုင်ငံနှင့် မဲခေါင်နိုင်ငံများအကြား ဆောင်ရွက်ခဲ့ သည့် "မဲခေါင်မြစ်အောက်ပိုင်း နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု အစီ အစဉ်" ၏ အောင်မြင်မှုများအပေါ် အခြေပြုလျက် ဒေသတွင်း အားလုံး ပါဝင်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်အတွက် လက်ရှိ နှင့် အနာဂတ် လိုအပ်ချက်များ ဖြည့်ဆည်းရန်နှင့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် ၂၀၂၀ ပြည့်နှစ်တွင် အဆင့်မြှင့်တင်ဖွဲ့စည်းခဲ့ခြင်း ဖြစ် ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အလုပ်သမားများ၏ ကြုံတွေ့ရသည့် အခက်အခဲများနှင့်ပတ်သက်၍ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၃**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စက်ရုံ၊ အလုပ်ရုံများ တွင် အလုပ်ရှင်နှင့် အလုပ်သမားများ ၏ အခက်အခဲ များနှင့်ပတ်သက်၍ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။**(အောက်ပုံ)**

### ပိုမိုထိရောက်စွာကာကွယ်နိုင်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်ပွားမှု တတိယလှိုင်းကို ထိရောက်စွာ ကာကွယ် ထိန်းချုပ် ကုသနိုင်ရေး အတွက် နိုင်ငံတော်အစိုးရက ဇူလိုင်လနှင့် ဩဂုတ်လ အတွင်း တစ်ဆက်တစ်စပ်တည်း အများပြည်သူ အလုပ်ပိတ်ရက်များ သတ်မှတ်ကြေညာကာ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ဖြတ်တောက်၍ ပိုမိုထိရောက်စွာ ကာကွယ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းအလုပ်ပိတ်ရက်များတွင် စက်ရုံ၊ အလုပ်ရုံများ မလည်ပတ်နိုင်ပါက အလုပ်ရှင်များ ထိခိုက်နစ်နာ ဆုံးရှုံးမှု ဖြစ်နိုင်သကဲ့သို့ အလုပ်သမားများလည်း အလုပ်လက်မဲ့ဖြစ်ကာ ထိခိုက်မှုများရှိနိုင်သည့်အတွက် စက်ရုံ၊ အလုပ်ရုံများအနေဖြင့် အစိုးရရုံး ပိတ်ရက် သတ်မှတ်ချက်များနှင့် သက်ဆိုင်ခြင်းမရှိဘဲ လုပ်ငန်းများဆောင်ရွက်ရန် နိုင်ငံတော်အစိုးရက ထုတ်ပြန်ပေးခဲ့ပါကြောင်း။

### အပြန်အလှန် ညှိနှိုင်းသုံးသပ်

ယခု အစည်းအဝေးတွင် အလုပ်သမားများ အနေဖြင့် လက်ရှိကြုံတွေ့ခံစားရသည့် အခက်အခဲ များကို ဆွေးနွေးတင်ပြသကဲ့သို့ အလုပ်ရှင်များ၏ အခက်အခဲကြားမှ ဆောင်ရွက်ပေးမှုများကိုလည်း ကြည့်ရှုပေးရန် လိုအပ်ပါကြောင်း၊ အလုပ်ရှင်များ ဘက်မှလည်း စက်ရုံ၊ အလုပ်ရုံများ စွမ်းအားပြည့် ပုံမှန်လည်ပတ်နိုင်ရေးနှင့် အလုပ်သမားများ၏ ကျန်းမာရေး၊ လုပ်ငန်းခွင်ပျော်ရွှင်စေရေးတို့အတွက် ဖော်ဆောင်ဖန်တီးပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားများသည် တစ်ဖက်သတ် မကြည့်ဘဲ တစ်ဖက်နှင့်တစ်ဖက် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ မျှမျှတတမြင်အောင် ကြည့်ကြရန် လိုအပ်ပါကြောင်း၊ သို့မှသာ အလုပ်ရှင်နှင့် အလုပ် သမားများ၏ အမှန်တကယ် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို အပြန်အလှန် ညှိနှိုင်းသုံးသပ်ကာ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ထိထိရောက်ရောက် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း၊ တက်ရောက် လာကြသူများအနေဖြင့် လက်ရှိအခြေအနေအရ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အလုပ်ရှင်နှင့် အလုပ်သမားများ၏ ကြုံတွေ့နေရသည့် အခက်အခဲ များအား ပွင့်ပွင့်လင်းလင်း ဆွေးနွေးကာ အကောင်း ဆုံး အဖြေရှာ၍ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။






### ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်လာကြသည့် အလုပ်သမား၊ အလုပ်ရှင် နှင့် စက်မှုဇုန်အသီးသီးမှ ကိုယ်စားလှယ်များက လတ်တလောတွေ့ကြုံခံစားနေရသည့် လုပ်ငန်း ဆိုင်ရာအခက်အခဲများ ဖြည့်ဆည်းပေးရန် လိုအပ် ချက်များကို အသီးသီးရှင်းလင်းဆွေးနွေး တင်ပြကြ ပြီး ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် ညွှန်ကြားရေးမှူး ချုပ်များက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ကို အားလုံးက အတူတကွလက်တွဲ ကျော်ဖြတ်ရင်း နိုင်ငံ၏ ထုတ်ကုန်စွမ်းအား မြင့်မားတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြ

**နေပြည်တော် ဩဂုတ် ၃**

ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား ရှင်းလင်းတင်ပြခြင်းကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

ရှင်းလင်းတင်ပြပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခုကာလသည် ကိုဗစ် - ၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု ပြင်းထန်နေချိန်ဖြစ်သည့်အတွက် ရုံးရက်ရှည်ပိတ်ထားသော်လည်း လုပ်ငန်းများ လစ်ဟာမှုမရှိစေရေးနှင့် လက်ရှိလုပ်ငန်းများကို ကိုဗစ် - ၁၉ ကာကွယ်တားဆီးရေးဆိုင်ရာ အစီအမံများနှင့်အညီ အရှိန်အဟုန်မပျက် ဆက်လက် ဆောင်ရွက်ကြရန်လိုကြောင်း၊ အိမ်စောင့်အစိုးရ စတင်တာဝန်ထမ်းဆောင်သည့်ကာလတွင် ပြန်ကြားရေးဝန်ကြီးဌာန၏ ဆောင်ရွက်မှုများသည် မူဝါဒကို ပြောင်းလဲခြင်း မဟုတ်ဘဲ တင်ဆက်ပုံများကို ပိုမိုဆန်းသစ်အောင် ပြောင်းလဲဖန်တီးရမည် ဖြစ်ကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် အနေအထားအပြင် အိမ်စောင့်အစိုးရ၊ လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် တင်ဆက်မှု၊ ဆောင်ရွက်မှုများကို စဉ်းစားသုံးသပ်ဆွေးနွေးပေးကြစေလိုပါကြောင်း။

**မူဝါဒကို ထိန်းထား**

မီဒီယာဖြစ်သည့် အတွက် အချိန်ဆိုင်း၍ မရပါကြောင်း၊ အချို့ကိစ္စများသည် သွက်သွက်လက်လက် မြန်မြန်ဆန်ဆန် ဆောင်ရွက်ရမည်၊ မြန်ရမည်၊ မှန်ရမည် ဖြစ်ပါကြောင်း၊ ပြန်ကြားရေး ဝန်ကြီးဌာနသည် နိုင်ငံတော်အဆင့် ဌာနတစ်ခုဖြစ်ပြီး ဝန်ထမ်းကိစ္စ၊ မူဘောင်ကိစ္စများကို ယခင်အတိုင်း ဆောင်ရွက်ရမည်ဖြစ်သော်လည်း ပြောင်းလဲ၍ ရသည်များကို ပြောင်းလဲမည် ဖြစ်ပါကြောင်း၊ မူဝါဒကို ထိန်းထားရမည်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း ဖျော်ဖြေမှုအသွင်ဖြင့် ပေါင်းစပ်ရမည်ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြပွဲတွင် အမှာစကားပြောကြားစဉ်။

**လက်တွဲဆောင်ရွက်**

ပြန်ကြားရေး ဝန်ကြီးဌာန မီဒီယာကဏ္ဍအနေဖြင့် ခိုင်ခိုင်မာမာ မှန်မှန်ကန်ကန် သတင်းများ ဖော်ပြ၍ နိုင်ငံတော်၏ ရည်မှန်းချက်ကို အောင်မြင်အောင် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အလားတူ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းကာ လက်တွဲဆောင်ရွက်ခြင်းဖြင့် အနာဂတ်နိုင်ငံတော်အတွက် အထောက်အကူဖြစ်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ပိုမိုဆန်းသစ်သည့် ပြောင်းလဲမှုများဖြင့် ဆောင်ရွက်လိုသည့်အတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ မီဒီယာများအနေဖြင့် အသိပညာပေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်နေသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ် အမှာစကားပြောကြားသည်။

**သတင်းစဉ်**

---

❑ *ရှေ့ဖုံးမှ*

ထိန်းချုပ်၊ ကုသခြင်း လုပ်ငန်းများတွင် ရှေ့တန်းမှတာဝန်ထမ်းဆောင်နေကြသော ကာကွယ်ဆေး မထိုးရသေးသည့် ကျန်းမာရေးဝန်ထမ်းများနှင့် ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းများ၊ သာသနာ့ဝန်ထမ်းများ၊ ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်နေသော ကာကွယ်ဆေး မထိုးရသေးသည့် စေတနာ့ဝန်ထမ်းများ၊ ကာကွယ်ဆေး မထိုးရသေးသည့် နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိက ဘဏ်ဝန်ထမ်းများ၊ ပုဂ္ဂလိက စက်ရုံ/အလုပ်ရုံဝန်ထမ်းများ၊ ဟိုတယ်/ မိုတယ်/ တည်းခိုခန်းများမှ ဝန်ထမ်းများ၊ စူပါမားကတ်များ/ ဈေးများမှ ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက ကိုဗစ် - ၁၉ ကာကွယ်ရေး နည်းလမ်းများနှင့်အညီ ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆေးထိုးနှံပေးရာတွင် ဇေယျာသီရိမြို့နယ် ပြည်စံအောင်အခြေခံပညာ အထက်တန်းကျောင်း၌ လူဦးရေ ၃၁၈ဦးခန့်ကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်း၌ လူဦးရေ ၄၀၀ ခန့်ကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ် မင်းကုန်းအခြေခံပညာအထက်တန်းကျောင်း၌ လူဦးရေ ၃၀၈ ဦးကိုလည်းကောင်း၊ လယ်ဝေးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ လူဦးရေ ၈၀၀ ခန့်ကို လည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း၌ လူဦးရေ ၅၀၀ ခန့်ကို လည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း၌ လူဦးရေ ၁၉၀ကို လည်းကောင်း၊ တပ်ကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ လူဦးရေ ၁၁၃၄ဦးကို လည်းကောင်း၊ ပျဉ်းမနားမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၌ လူဦးရေ၅၆၀ ခန့်ကို လည်းကောင်း ကာကွယ်ဆေးထိုးနှံပေးကြသည်။



ဇေယျာသီရိမြို့နယ် ပြည်စံအောင် အခြေခံပညာအထက်တန်းကျောင်း၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံစဉ်။ ဓာတ်ပုံ - ကိုကိုကျော်

ပုဗ္ဗသီရိမြို့နယ် သပြေကုန်းကျေးရွာမှ ဆေးလာရောက်ထိုးနှံသူ ဦးလှမြင့်က “ ကျွန်တော့်အသက် ၆၇ နှစ်ရှိပါပြီ။ ပထမအသုတ် ဆေးထိုးဖို့လာတုန်းက သွေးတိုးနေတဲ့အတွက် မထိုးလိုက်ရဘူး။ အခု တစ်ခေါက် ဆေးထိုးဖို့အတွက် ဆေးစစ်ပေးတဲ့အခါမှာ အကုန်လုံး အဆင်ပြေတာကြောင့် ဆေးထိုးနှံခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ ဒုတိယအကြိမ်အနေနဲ့ ဩဂုတ် ၃၁ ရက်မှာ နောက်တစ်ကြိမ်လာရောက် ဆေးထိုးနှံရမှာပါ။ ကျွန်တော့်လိုပဲ ဆေးမထိုးရသေးတဲ့သူတွေကို ထိုးခွင့်ရတဲ့အခါမှာ မပျက်မကွက်ဆေး လာရောက်ထိုးနှံကြဖို့ တိုက်တွန်းလိုပါတယ်။ ပြည်ပက မှာယူထားတဲ့ဆေးတွေလည်း အမြန်ဆုံး ရောက်ရှိပြီး ပြည်သူတွေ အားလုံးထိုးနှံနိုင်မယ်လို့ ယုံကြည်မိပါတယ်” ဟု ပြောသည်။

ကိုဗစ် - ၁၉ကာကွယ်ဆေး ထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးကြောင်း သိရှိရသည်။

ဇေယျာသီရိမြို့နယ် ပြည်စံအောင် အထက်တန်းကျောင်းသို့ ဆေးလာရောက်ထိုးနှံသူ ဌာနဆိုင်ရာဝန်ထမ်း ဦးကျော်စွာစိုးကလည်း “ ဆေးထိုးခွင့်ရမယ့်အချိန်ကို မျှော်လင့်နေတာကြာပါပြီ။ အခုလို ဆေးထိုးနှံခွင့်ရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ကိုဗစ် –၁၉ စည်းကမ်း တွေနဲ့အညီ ဆေးထိုးနှံနိုင်ဖို့ ဆောင်ရွက်ထားတာကိုလည်း တွေ့မြင်ရပါတယ်။ ဒီကပ်ရောဂါကြီး ပြီးဆုံးပြီး ပြည်သူတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စအဝဝ အဆင်ပြေချောမွေ့စွာ အမြန်ဆုံး ပြန်လည်ရောက်ရှိဖို့ မျှော်လင့်နေမိပါတယ်။ ပြည်သူတွေလည်း ကပ်ရောဂါကြီးကို ကျော်လွှားနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်”ဟု ပြောသည်။

ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံသည့်နေရာများတွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကာကွယ်ဆေးထိုးနှံမည့် ပြည်သူလူထု သိရှိထားရမည့် အချက်အလက်များကို ကာကွယ်ဆေးလာရောက်ထိုးနှံသူများ မြင်သာသည့်နေရာများတွင် ချိတ်ဆွဲ ကြေညာထားသည်ကိုလည်း တွေ့ရှိရသည်။

ထို့ပြင် ကာကွယ်ဆေးထိုးနှံပြီးသူများ နာရီဝက်နားနေနိုင်စေရန် နားနေခန်းများ စီစဉ်ဆောင်ရွက်ထားပေးခြင်း၊ အနားယူနေစဉ် အချိန်အတွင်း ရုတ်တရက် ကျန်းမာရေး ချို့ယွင်းလာပါကလည်း လိုအပ်သည်များ ကုသပေးနိုင်ရန် အဆင့်သင့်ဆောင်ရွက်ပေးခြင်း၊ အနားယူပြီးချိန်တွင်လည်း စနစ်တကျ ပြန်နိုင်စေရန် အထွက်လမ်းများကို ဆောင်ရွက်ပေးထားခြင်းနှင့် ဆေးလာရောက်ထိုးနှံသူများ ကျန်းမာရေးအတွက် သာမက လုံခြုံရေးအတွက်လည်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက ဆောင်ရွက်ထားကြောင်း သိရှိရသည်။

ကာကွယ်ဆေး ထိုးနှံမည့်ကာလကို ဩဂုတ် ၁ ရက်မှ ၄ ရက်အထိ ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးနှံခြင်း သီတင်းပတ်အဖြစ် လျာထားသတ်မှတ်ထားပြီး ဦးတည်အုပ်စုများနှင့် ဦးစားပေးအစီအစဉ်များအလိုက် ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်း – အောင်ဟိန်း**

# ကြိုးပမ်းညီညာ ပြည်ကျန်းမာ

ကိုကိုလှိုင်

**တောခြောက်ကြသူများ**

"မြန်မာနိုင်ငံတွင် လူတိုင်းသေနေကြပြီ။ မျိုးပြုတ်လုနီးဖြစ်နေပြီ။ (Everyone is dying : Myanmar on the brink of decimation)"

မြန်မာရေးရာ ကျွမ်းကျင်သူဟူ၍ ထင်ရှားသည့် သမိုင်းပညာရှင် မေရီကာလာဟမ် ဇူလိုင်လ ၁၇ ရက်နေ့က အေးရှားတိုင်းမ် သတင်းစာတွင် ရေးသားဖော်ပြခဲ့သော ဆောင်းပါး၏ စိတ်နှလုံးချောက်ချားဖွယ် ခေါင်းစည်းဖြစ်၏။ သူ၏ဆောင်းပါးတွင် "မြန်မာနိုင်ငံရှိ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူတို့၏ ခန့်မှန်းချက်အရ ၅၅ သန်းမျှသော မြန်မာနိုင်ငံလူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်သည် လာမည့်ရက်သတ္တသုံးပတ်အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစေသည့် အယ်လ်ဖာ(သို့မဟုတ်) ဒယ်လ်တာမျိုးကွဲ ဗိုင်းရပ်စ်များ ကူးစက်ခံရနိုင်သည်။ အလွန့်အလွန်လေးစားဖွယ်ကောင်းသည့် ပြည်သူ့ကျန်းမာရေး ပါရဂူတစ်ဦးက မြန်မာနိုင်ငံတွင် ကိုဗစ်ကပ်ရောဂါ ပြီးဆုံးသွားချိန်၌ လူဦးရေ ၁၀ သန်းမှ ၁၅ သန်းခန့်အထိ မျိုးပြုတ်သွားနိုင်ဖွယ်ရှိကြောင်း မျှော်မှန်းထားသည်"ဟူ၍လည်း ပါရှိသည်။

အလားတူပင် ကုလသမဂ္ဂဆိုင်ရာ ဗြိတိန်နိုင်ငံ၏အမြဲတမ်းကိုယ်စားလှယ် ဘာဘရာဝုဒ်ဝပ်ကလည်း "မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု စနစ်တစ်ခုလုံးသည် လုံးဝနီးပါး ပြိုလဲသွားခဲ့ပြီ၊ ကျန်းမာရေးဝန်ထမ်းများမှာလည်း တိုက်ခိုက်ခြင်း၊ ဖမ်းဆီးခြင်းခံနေကြရသည်။ တစ်နိုင်ငံလုံးကို ဗိုင်းရပ်စ်ပိုးက လျင်မြန်စွာ ပျံ့နှံ့လျက်ရှိပြီး လာမည့်ရက်သတ္တနှစ်ပတ်အတွင်း နိုင်ငံလူဦးရေ၏ ထက်ဝက်သည် ကိုဗစ်ကပ်ရောဂါ ကူးစက်ခံရဖွယ်ရှိကြောင်း အချို့က ခန့်မှန်းထားသည်"ဟူ၍ ဇူလိုင်လ ၃၀ ရက်နေ့က ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊ အလွတ်သဘောဆွေးနွေးပွဲတစ်ခု၌ ပြောကြားသွားခဲ့ပြန်သည်။

ထင်ရှားသည့် မြန်မာနွယ်ဖွား သမိုင်းဆရာတစ်ဦးဖြစ်သော ဦးသန့်မြင့်ဦးကလည်း "မြန်မာနိုင်ငံဟာ ကမ္ဘာ့လူဦးရေထက်ဝက်နီးပါးနဲ့ နယ်နိမိတ်ချင်း ထိစပ်နေတယ်။ နယ်စပ်မျဉ်းတွေကလည်း လုံလုံခြုံခြုံကာရံထားတာ မဟုတ်ဘူး။ မြန်မာနိုင်ငံမှာ ကိုဗစ်က ထိန်းမနိုင်သိမ်းမရဖြစ်နေပြီ။ ကျရှုံးနိုင်ငံတစ်ခုဟာ ကိုဗစ်ကိုနိုင်အောင်ထိန်းချုပ်နိုင်မှာ မဟုတ်ဘူး။ မြန်မာကိုဗစ်မျိုးကွဲသစ်တွေဟာ ကမ္ဘာကိုခြိမ်းခြောက်လာနိုင်တယ်။ မြန်မာကို ကူညီဖို့ ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဟာ အရေးအကြီးဆုံးဖြစ်လာနေပြီ"ဟု ဇူလိုင်လ ၁၇ ရက်နေ့က သူ၏ တွစ်တာစာမျက်နှာတွင် ရေးသားထားခဲ့ပြန်သည်။

**အချက်အလက်များကို ဆန်းစစ်လေ့လာခြင်း**

အထက်ဖော်ပြပါ ရေးသားပြောဆိုချက်များအရ မြန်မာနိုင်ငံပြင်ပ အထူးသဖြင့် အနောက်နိုင်ငံအသိုင်းအဝိုင်းတွင် "မြန်မာနိုင်ငံတော့ ကိုဗစ်ကြောင့် မျိုးပြုတ်တော့မယ်" ဟူသည့် သတင်းစကားပျံ့နှံ့နေကြောင်း ထင်ရှားပါသည်။ ထိုသို့ရေးသားပြောဆိုသူများသည် ယင်းသတင်းအချက်အလက်များကို နိုင်ငံရေးရည်ရွယ်ချက် တစ်ခုခုဖြင့် တမင်ထုတ်ဖော်ပြောဆိုခဲ့ကြခြင်းလော၊ သို့တည်းမဟုတ် ယင်းတို့ ကြားသိရရှိနေသည့် အမည်မဖော်ပြနိုင်သော ကျွမ်းကျင်သူဆိုသူများ၏ အချက်အလက်များကို အမှန်တကယ်ယုံကြည်၍ ရေးသားပြောဆိုခဲ့ကြခြင်းလော ဆိုသည်မှာမူ အဆိုပါပုဂ္ဂိုလ်များသာ သိကြပါလိမ့်မည်။

သို့တစေ ထိုသတင်းများက မြန်မာနိုင်ငံတွင်းသို့လည်း လူမှုမီဒီယာများမှ တစ်ဆင့်ရောက်ရှိလာခဲ့ရာ "ဖေ့စ်ဘွတ်တစ်မျက်နှာကိုတစ်ကမ္ဘာ"ထင်နေကြသည့် ရိုးသားသော ရဟန်းရှင်လူပြည်သူများစွာတို့အကြားတွင်လည်း ဟုတ်လိမ့်နိုးနိုး ပြိုးပြိုးပြာပြာ ကြောက်အားပါလျက် ထန်းရွက်ပေါ် ဥသျှစ်သီးကြွေသည်ကို မိုးပြိုပြီထင်သည့် ယုန်သူငယ်များကဲ့သို့ ဖြစ်နေကြရသည်ကို တွေ့ရပါ၏။

ထို့ကြောင့်လည်း အဆိုပါ ဂုဏ်သရေရှိပုဂ္ဂိုလ်များ၏ ပြောကြားချက်ပါ အချက်အလက်များ မည်မျှတိကျမှန်ကန်သည်ကို လေ့လာဆန်းစစ်ကြည့်ရန် လိုအပ်သည်ဟု ယူဆသဖြင့် ရနိုင်သမျှ သတင်းအချက်အလက်များကို ရှာဖွေဖော်ထုတ် တင်ပြအပ်ပါသည်။

မိမိရရှိသော အချက်အလက်သတင်းများသည် တစ်နိုင်ငံလုံးနှင့် ပတ်သက်သည့် ဌာနဆိုင်ရာများထံမှ ရယူခြင်းဖြစ်၍ ယေဘုယျအခြေအနေကို ခြုံငုံသိမြင်နိုင်ကောင်းသည်ဟု ယူဆပါသည်။ သို့သော် မြေပြင်တွင် ဖြစ်ပေါ်နေသော အချို့အခြေအနေများနှင့်မူ တူကောင်းမှ တူပါလိမ့်မည်။ တောအုပ်တစ်ခုလုံးကို ခြုံ၍ပြောရာတွင် သစ်ပင်တစ်ပင်ချင်းအနေအထားနှင့် ကွဲပြားသည်များလည်းရှိနိုင်ပါ၏။ Macro နှင့် Micro သဘောကို ခွဲခြားနားလည်နိုင်ဖို့တော့ လိုပါလိမ့်မည်။ မည်သို့ပင်ဖြစ်စေ တောအုပ်တစ်ခုလုံးကောင်းသလို သစ်ပင်တိုင်းလည်း ကောင်းဖို့ကိုလည်း အစွမ်းကုန်လုပ်ဆောင်ကြရမည်သာ ဖြစ်ပါ၏။

**ရောဂါကူးစက်ဖြစ်ပွားနှုန်းနှင့် သေဆုံးနှုန်းတို့၏ လားရာ**

ပထမဦးစွာ အလေးထား၍ဦးစားပေး ဆန်းစစ်ရမည့် အချက်တစ်ခုမှာ တစ်နိုင်ငံလုံး ကိုဗစ်- ၁၉ ရောဂါကူးစက်ဖြစ်ပွားနှုန်းနှင့် ရောဂါကြောင့် သေဆုံးနှုန်းပင်ဖြစ်၏။

မြန်မာနိုင်ငံတွင် ကူးစက်မှုမြန်သော ဒယ်လ်တာမျိုးကွဲ ဗိုင်းရပ်စ်ကြောင့် ကိုဗစ်- ၁၉ ရောဂါကူးစက်နှုန်းမှာ တတိယလှိုင်းတွင် အထူးမြင့်မားခဲ့သည်မှာ မှန်ပါ၏။ ရောဂါကြောင့် သေဆုံးမှုများလည်း သိသိသာသာ မြင့်တက်ခဲ့သည်မှာ အငြင်းပွားရန်မရှိပါ။ သို့သော် ထိုဆရာ၊ ဆရာမကြီးများ ပြောခဲ့ကြသကဲ့သို့ အလွန်ဆိုးရွားစွာ ဖြစ်ပေါ်ခဲ့ခြင်း ရှိ/မရှိ ကိုတော့ ဆန်းစစ်ကြည့်ရန်လိုပါမည်။

ပထမအချက်။ ။ (ဇူလိုင်လ ၁၇ ရက်နေ့မှ ) လာမည့်ရက်သတ္တသုံးပတ်အတွင်း နိုင်ငံလူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့် ရောဂါကူးစက်ခံရခြင်း ရှိ/မရှိ။ ယခုစာကို ရေးသားနေသည့် ဩဂုတ်လ ၂ ရက်နေ့ (ဆိုခဲ့သည့် တတိယပတ်အတွင်း)အခြေအနေမှာ တတိယလှိုင်း မြင့်မားနေသည့် ဇူလိုင်လလယ်ပိုင်းနှင့် နှိုင်းယှဉ်လျှင် ကူးစက်သူအရေအတွက် ၁၃ ရာခိုင်နှုန်း အထိကျဆင်းသွားခဲ့ပြီး ကူးစက်နှုန်းမှာလည်း ၃ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ စာရင်းဇယားများအရ သိရသည်။ ရိုက်တာ သတင်းဌာန၏ Global tracker စာရင်းများအရ ဇူလိုင်လ ၂၂ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော အမြင့်ဆုံး ကူးစက်မှုပမာဏ ၆၇၀၁ ဦးမှ ဩဂုတ်လ ၁ ရက်နေ့တွင် ၃၄၈၀ သာ ရှိတော့သည်ကို တွေ့ရသည်။ ထက်ဝက်ခန့်ကျဆင်းသွားခြင်းဖြစ်၏။

မြန်မာနိုင်ငံတွင် ကိုဗစ်ရောဂါစတင်ဝင်ရောက်ချိန်မှစ၍ ဩဂုတ်လ ၁ ရက်နေ့အထိ ရောဂါပိုး စစ်ဆေးတွေ့ရှိသူပေါင်း ၃၀၂၆၆၅ဦးရှိပြီး ရောဂါကြောင့် သေဆုံးသူ ၉၇၃၁ ဦးရှိကြောင်း ရိုက်တာသတင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။ ဖုံးကွယ် ဖြစ်ပွားသူနှင့် ဖုံးကွယ်သေဆုံးသူများလည်း ရှိမည်မှာမလွဲဖြစ်သည်။ Under reporting ဟုခေါ်သည့် စာရင်းမပါဖြစ်ပွားသေဆုံးသူများသည် အမေရိကန်ကဲ့သို့သော ဖွံ့ဖြိုးပြီး ထိပ်သီးနိုင်ငံကြီးများ၌ပင် မကင်းနိုင်သော ကိစ္စဖြစ်၏။ မည်သို့ပင်ဖြစ်စေ စာရင်းမပါသူ အရေအတွက်သည် စာရင်းပါ အရေအတွက်ထက် ၁၀ ဆများသည်ဆိုဦး၊ ကူးစက်ဖြစ်ပွားသူ သုံးသန်းကျော်သာရှိနိုင်ပေလိမ့်မည်။

သေဆုံးသူကိုကြည့်လျှင်လည်း သုသာန်များ၌ စုစုပေါင်း သဂြိုဟ်သည့် ရုပ်ကလပ်အရေအတွက်မှတစ်ဆင့် အနေအထားကို မှန်းဆနိုင်သည်။ မြန်မာနိုင်ငံတွင် လူဦးရေအထူထပ်ဆုံးနှင့် အသိပ်သည်းဆုံးဖြစ်ပြီး ကိုဗစ်ရောဂါကြောင့် သေဆုံးနိုင်ခြေ အများဆုံးဖြစ်သည့် ရန်ကုန်တွင် ဇူလိုင်လလယ်က နေ့စဉ်သဂြိုဟ်ရမှု ၁၆၀၀ ခန့်ရှိခဲ့ရာမှ ဩဂုတ်လ ၁ ရက်နေ့တွင် ၈၉၈ ဦးသာရှိတော့ရာ ထက်ဝက်ခန့် ကျဆင်းသွားခြင်းဖြစ်သည်။

အကယ်၍ မြန်မာနိုင်ငံလူဦးရေတစ်ဝက် ၂၇ သန်းခန့်သာ ထိုပညာရှိကြီးများပြောသလို ကူးစက်သည်ဆိုပါက မြန်မာနိုင်ငံ၏ ကိုဗစ်ကြောင့်သေဆုံးနှုန်းသည် အမေရိကန်နိုင်ငံ ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်၏ တွက်ချက်မှုအရ ၃ ဒသမ ၁ ရာခိုင်နှုန်း ရှိသည်ဟုဆိုရာ ယခုသုံးပတ်တာကာလအတွင်း သေဆုံးသူအရေအတွက်မှာ ၈၃၇၀၀၀ ရှိရပေလိမ့်မည်။ ကျန်းမာရေးဝန်ကြီးဌာန၏ စာရင်းများအရ ကိုဗစ်နှင့်ဆက်စပ်၍ သေဆုံးသူ ကိုးထောင်ကျော်တွင် တတိယလှိုင်း၌ သေဆုံးသူမှာ ခြောက်ထောင်ကျော်ရှိသည်ဟု ဆိုသည်။ ဖုံးကွယ်သေဆုံးသူနှင့်ပါ ယင်းပမာဏ၏ ဆယ်ဆဟုတွက်လျှင် (အမှန်တကယ် ထိုမျှမရှိ နိုင်ပါ။) ခြောက်သောင်းထက်ပိုမည်မထင်ပါ။ အဆိုပါ ပိုပိုသာသာ ၆၀၀၀၀ ကိုပင်မူတည်၍ သေဆုံးနှုန်း ၃ ဒသမ ၁ ရာခိုင် နှုန်းနှင့် ပြန်တွက်ပါက တတိယလှိုင်းတွင် ကူးစက်သူပေါင်းမှာ ၁ ဒသမ ၉ သန်းခန့်ရှိမည်ဟု အဖြေထွက်ပါ၏။ မဟာပညာကျော်များတွက်သလို ၂၇ သန်းကူးစက်မည်ဆိုခြင်းမှာ မည်သည့်နည်းလမ်းဖြင့် မည်သည့် မြေပြင်အချက်အလက်များကို ရယူတွက်ချက်ခြင်းဖြစ်သည်ကို သိလိုလှပါဘိ၏။ ထိုထက် ပို၍သိလိုသည်မှာ ထိုသူတို့ ကိုးကားဖော်ပြခဲ့သည့် အမည်မသိ အလွန့်အလွန် ဂုဏ်သရေကြီးမြင့်သော (Very reputabe) ပြည်သူ့ကျန်းမာရေး ပါရဂူကြီး၏ အမည်နှင့်ဂုဏ်ထူးဝိသေသတို့ကို အထူးလေးစားဖွယ်ကောင်းလှသဖြင့် သိလိုလှခြင်းဖြစ်ပါ၏။

ဒုတိယအချက်။ ။ ကိုဗစ်အပြီးတွင် မြန်မာနိုင်ငံ၌ လူဦးရေ ၁၀ သန်းမှ ၁၅ သန်းအထိ သေဆုံးမည်ဟု ဆိုခြင်း။ လက်ရှိအနေအထားအရ လူဦးရေ ၆ သန်းမျှရှိသော ရန်ကုန်တွင် ရောဂါပေါင်းစုံဖြင့် နေ့စဉ်သဂြိုဟ်ရမှုပေါင်း ၈၀၀ ခန့်ရှိ၏။ (ထိုထက်ကျဆင်းရန်လည်း ရှိသည်။ ) ဤနှုန်းကိုပင် ကိန်းသေယူ၍ တွက်လျှင်ပင် တစ်နိုင်ငံလုံး နေ့စဉ်စုစုပေါင်း သေဆုံးမှု ၇၀၀၀ ကျော်ခန့်ရှိနိုင်၏။ ၁၅ သန်းပြည့်ရန်အတွက် အချိန် ၅ နှစ်ခွဲခန့် ကြာမြင့်ပေလိမ့်မည်။ ယခုအခါ အစိုးရက ၂၀၂၁ ခုနှစ်ကုန်တွင် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပြီး ဖြစ်ရန်ကြိုးပမ်းလျက်ရှိ၏။ ကျန်းမာရေးပညာရှင်တို့၏ အဆိုအရ လူဦးရေ၏ ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ ရောဂါပိုးနှင့်ထိတွေ့ပြီးဖြစ်လျှင် Herd Immunity ခေါ် ရောဂါခံနိုင်ရည်ရသည်ဟု သိရ၏။ သို့ဆိုလျှင် ကာကွယ်ဆေးထိုးပြီးသူ ၅၀ ရာခိုင်နှုန်း၊ ရောဂါပိုးနှင့်ထိတွေ့ပြီးသူ (လက္ခဏာဆောင်သူဖြစ်စေ၊ မဆောင်သူဖြစ်စေ) ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းရှိခဲ့လျှင် ရောဂါကိုခံနိုင်ဖွယ်ရှိသည်။ သို့တည်းမဟုတ် ကိုဗစ်-၁၉ ၏ ထူးခြားပြင်းထန်မှုကြောင့် ကာကွယ်ဆေးထိုးခြင်းဖြင့်သာ ရောဂါခံနိုင်မည်ဆိုလျှင်လည်း အလွန့်အလွန် ၂၀၂၂ ခုနှစ်အတွင်း၌ ယင်းပမာဏပြည့်မီနိုင်ဖွယ်ရှိသည်။ ထို့ကြောင့် ၁၀ သန်းမှ ၁၅ သန်းအထိ သေမည်ဆိုခြင်းမှာလည်း ခြောက်လုံးလှန့်လုံးသက်သက်မျှထက်မပိုဟု ဆိုချင်သည်။ အစိုးရနှင့်ပြည်သူတွေက ဘာမျှမလုပ်ဘဲ ကိုဗစ်နှိပ်စက်သမျှ လည်စင်းခံကာ နေကြလျှင်တော့ ဖြစ်ကောင်းဖြစ်ဖွယ်ရှိပါလိမ့်မည်။

**အစိုးရနှင့် ပြည်သူတို့၏ ကြိုးပမ်းဆောင်ရွက်ချက်များ**

အထက်ပါ မဟာပညာကျော်တို့၏ မှန်းဆချက်မှာ "မြန်မာနိုင်ငံ၏ ကျန်းမာရေးစနစ်သည် လုံးဝနီးပါး ပြိုလဲနေပြီ" ဟူသော အချက်ပေါ်တွင် အခြေခံထားပုံရ၏။ CDM ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းတို့၏ စောင်မမှုကြောင့် နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှု အတော်ပင် အထိနာသွားခဲ့ရသည်မှန်သော်လည်း သူတို့ပြောသလို လုံးဝဥဿုံပြိုလဲသွားမှုတော့မရှိခဲ့ပါ။ ယင်းမှာ အကြောင်းသုံးချက်ကြောင့် ဖြစ်၏။

ပထမအချက်မှာ- ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းအားလုံးတို့ CDM လုပ်သွားကြခြင်းမဟုတ်ဘဲ နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးကို ရှေးရှုလိုလားသည့် စိတ်ထားမွန်မြတ်သူများလည်း အတိုင်းအတာတစ်ခုအထိ ကျန်ခဲ့သဖြင့် ဆေးရုံ၊ ဆေးခန်းများကို တဖြည်းဖြည်း ပြန်လည်လည်ပတ်လာနိုင်ခြင်းဖြစ်၏။ ဒုတိယအချက်မှာ - အရပ်ဘက်ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ လစ်ဟာသွားသည့် ကွက်လပ်ကို အရေးပေါ်အစားထိုး ဖြည့်တင်းပေးနိုင်သည့် တပ်မတော်ဆေးတပ်ဖွဲ့များမှ ဆေးမှူးဆရာဝန်များနှင့် သူနာပြုအရာရှိ၊ အရာခံ၊ အကြပ်တပ်သားများ အင်အားခိုင်ခိုင်မာမာရှိနေခြင်းဖြစ်၏။

**❍ မိမိရရှိနိုင်သောအချက်အလက်သတင်းများသည် တစ်နိုင်ငံလုံးနှင့်ပတ်သက်သည့် ဌာနဆိုင်ရာများထံမှ ရယူခြင်းဖြစ်၍ ယေဘုယျအခြေအနေကို ခြုံငုံသိမြင်နိုင်ကောင်းသည်ဟု ယူဆပါသည်။ သို့သော် မြေပြင်တွင်ဖြစ်ပေါ်နေသော အချို့အခြေအနေများနှင့်မူ တူကောင်းမှ တူပါလိမ့်မည်။ တောအုပ်တစ်ခုလုံးကို ခြုံ၍ပြောရာတွင် သစ်ပင်တစ်ပင်ချင်း အနေအထားနှင့် ကွဲပြားသည်များလည်း ရှိနိုင်ပါ၏။ Macro နှင့် Micro သဘောကို ခွဲခြားနားလည်နိုင်ဖို့တော့ လိုပါလိမ့်မည်။ မည်သို့ပင်ဖြစ်စေ တောအုပ်တစ်ခုလုံးကောင်းသလို သစ်ပင်တိုင်းလည်းကောင်းဖို့ကိုလည်း အစွမ်းကုန်လုပ်ဆောင်ကြရမည်**

စာမျက်နှာ ၇ သို့

# မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းစည်းဝေး



နေပြည်တော် ဩဂုတ် ၃

တိုင်းဒေသကြီး၊ ပြည်နယ်ဒေသအသီးသီး၏ မတူညီသော ရေမြေရာသီဥတုအခြေအနေများကို အကျိုးရှိထိရောက်စွာ အသုံးပြု၍ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ အမယ်စုံလင်စွာ တိုးတက် ထုတ်လုပ်ပေးနိုင်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံရေးသာမက အာဟာရဓာတ်ပြည့်ဝရေးကို အထူးအာရုံစိုက်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ယနေ့ နံနက်ပိုင်းက ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။

အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာဌာနများမှတစ်ဆင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။ အစည်းအဝေးတွင် ဗဟိုကော်မတီအတွင်းရေးမှူး ဦးသက်နိုင်ဦးက အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည့် လုပ်ငန်းစာတွဲများကို တင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက လုပ်ငန်း အကြောင်းအရာ တစ်ခုချင်းအလိုက် ဆွေးနွေးဆောင်ရွက်ကြသည်။

မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများကို အသုံးပြု၍ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ရာသီအချိန်အမီ လုပ်ကိုင်ဆောင်ရွက်နိုင်ကြစေရန်၊ အများပြည်သူကိုအကျိုးပြုစေမည့် ဒေသဖွံ့ဖြိုးရေး၊ သာသနာရေး၊ လူမှုရေးလုပ်ငန်းများ ကြန့်ကြာမှုမရှိစေဘဲ ဆောင်ရွက်နိုင်ကြစေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် ဒုတိယအကြိမ် ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ အစည်းအဝေးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နည်းလမ်းအရ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး အစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထား လာမှုများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများက သဘောထားမှတ်ချက်ဖြင့် ပြန်ကြားလာသည့် ဌာနဆိုင်ရာလုပ်ငန်းစာတွဲများ၊ မွေးမြူရေးဆိုင်ရာ၊ သာသနာရေးဆိုင်ရာနှင့် ကျေးရွာ၊ မြို့ပြမြေဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီများ၏ တင်ပြလာသည့် လုပ်ငန်းကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း၊ မြေခွန် ကင်းလွတ်ခွင့်ကာလနှင့် မြေခွန်နှုန်းထားတို့အတွက် သဘောထားပြန်ကြားလာမှု ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသူများ၏ မြေခွန်ပေးသွင်းထားရှိမှုနှင့် မြေခွန်ပေးသွင်းရန် ကျန်ရှိမှုအခြေအနေများကိုလည်းကောင်း ဆွေးနွေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ဖေဖော်ဝါရီလမှ လက်ရှိအချိန်အထိ ကိုဗစ်အပါအဝင် အရပ်သားလူနာပေါင်း နှစ်သိန်းခုနစ်သောင်းကျော်ကို နေ့မနားညမအားပြုစုကုသစောင့်ရှောက်ပေးခဲ့သည့် ဆေးတပ်ဖွဲ့ဝင်များ၏ လုပ်အားကုသိုလ်ပမာဏကား ကြီးမားလှဘိသည်။

တတိယအချက်မှာ- နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထု၏ တက်ကြွစွာ လက်တွဲပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ်၏။ နိုင်ငံတော်အစိုးရက ရသမျှ ဘဏ္ဍာအရင်းအမြစ်များကို စုစည်းကာ ကိုဗစ်-၁၉ ကာကွယ်ဆေးများကို မိတ်ဆွေနိုင်ငံများနှင့် ချိတ်ဆက်၍ အမြန်ရအောင် ဝယ်ယူခဲ့သည်။ ကာကွယ်ဆေးသန်းနှင့်ချီ၍ မေတ္တာဖြင့် အခမဲ့ကူညီမှုရရှိခဲ့သည်။ ရောဂါပိုး ရှိ/မရှိ အခမဲ့စစ်ဆေးပေးခြင်း၊ ပိုးတွေ့စင်တာ၊ကုသရေးစင်တာ၊ဆေးရုံများပြင်ဆင်ဆောက်လုပ်ခြင်း၊ လိုအပ်သော အောက်ဆီဂျင်နှင့် ဆေးပစ္စည်းများ ရရှိရေး အစွမ်းကုန်ကြိုးစားဆောင်ရွက်ပေးခဲ့သည်။ အစိုးရရုံးပိတ်ရက်ရှည်များသတ်မှတ်၍ ရောဂါပိုးအဆက်ဖြတ်မှုကို အားကောင်းစေရန် စီစဉ်ခဲ့သည်။ ရရှိလာသော ကာကွယ်ဆေးများကို အချိန်မဆိုင်းဘဲ အမြန်ထိုးနှံနိုင်ရေးဆောင်ရွက်ခဲ့သည်။

တပ်မတော်ကလည်း ကာကွယ်ဆေးထိုးခြင်း၊ ကုသခြင်း၊ ဆေးနှင့် ပစ္စည်းများ ပို့ဆောင်ပေးခြင်း စသည်တို့ကို အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်ပေးခဲ့သည်။ စေတနာရှင်ပြည်သူလူထုကလည်း လူနာသယ်ယူရေး၊ပိုးတွေ့စင်တာများ၌လူနာစောင့်ရှောက်ရေး၊ အောက်ဆီဂျင်ရရှိရေးမှစ၍ နောက်ဆုံးကွယ်လွန်သူများကို သင်္ဂြိုဟ်သည်အထိ တက်ကြွစွာ ပါဝင်ကူညီခဲ့ကြသည်။ စိန်ခေါ်မှုအမျိုးမျိုး၊ အခက်အခဲအမျိုးမျိုးတို့ကြောင့် ရုတ်တရက်တတိယလှိုင်း အကြွတွင် အဆင်မပြေမှုများ ကြုံခဲ့ရသော်လည်း လုပ်ငန်းလည်ပတ်မှု အရှိန်ရလာသည်နှင့်အမျှ အခြေအနေကို ထိန်းချုပ်လာနိုင်ခဲ့သည်မှာ ထင်ရှားသိသာလာသည်။ ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံမျှ ကိုဗစ်ကပ်ရောဂါကို ထိန်းချုပ်ရာတွင် ခြောက်ပြစ်ကင်း သဲလဲစင်အောင်မြင်သည်ဟူ၍ မရှိ။ နိုင်ငံအားလုံးတို့မှာ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ရုန်းကန်နေကြရဆဲဖြစ်သည်။ လက်ရှိအခြေအနေတွင် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့၏ ကြိုးပမ်းဆောင်ရွက်နေမှုများကို ကဏ္ဍအလိုက်အကျဉ်းမျှ တင်ပြလိုပါသည်။

**ကာကွယ်ဆေးအခြေအနေ။** ပထမအကျော့ အိန္ဒိယမှကာကွယ်ဆေးဖြင့် ဆေးထိုးရန်လိုအပ်မည့် (targeted) လူဦးရေ၏ ၆ ရာခိုင်နှုန်းကျော် ထိုးနှံခဲ့ပြီးဖြစ်သည်။ ယခု တရုတ်နိုင်ငံမှ ကာကွယ်ဆေး သုံးသန်းရောက်ရှိခဲ့ပြီး နောက်ထပ် တစ်သန်း မကြာမီတင်ပို့ရန် ပြင်ဆင်နေသည်။ ရုရှားကာကွယ်ဆေး နှစ်သန်းဝယ်ယူရေး စာချုပ်ချုပ်ရန် ပြင်ဆင်နေသည်။ ဆက်လက်၍ ကာကွယ်ဆေးထုတ်သည့် နိုင်ငံတကာကုမ္ပဏီများနှင့် ဆက်သွယ် ဝယ်ယူရန် စီစဉ်လျက်ရှိသည်။ ယခုအခါ တစ်ရက်လျှင် ကာကွယ်ဆေးလူတစ်သိန်းခွဲခန့် ထိုးနှံပေးလျက်ရှိပြီး ၁-၈-၂၀၂၁ ရက်နေ့အထိ လူလေးသိန်းခွဲ ထိုးနှံပြီးဖြစ်သည်။

**ကုသရေးအခြေအနေ။** ပိုးတွေ့စင်တာ၊ ကုသရေးစင်တာ ဆေးရုံများတွင် စုစုပေါင်း လူနာတစ်သိန်းကျော်အတွက် ပြင်ဆင်ထားပြီး ၁-၈-၂၀၂၁ စာရင်းအရ လူနာ ၅၅၀၀၀ ကျော် ဆေးရုံတက် ကုသမှုခံယူလျက်ရှိသည်။

**အောက်ဆီဂျင်အခြေအနေ။** ဩဂုတ်လအတွက် နေ့စဉ် အောက်ဆီဂျင်လိုအပ်ချက် လီတာ ၄၀ အိုး ၂၀၀၀၀ ခန့်ရှိရာတွင် ပြည်တွင်းမှ နိုင်ငံပိုင်၊ တပ်ပိုင်၊ ဆေးရုံ၊ စက်ရုံများမှ ထုတ်လုပ်နိုင်မှုမှာ ၁၂၀၀၀

> **✻ နိုင်ငံတော်အစိုးရနှင့် တပ်မတော်နှင့် ပြည်သူလူထုတို့က ကိုဗစ်အန္တရာယ်ကို စုပေါင်းညီညာ တွန်းလှန်ကာကွယ်နေကြချိန်တွင် နိုင်ငံကို ကျရှုံးပျက်စီးအောင် ဘက်ပေါင်းစုံမှ ကြံစည်နှောင့်ယှက်ဖျက်ဆီးလိုသူများကရှိနေ၏။**
>
> **မပြောလိုသော်လည်း ပြောရပါမည်။ မြန်မာနိုင်ငံသည် ကိုဗစ်ကြောင့် ပြိုလဲလုနီးပါးဖြစ်နေ၍ နိုင်ငံတကာမှ အမြန်ဝင်ရောက်ရန် လိုနေပါပြီဟု ဟစ်ကြွေးနေကြသော အနောက်နိုင်ငံကြီးများက ယနေ့အချိန်အထိ ကာကွယ်ဆေးတစ်လုံးတလေမျှပင် ထောက်ပံ့ကူညီလာခဲ့ခြင်းမရှိသေးပါ။ ထိုမျှမက ကိုဗစ်ဒဏ်ကြောင့် ထိခိုက်သွားသည့် စီးပွားရေးကို ကုစားရန် IMF က ထုတ်ချေးခဲ့သည့် ဒေါ်လာသန်း ၃၅၀ မှာလည်း အန်ကယ်ဆမ်က အတင်းအကျပ်သိမ်းဆည်းခံထားရသည့် ဒေါ်လာ တစ်ဘီလီယံထဲတွင် ပါဝင်နေပါ၏။ ADB နှင့် ကမ္ဘာ့ဘဏ်တို့က ပြည်သူလူထု၏ ကျန်းမာရေး၊ လယ်ယာစိုက်ပျိုးရေးစသည့် ကဏ္ဍများအတွက် ချေးပေးရန် ယခင်ကပင် အတည်ပြုပြီးသော ဒေါ်လာသန်း ၃၀၀ နီးပါးမှာလည်း ပိတ်ဆို့မှုခေါင်းစဉ်အောက်တွင် ရပ်တံ့သွားကုန်ကြပြန်ပါသည်**

ခန့်သာရှိသဖြင့် ပြင်ပမှ အိုးပေါင်း၈၀၀၀ ခန့် နေ့စဉ်တင်သွင်းရန်လိုသည်။ လက်ရှိတင်သွင်းမှု အောက်ဆီဂျင်အရည် တန် ၅၀ ခန့် မြဝတီဘက်မှ ကားများဖြင့် ဝင်ရောက်လျက်ရှိပြီး လီတာ ၄၀ အိုး ၇၀၀၀ ကျော်နှင့်ညီမျှသည်။ မန္တလေးသို့ မူဆယ်ဘက်မှ နေ့စဉ် အောက်ဆီဂျင်အရည် တန် ၂၀ ခန့် ဝင်ရောက်နေပြီး လီတာ ၄၀ အိုး ၃၀၀၀ ကျော်နှင့်ညီမျှသည်။ တရုတ်နိုင်ငံ ယူနန်ပြည်နယ်က တန်ချိန် ၅၀၀ လှူဒါန်းသွားရန်ရှိပြီး ရန်ကုန်သို့ တန် ၃၀၀၊ မန္တလေးသို့ တန် ၂၀၀ ခွဲဝေပေးပို့သွားမည်ဖြစ်သည်။ ပြည်တွင်း၌လည်း အောက်ဆီဂျင်စက်ရုံပေါင်း ၁၁၃ ရုံဆောက်လုပ်လျက်ရှိပြီး စက်တင်ဘာ၊ အောက်တိုဘာလများတွင် စတင်လည်ပတ်နိုင် မည်ဖြစ်ကာ စုစုပေါင်း လီတာ ၄၀ အိုး ၂၀၀၀၀ ခန့် ထွက်ရှိမည်ဖြစ်၍ အောက်ဆီဂျင်အတွက် များမကြာမီ စိတ်အေးရဖွယ်ရှိသည်။

**ဆေးနှင့်ဆေးပစ္စည်းအခြေအနေ။** ကိုဗစ်ဆေးနှင့် ဆေးပစ္စည်းဝယ်ယူတင်သွင်းမှုအတွက် နိုင်ငံတော်မှ ကုန်သွယ်လုပ်ငန်းခွန်ကို ကင်းလွတ်ခွင့်ပေးခဲ့ပြီး အကောက်ခွန်ကို မူလ ၁၅ ရာခိုင်နှုန်းမှ ၁ ဒသမ ၅ ရာခိုင်နှုန်းသို့ လျှော့ချထားပေးခဲ့သည်။ နိုင်ငံပိုင်၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဆေးဝါးစက်ရုံများမှလည်း အခြေခံကုသဆေးများဖြစ်သည့် ပါရာစီတမော၊ စီဗစ်နှင့် ပဋိဇီဝဆေးများကို တိုးတက်ထုတ်လုပ်လျက်ရှိသည်။ AA ဆေးဝါးထုတ်လုပ်ရေးအုပ်စုမှ ပစိဖိတ်အနောက်တိုင်းဆေးဝါးစက်ရုံက ဗိုင်းရပ်စ်နှိမ်နင်းနိုင်သည့် Favipiravir (FAVIPAC) ဆေးကို ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ထုတ်လုပ်ရောင်းချလျက်ရှိပြီဖြစ်သည်။

**အနှောင့်အယှက်နှင့် အဖျက်အမှောင့်များ**

နိုင်ငံတော်အစိုးရနှင့် တပ်မတော်နှင့် ပြည်သူလူထုတို့က ကိုဗစ်အန္တရာယ်ကို စုပေါင်းညီညာ တွန်းလှန် ကာကွယ်နေကြချိန်တွင် နိုင်ငံကို ကျရှုံးပျက်စီးအောင် ဘက်ပေါင်းစုံမှ ကြံစည်နှောင့်ယှက်ဖျက်ဆီးလိုသူများက ရှိနေ၏။

မပြောလိုသော်လည်း ပြောရပါမည်။ မြန်မာနိုင်ငံသည် ကိုဗစ်ကြောင့် ပြိုလဲလုနီးပါးဖြစ်နေ၍ နိုင်ငံတကာမှ အမြန်ဝင်ရောက်ရန် လိုနေပါပြီဟု ဟစ်ကြွေးနေကြသော အနောက်နိုင်ငံကြီးများက ယနေ့အချိန်အထိ ကာကွယ်ဆေးတစ်လုံးတလေမျှပင် ထောက်ပံ့ကူညီလာခဲ့ခြင်းမရှိသေးပါ။ ထိုမျှမက ကိုဗစ်ဒဏ်ကြောင့် ထိခိုက်သွားသည့် စီးပွားရေးကို ကုစားရန် IMF က ထုတ်ချေးခဲ့သည့် ဒေါ်လာသန်း ၃၅၀ မှာလည်း အန်ကယ်ဆမ်က အတင်းအကျပ်သိမ်းဆည်းခံထားရသည့် ဒေါ်လာ တစ်ဘီလီယံထဲတွင် ပါဝင်နေပါ၏။ ADB နှင့် ကမ္ဘာ့ဘဏ်တို့က ပြည်သူလူထု၏ ကျန်းမာရေး၊ လယ်ယာစိုက်ပျိုးရေးစသည့် ကဏ္ဍများအတွက် ချေးပေးရန် ယခင်ကပင် အတည်ပြုပြီးသော ဒေါ်လာသန်း ၃၀၀ နီးပါးမှာလည်း ပိတ်ဆို့မှုခေါင်းစဉ်အောက်တွင် ရပ်တန့်သွားကုန်ကြပြန်ပါသည်။

တစ်ဖက်တွင်မူ အမွေးခံပြည်တွင်းမီဒီယာများနှင့် နိုင်ငံတကာဘက်လိုက် မီဒီယာများက သတင်းမှားများ၊ လုပ်ကြံသတင်းများဖြင့် မြန်မာနိုင်ငံ၏ ကိုဗစ်ရောဂါအခြေအနေကို အထက်၌ တင်ပြခဲ့သည့်အတိုင်း အဆိုးမြင်ပုံကြီးချဲ့ဖော်ပြနေကြသကဲ့သို့ ပြည်တွင်း၌လည်း ကာကွယ်ဆေးမထိုးချင် မထိုးရဲအောင်၊ ကောလာဟလသတင်းများ၊ ခြိမ်းခြောက်၊ တိုက်ခိုက်၊ အကြမ်းဖက်သတ်ဖြတ်မှုများဖြင့် ပြုလုပ်နှောင့်ယှက်လာခဲ့ကြသည်။

တောမီးလောင်လျှင် တောကြောင်လက်ခမောင်းခတ်လိုကြသော ဝိသမလောဘသားများကလည်း မြန်မာပြည်သူတို့၏ ယုံလွယ်မှု၊ အကြောက်လွန်တတ်မှုကို အလွဲသုံးစားပြုကာ ကြက်ဥမှအစ သွေးမခဲဆေး အဆုံး၊ မတန်တဆစျေးတင်၍ အမြတ်ကြီးစားခဲ့ကြသလို အောက်ဆီဂျင်နှင့်ပတ်သက်၍ တန်းစီတိုးစားမှု၊ မသမာမှုများကြောင့် အသက်များစွာ မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့ကြရသည်လည်း ရှိခဲ့သည်။

**ကြိုးပမ်းညီညာ ပြည်ကျန်းမာ**

မြန်မာနိုင်ငံသည် ချမ်းသာကြွယ်ဝခြင်းမရှိသေးသည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်၏။ ပြည်သူတို့၏ ကျန်းမာရေးအခြေခံမှာလည်း နိမ့်ကျဆဲဖြစ်ပြီး လူတစ်ဦးချင်း ပျမ်းမျှမျှော်မှန်းနိုင်သည့် သက်တမ်းမှာလည်း အရှေ့တောင်အာရှ၌ပင် အနိမ့်ဆုံးဖြစ်နေပါသေးသည်။ ဤအခြေအနေတွင် ဖွံ့ဖြိုးပြီးနိုင်ငံကြီးများပင် နိုင်နင်းအောင် ကိုင်တွယ်ထိန်းချုပ်နိုင်ခြင်းမရှိသေးသည့် ကပ်ရောဂါဆိုးကြီးကို ရင်ဆိုင်နေရသောအခါ တစ်ဖက်တွင်လည်း ရေနစ်သူကို ဝါးကူထိုးလိုသည့် အလုံးစုံပျက်သုဉ်းရေးဝါဒီအဖျက်သမားများနှင့် တွေ့ကြုံနေရသောအခါ မိမိတို့တစ်နိုင်ငံလုံး လူမျိုးမရွေး၊ ဘာသာမရွေး၊ နိုင်ငံရေး အရောင်အသွေးမရွေး အားလုံးစုပေါင်းညီညာကြိုးပမ်းအားထုတ်ကြပါမှ ဤရောဂါကပ်ဆိုးကြီးကို အောင်မြင်စွာ အထိအခိုက်အဆုံးအရှုံးနည်းနိုင်သမျှ နည်းစွာ ကျော်လွှားနိုင်ကြမည်ဖြစ်ပါသည်။ ရောဂါကပ်ဆိုးကြီး ပြီးဆုံးသွားသည့်တိုင်အောင် ကပ်ရောဂါကြောင့် လူမှုစီးပွားရေး ထိခိုက်သက်ရောက်မှုများက နောက်ထပ်ကြီးမားသော စိန်ခေါ်မှုကြီးများအဖြစ် စောင့်ဆိုင်းနေကြသည်ကို အသိဉာဏ်ပညာဖြင့် သတိမူ၍ တစ်မျိုးသားလုံး စုစည်းကြိုးပမ်းကြရမည့် အချိန်အခါဖြစ်ပါကြောင်း မီးမောင်းထိုးကာ တင်ပြအပ်ပါသတည်း။ ။

# မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အဆိုပြုချက်(မူကြမ်း)နှင့် စပ်လျဉ်းသည့် ဌာနတွင်း ဆွေးနွေးမှု ပြုလုပ်

နေပြည်တော် ဩဂုတ် ၃

မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများဆောင်ရွက်ပေးရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံးက ပေးပို့လာသော အဆိုပြုချက်(မူကြမ်း)နှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနအတွင်း ဆွေးနွေးညှိနှိုင်းခြင်းကို ယနေ့ နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ Online စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အာဆီယံခေါင်းဆောင်များ ဆွေးနွေး သဘောတူညီခဲ့ကြသည့် အချက်(၅)ချက်အနက် နံပါတ်(၄)အချက်ဖြစ်သည့် မြန်မာနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ASEAN Humanitarian Assistance and Coordination Center for Disaster Management–AHA Center က တစ်ဆင့် ပေးအပ်ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးမှာ အရေးကြီးပါကြောင်း၊ ယခုအာဆီယံအတွင်းရေးမှူးချုပ်ရုံးက ပေးပို့လာသည့် အဆိုပြုချက်မူကြမ်းတွင် ပါဝင်သည့် ကိုဗစ်– ၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကာကွယ်ဆေး၊ အခြားဆေးပစ္စည်းများနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ မြန်မာနိုင်ငံသို့ ပံ့ပိုးပေးအပ်မည့် အစီအစဉ်သည် မိမိတို့နိုင်ငံအတွက် အကျိုးရှိမည့် အဆိုပြုချက် တစ်ခုဖြစ်ပါကြောင်း၊ သို့သော် လုပ်ငန်းများ မြန်ဆန်စွာနှင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်မှာ သက်ဆိုင်ရာဝန်ကြီးဌာန/ ဦးစီးဌာနများ ပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများကို ဆောင်ရွက်ရသည့်အချိန်တွင် ပိုမိုထိရောက်မှုရှိစေရေးအတွက် နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ လူသားချင်းစာနာထောက်ထားမှု ပစ္စည်းများ ထောက်ပံ့ရေးနှင့် စပ်လျဉ်း၍လည်း တိုင်းဒေသကြီး/ ပြည်နယ်အလိုက်ဖြစ်ပွားသော သဘာဝဘေးဖြစ်စဉ်များတွင် ဘေးသတင်းများ အချိန်မီရရှိရေးသည် အရေးကြီးပါကြောင်း၊ သို့မှသာ ဘေးသင့်ပြည်သူများသို့ လူသားချင်းစာနာထောက်ပံ့မှု ပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးပေးအပ်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က ဆွေးနွေးပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က အာဆီယံအတွင်းရေးမှူးချုပ်ရုံးက လျာထားရေးဆွဲထားသည့် လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ် (မူကြမ်း)ကို Power pointဖြင့် ရှင်းလင်းတင်ပြရာ အမြဲတမ်းအတွင်းဝန်က တင်ပြချက်နှင့်စပ်လျဉ်း၍ လိုအပ်သည်များ ထပ်မံဖြည့်စွက် ဆွေးနွေးသည်။


ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက လိုအပ်သည့် လမ်းညွှန်ချက်ချမှတ်ပေးပြီး ပိုမိုကောင်းမွန်ထိရောက်မည့် ပူးပေါင်းဆောင်ရွက်မှုများဖြစ်ပေါ်နိုင်သည့်လုပ်ငန်းစဉ်များ၊ ထပ်မံညှိနှိုင်းပြင်ဆင်သင့်သည့်အချက်များ၊ မူဝါဒလမ်းညွှန်ချက်များရယူနိုင်ရေးအတွက် တာဝန်ရှိဌာနအဆင့်ဆင့်သို့ ဆက်လက်တင်ပြသင့်သည့် အချက်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံခြားငွေလဲလှယ်နှုန်းသတ်မှတ်ခြင်းနှင့်ပတ်သက်၍ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (A.D) လိုင်စင်ရဘဏ်များနှင့် အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၃

နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်ရေးအတွက် နိုင်ငံခြားငွေလဲလှယ်နှုန်း သတ်မှတ်ခြင်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။



အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း (A.D) လိုင်စင်ရဘဏ်များမှ အကြီးတန်းအရာရှိများနှင့် ပြည်တွင်းဘဏ် ၂၄ ဘဏ်နှင့် နိုင်ငံခြားဘဏ် ၂၀၊ စုစုပေါင်း ၄၄ ဘဏ် တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံခြားငွေဈေးနှုန်း မြင့်မားလာမှုအား ဘဏ်များက ဝိုင်းဝန်းထိန်းသိမ်းရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ သို့သော် ဈေးနှုန်းများ မြင့်မားလာဆဲဖြစ်သည်ကို တွေ့ရကြောင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်မားမှုသည် နိုင်ငံတော်၏ နိုင်ငံရေးတည်ငြိမ်မှု၊ စီးပွားရေးတည်ငြိမ်မှုကို ထိခိုက်စေနိုင်သည့်အတွက် လွန်စွာ အရေးကြီးပါကြောင်း၊ ကိုဗစ်– ၁၉ ဖြစ်ပွားမှုအချိန်တွင် အခြားကုန်စည်ဈေးနှုန်း မြင့်မားမှု မဖြစ်ပေါ်စေရေးနှင့် ဖြစ်သင့်သောဈေးနှုန်း တစ်ခုတွင် နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်မှုရှိစေရေး ဘဏ်များက နိုင်ငံခြားငွေ ရောင်းဝယ်မှုကို ကန့်သတ်ချက်အတွင်းသာ ရောင်းဝယ်ရန်နှင့် မဖြစ်မနေ ဝယ်ယူရမည့် ကျန်းမာရေးနှင့်ဆိုင်သည့် ကိစ္စရပ်များအတွက် နိုင်ငံခြားငွေအသုံးပြုရန် လိုအပ်လာပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့တင်ပြရန်နှင့် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ နိုင်ငံခြားငွေလိုအပ်ချက်အား အထိုက်အလျောက် ဖြည့်တင်းပေးနိုင်ရန် Special Auction ခေါ်ယူ၍ A.D ဘဏ်များသို့ နိုင်ငံခြားငွေများ ရောင်းချပေးခဲ့ပြီး ရောင်းချပေးခဲ့သော နိုင်ငံခြားငွေလဲလှယ်နှုန်းအား ရည်ညွှန်းငွေလဲလှယ်နှုန်းအဖြစ် သတ်မှတ်ကြေညာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ယခင်ကျင့်သုံးလျက်ရှိသော ဈေးကွက်အခြေခံသည့် ရည်ညွှန်းငွေလဲလှယ်နှုန်း သတ်မှတ်ခြင်း အစား Auction ခေါ်ယူ၍ ရောင်းချသောဈေးနှုန်းကိုသာ ရည်ညွှန်းငွေလဲလှယ်နှုန်းအဖြစ် ကြေညာမည်ဖြစ်ပါကြောင်း။

ယခင်က နိုင်ငံခြားငွေ ဝယ်ယူ၊ ရောင်းချ၊ လဲလှယ်ခြင်းများ ဆောင်ရွက်ရာတွင် ရောင်းဈေးနှုန်းနှင့် ဝယ်ဈေးနှုန်းအကြား ကွာဟချက် (Spread) အား ၁ ရာခိုင်နှုန်းထက် မပိုစေဘဲ သတ်မှတ် ဆောင်ရွက်ခြင်းအစား ရည်ညွှန်းငွေလဲလှယ်နှုန်းအား Mid rate အဖြစ် သတ်မှတ်၍ ± ၀ ဒသမ ၈ ရာခိုင်နှုန်း ဘောင်အတွင်းသာ ရောင်းဝယ်မှုပြုရန် ညွှန်ကြားချက် ပြင်ဆင်ထုတ်ပြန်မည်ဖြစ်ကြောင်း၊ ဘဏ်များက စည်းကမ်းတကျနှင့် ညီညွတ်စွာ သတ်မှတ်ဘောင်အတွင်း ဆောင်ရွက်မည်ဆိုပါက နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်မားခြင်းကို ထိန်းသိမ်းနိုင်မည် ဖြစ်ကြောင်း၊ ကိုဗစ်–၁၉ ရောဂါများ ဖြစ်ပွားနေချိန်တွင် ဒေါ်လာဈေးနှုန်း မြင့်မားမှုကြောင့် အခြားကုန်စည်ဈေးနှုန်းများ မြင့်မားလာပါက ပြည်သူလူထုအတွက် များစွာထိခိုက်နစ်နာမည် ဖြစ်သည့်အတွက် တာဝန်တစ်ရပ်အနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ထုတ်ပြန်မည့် ညွှန်ကြားချက်အပေါ် အကြံပြုဆွေးနွေးကြရန် ဆွေးနွေးဖိတ်ခေါ်ခဲ့ရာ ဘဏ်အသီးသီးက မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ သတ်မှတ်မည့်ညွှန်ကြားချက်အား လိုက်နာမည် ဖြစ်ကြောင်းနှင့် ဝိုင်းဝန်း ဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေး ညှိနှိုင်းခဲ့ကြသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုပစ္စည်းများနှင့် အောက်ဆီဂျင်အိုးများ ပေးအပ်လှူဒါန်းလျက်ရှိ

နေပြည်တော် ဩဂုတ် ၃

လက်ရှိအချိန်တွင် ကိုဗစ်– ၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှု မြင့်တက်လျက်ရှိပြီး ခတ်ခွဲအတည်ပြုပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများတွင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တပ်မတော်သား ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ယင်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများ၊ အောက်ဆီဂျင်အိုးများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို တပ်မတော်က သွားရောက်ထောက်ပံ့လှူဒါန်းပေးလျက်ရှိသည်။

ထိုသို့ ပေးအပ်လှူဒါန်းလျက်ရှိရာ ဇူလိုင် ၁ ရက်မှ ယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများ၊ ဘာသာရေးကျောင်းများ၊ ဒေသခံပြည်သူလူထုများသို့ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အောက်ဆီဂျင်အိုး ၇၅၃၁ လုံး၊ Oxygen Regulator ၁၁ လုံး၊ Oxygen Concentrator စက် ခုနစ်လုံး၊ Oxygen Flow meter အစုံ ၄၀ ၊ Mask ၃၇၄၀၃၂ ခု၊ Personal Protective Equipment(PPE)ဝတ်စုံ ၂၁၂၀ ၊ Hand Gel ၈၅၇ ဘူး၊ Face Shield ၂၅၀၊ လက်ဆေးဆပ်ပြာရည် လေးပုံး၊ လက်အိတ် Surgical Gloves ၂၀၅၄ စုံ၊ ခေါင်းစွပ် ၂၉၀၀ ၊ ဆေးပစ္စည်းများ၊ စက်သုံးဆီများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများ၊ အလှူငွေများကို သွားရောက်ပေးအပ် လှူဒါန်းနိုင်ခဲ့ကြောင်းနှင့် ဆက်လက်ပေးအပ် လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ ရှေ့ဖုံးမှ

ယုံကြည်စိတ်ချစွာဖြင့် ဆက်သွယ်နိုင်ပါသည်။

ထိုကဲ့သို့ဆက်သွယ်ပါက မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို လမ်းညွှန်ပေးမည်ဖြစ်ပြီး သက်ဆိုင်ရာမှ အမှုပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ အပိုဒ် ၃ တွင် ဖော်ပြထားသည့် ပြစ်မှုမျိုးများမှအပ မိမိသဘောဆန္ဒအလျောက် ပြန်လာလိုသူများသည် ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဖြစ်စေ၊ နီးစပ်ရာ ရဲစခန်း၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေး ကောင်စီများသို့ဖြစ်စေ ယုံကြည်စိတ်ချစွာဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## တိုင်းဒေသကြီး/ ပြည်နယ်များသို့ ဆက်သွယ်တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များ၊ Viber ဖုန်းများနှင့် e-mail လိပ်စာများ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ | မှတ်ချက် |
|---|---|---|---|---|
| ၁ | နေပြည်တော် ကောင်စီနယ်မြေ | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅<br>၀၉-၄၂၅၂၈၃၃၃၄<br>(Viber-ဥတ္တရသီရိခရိုင်)<br>၀၉-၄၅၀၈၄၀၈၈၈<br>(Viber-ဒက္ခိဏသီရိခရိုင်) | mpf-naypyitaw@e-moha.gov.mm | |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂<br>၀၉-၇၉၄၆၁၁၃၅၁<br>(Viber-မြစ်ကြီးနားခရိုင်)<br>၀၉-၄၃၀၄၂၀၇၁<br>(Viber-ဗန်းမော်ခရိုင်)<br>၀၉-၄၀၃၇၃၉၁၆၃<br>(Viber-မိုးညှင်းခရိုင်)<br>၀၉-၂၅၀၃၄၄၂၁၉<br>(Viber-ပူတာအိုခရိုင်) | mpf-kachin@e-moha.gov.mm | |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၄၃၁၅<br>၀၈၃-၂၂၄၃၁၆<br>၀၉-၇၇၇၇၄၁၉၈၀<br>(Viber-လွိုင်ကော်ခရိုင်)<br>၀၉-၅၁၉၄၅၂၁<br>(Viber- ဘောလခဲခရိုင်) | mpf-kayar@e-moha.gov.mm | |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉<br>၀၉-၄၅၇၇၇၇၀၇၄<br>(Viber-ဘားအံခရိုင်)<br>၀၉-၄၄၆၇၃၅၂၀၉<br>(Viber-ကော့ကရိတ်ခရိုင်)<br>၀၉-၅၁၃၂၅၁၁<br>(Viber-မြဝတီခရိုင်)<br>၀၉-၄၀၀၄၅၅၁၅၆<br>(Viber-ဖာပွန်ခရိုင်) | mpf-kayin@e-moha.gov.mm | |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃<br>၀၉-၅၃၁၁၆၉၃<br>(Viber-မင်းတပ်ခရိုင်)<br>၀၉-၇၉၆၄၃၆၁၃၃<br>(Viber-မတူပီခရိုင်)<br>၀၉-၂၃၀၀၈၁၇<br>(Viber-ဖလမ်းခရိုင်)<br>၀၉-၅၂၆၂၃၇၃<br>(Viber-ဟားခါးခရိုင်) | mpf-chin@e-moha.gov.mm | |
| ၆ | စစ်ကိုင်းတိုင်း ဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄<br>၀၉-၄၂၀၇၃၆၈၂၇<br>(Viber-စစ်ကိုင်းခရိုင်)<br>၀၉-၂၅၈၄၆၆၆၆၈<br>(Viber-ရွှေဘိုခရိုင်)<br>၀၉-၆၇၅၆၈၅၁၅၆<br>(Viber-ကန့်ဘလူခရိုင်)<br>၀၉-၄၀၁၅၅၇၆၅၆<br>(Viber-မုံရွာခရိုင်)<br>၀၉-၉၅၁၄၉၅၄၀၉<br>(Viber-ယင်းမာပင်ခရိုင်)<br>၀၉-၈၉၄၄၃၇၂၂၄<br>(Viber-ကသာခရိုင်)<br>၀၉-၄၀၂၅၀၈၄၆၈<br>(Viber-ကလေးခရိုင်)<br>၀၉-၈၈၀၀၈၇၃၄၀<br>(Viber-ခန္တီးခရိုင်)<br>၀၉-၅၁၉၀၄၈၁<br>(Viber-မော်လိုက်ခရိုင်)<br>၀၉-၂၅၆၅၉၆၈၈၉<br>(Viber-တမူးခရိုင်) | mpf-sagaing@e-moha.gov.mm | |
| ၇ | တနင်္သာရီတိုင်း ဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀<br>၀၉-၂၅၁၁၃၈၅၇၇<br>(Viber-ထားဝယ်ခရိုင်)<br>၀၉-၂၅၆၄၄၅၄၂၄<br>(Viber-မြိတ်ခရိုင်)<br>၀၉-၈၉၅၉၁၂၁၆၉<br>(Viber-ကော့သောင်းခရိုင်) | mpf-tanintharyi@e-moha.gov.mm | |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁<br>၀၉-၄၀၀၅၄၀၁၄၀<br>(Viber-ပဲခူးခရိုင်)<br>၀၉-၂၅၀၁၃၂၆၅၆<br>(Viber-တောင်ငူခရိုင်)<br>၀၉-၄၄၃၁၃၅၅၂၀<br>(Viber-ပြည်ခရိုင်)<br>၀၉-၄၂၁၇၂၃၅၄၇<br>(Viber-သာယာဝတီခရိုင်) | mpf-bago@e-moha.gov.mm | |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆<br>၀၉-၉၅၄၂၀၆၀၆၁<br>(Viber-မကွေးခရိုင်)<br>၀၉-၄၀၀၃၁၁၁၁၀<br>(Viber-မင်းဘူးခရိုင်)<br>၀၉-၇၉၄၄၄၇၂၈၀<br>(Viber-သရက်ခရိုင်)<br>၀၉-၂၅၇၀၈၀၀၉၈<br>(Viber-ပခုက္ကူခရိုင်)<br>၀၉-၄၅၁၅၀၆၀၂၆<br>(Viber-ဂန့်ဂေါခရိုင်) | mpf-magway@e-moha.gov.mm | |
| ၁၀ | မန္တလေးတိုင်း ဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅<br>၀၉-၉၆၉၉၅၆၄၇၂<br>(Viber-မန္တလေးခရိုင်)<br>၀၉-၄၂၀၇၆၀၂၄၆<br>(Viber-ပြင်ဦးလွင်ခရိုင်)<br>၀၉-၂၆၄၆၂၈၃၁၃<br>(Viber-မြင်းခြံခရိုင်)<br>၀၉-၈၈၅၅၅၅၀၉၀<br>(Viber-မိတ္ထီလာခရိုင်)<br>၀၉-၅၂၁၅၇၇၇၉<br>(Viber-ရမည်းသင်းခရိုင်)<br>၀၉-၅၀၈၂၆၁၅<br>(Viber-ကျောက်ဆည်ခရိုင်)<br>၀၉-၂၅၀၁၁၁၈၃၈<br>(Viber-ညောင်ဦးခရိုင်) | mpf-mandalay@e-moha.gov.mm | |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄<br>၀၉-၂၅၂၈၃၉၇၆၄<br>(Viber-မော်လမြိုင်ခရိုင်)<br>၀၉-၄၅၁၄၅၅၅၂၆<br>(Viber-သထုံခရိုင်) | mpf-mon@e-moha.gov.mm | |

စာမျက်နှာ ၁၀ သို့

# ကချင်ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အလှူငွေများပေးအပ်လှူဒါန်းမှုကို လက်ခံရယူ

**မြစ်ကြီးနား ဩဂုတ် ၃**

ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့ထံသို့ ထိန်ချုံးခရိုင် ကုန်သည်ကြီးများအသင်းနှင့် ပြည်နယ် လက်ရွေးစင် U-25 အမျိုးသမီးဘောလုံးအသင်းတို့မှ အလှူငွေများ ပေးအပ်လှူဒါန်းမှုကို ဩဂုတ် ၃ ရက် နံနက် ၁၁ နာရီခွဲက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လက်ခံရယူသည်။

အလှူငွေများ လှူဒါန်းလက်ခံရရှိမှုနှင့် ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ထိန်ချုံးခရိုင်အနေဖြင့် မိမိတို့ ကချင်ပြည်နယ်၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အောက်ဆီဂျင်စက်များကို ပို့ဆောင်ပေးနေသည့်အပြင် အိမ်နီးချင်းကောင်းပီသစွာ များစွာ အထောက်အကူပေးသည့်အပြင် ယခုလို လာရောက်ထောက်ပံ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ပြည်နယ်အတွက် လာရောက်ထောက်ပံ့သူများအလုံးကို ပြည်နယ်သူ/သားများကိုယ်စား ကျေးဇူးတင်ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများထံ ထိန်ချုံးခရိုင် နိုင်ငံတကာကုန်သည်ကြီးများအသင်းမှ လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ ကို မြစ်ကြီးနားတာဝန်ခံ ဦးအောင်ဝင်းက ထောက်ပံ့ပေးအပ်မှုကို လက်ခံယူပြီး ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ်အတွင်း ကိုဗစ် -၁၉ ရောဂါအတည်ပြုလူနာများ ကုသနိုင်ရေးအတွက် ထိန်ချုံးခရိုင်မှ မှာယူထားသည့် Oxygen Concentrator အလုံး ၅၀ အတွက် ငွေကျပ် သိန်း ၅၃၀ ကို လွှဲပြောင်းပေးအပ်သည်။




ထို့နောက် ပြည်နယ်လက်ရွေးစင် U-25 အမျိုးသမီးဘောလုံးအသင်းမှ လှူဒါန်းသည့် ငွေကျပ် ၁၃ သိန်းကို လက်ရွေးစင် အမျိုးသမီးအသင်းကိုယ်စား ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်သူက လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လက်ခံယူကြသည်။

အလားတူ နံနက် ၉ နာရီခွဲက အစည်းအဝေးခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပပြီး ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်တို့နှင့်အညီ နိုင်ငံတော်တာဝန်များကို ပိုမိုလွယ်ကူ၊ လျင်မြန်၊ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့မှုများကို ရှင်းလင်းပြောကြားကာ ဝန်ကြီးဌာနများအလိုက် တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာနှစ်သိန်းခုနစ်သောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဩဂုတ် ၃**

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာ ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၇၆၉၁၇ ဦးနှင့် အတွင်းလူနာပေါင်း ၈၁၀၅၁ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

ယင်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၂၈၇၂ ဦး၊ အသေးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၆၉၃၆ ဦး၊ စုစုပေါင်း ၁၉၈၀၈ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၆၆၇၂ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၉၂၉၇ ဦးကို သာမန်ဖြင့် လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၅၉၆၉ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၉ မှ*

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ | မှတ်ချက် |
|---|---|---|---|---|
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၁၀၂၀<br>၀၉-၄၂၁၀၀၄၂၁၈<br>(Viber-စစ်တွေခရိုင်)<br>၀၉-၇၈၉၉၇၈၃၇၃<br>(Viber-မြောက်ဦးခရိုင်)<br>၀၉-၄၀၂၅၄၇၂၄၄<br>(Viber-မောင်တောခရိုင်)<br>၀၉-၄၀၁၅၈၂၂၃၆<br>(Viber-ကျောက်ဖြူခရိုင်)<br>၀၉-၂၅၄၃၁၅၂၉၉<br>(Viber-သံတွဲခရိုင်) | mpf-rakhine@<br>e-moha.gov.mm | |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅<br>၀၉-၄၂၁၁၂၈၉၅၁<br>(Viber-အရှေ့ပိုင်းခရိုင်)<br>၀၉-၄၃၁၃၇၇၂၉<br>(Viber-အနောက်ပိုင်းခရိုင်)<br>၀၉-၅၁၉၄၂၂၃<br>(Viber-တောင်ပိုင်းခရိုင်)<br>၀၉-၇၈၆၂၈၁၄၅၆<br>(Viber-မြောက်ပိုင်းခရိုင်) | mpf-yangon@<br>e-moha.gov.mm | |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂<br>၀၉-၄၅၉၇၁၆၁၅၅<br>(Viber-လားရှိုးခရိုင်)<br>၀၉-၄၅၀၅၄၀၀၃၄<br>(Viber-ကျောက်မဲခရိုင်)<br>၀၉-၂၆၀၁၉၉၄၃၄<br>(Viber-တောင်ကြီးခရိုင်)<br>၀၉-၄၂၀၀၂၇၀၇၆<br>(Viber-လင်းခေးခရိုင်)<br>၀၉-၇၈၄၀၂၁၅၂၁<br>(Viber-လွိုင်လင်ခရိုင်)<br>၀၉-၅၁၂၇၈၈၂<br>(Viber-ကျိုင်းတုံခရိုင်)<br>၀၉-၅၀၆၈၁၈<br>(Viber-တာချီလိတ်ခရိုင်)<br>၀၉-၄၄၀၂၆၈၄၄၁<br>(Viber-မိုင်းဆက်ခရိုင်)<br>၀၉-၄၅၄၈၆၄၇၃၄<br>(Viber-မူဆယ်ခရိုင်)<br>၀၉-၄၀၃၇၄၇၁၃၂<br>(Viber-ဟိုပန်ခရိုင်)<br>၀၉-၂၆၅၂၉၅၀၇၆<br>(Viber-မိုးမိတ်ခရိုင်) | mpf-shan@<br>e-moha.gov.mm | |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၀၀၃<br>၀၄၂-၂၀၂၃၀၀၆<br>၀၉-၄၃၀၄၆၄၄၃<br>(Viber-ပုသိမ်ခရိုင်)<br>၀၉-၂၅၉၀၄၂၃၃၀<br>(Viber-ဟင်္သာတခရိုင်)<br>၀၉-၄၅၄၄၆၆၆၇<br>(Viber-မြောင်းမြခရိုင်)<br>၀၉-၉၅၀၉၇၇၃၇၆<br>(Viber-လပွတ္တာခရိုင်)<br>၀၉-၂၀၁၉၉၅၃<br>(Viber-မအူပင်ခရိုင်)<br>၀၉-၂၅၄၄၃၆၄၁၄<br>(Viber-ဖျာပုံခရိုင်) | mpf-ayeyarwaddy@<br>e-moha.gov.mm | |

# ပီတိဖြင့် ပျော်မွေ့ကြသူများ (သို့မဟုတ်) ဟိုင်းကြီးကျွန်း ဒေသဖွံ့ဖြိုးရေး ခရီးသွားမှတ်တမ်း

## ဝ ထ က လ သ (နတလ)

**မော်တင်စွန်းသို့**

**“မော်တင်စွန်း”** ဟာ မြန်မာနိုင်ငံရဲ့ အနောက်တောင်ဘက်အစွန်း ဧရာဝတီတိုင်းဒေသကြီးရှိ ကုန်းမြေအဆုံးနှင့် ရေပြင်အစပ် **“နာဂရေ့အငူ”** နားက သာယာလှပတဲ့ ကမ်းခြေလေးတစ်ခုပါ။

ပုသိမ်မြို့မှ ကားလမ်းခရီးဖြင့် ၈၇ မိုင်ခန့်ကွာဝေးပြီး လမ်းတစ်လျှောက်မှာ ရခိုင်ရိုးမနဲ့ တစ်ဆက်တည်းဖြစ်နေတဲ့ စိမ်းလန်းသာယာတဲ့ တောင်အနိမ့်အမြင့် ၉၉ လုံးကို ကျော်ရပါမည်။ တောင်တက် တောင်ဆင်းလမ်းများအတိုင်း အကွေ့အကောက်ပေါင်း ၉၉၉ ကွေ့ကို မူးနောက်စွာဖြင့် ဖြတ်သန်းရပါမည်။ ပုသိမ်–ဟိုင်းကြီးကျွန်း လမ်းမကြီးပေါ်ရှိ အမည်ထူးခြား စိတ်ဝင်စားဖွယ်ကောင်းလှတဲ့ –

**သလပ်ခွါ၊ မဏ္ဍာပ်**
**ငရုတ်ကောင်း၊ ပိုးလောင်း**
**ငါးပြေမ၊ မရမ်းကွင်း**
**ရေနောက်အိုင် ရွာလေးတွေကို ဖြတ်သန်းရပါမည်။**

ရေနောက်အိုင်ရွာကိုရောက်လျှင် လမ်းခွဲရှိပါသည်။
ဘယ်ဘက်ကိုသွားရင် “ဟိုင်းကြီးကျွန်း” ဖြစ်ပြီး
ညာဘက်တည့်တည့်သွားရင် “မော်တင်စွန်း”ပါ ...
မော်တင်စွန်း ကားလမ်းအဆုံးမှာတော့
ကပ္ပလီပင်လယ်နဲ့ ဘင်္ဂလားပင်လယ်အော်
ပင်လယ်နှစ်ခုဆုံသော လှိုင်းတွေ တဝုန်းဝုန်းနှင့်
တမေ့တမော မြန်မာ့ပင်လယ်ပြင်ရှုခင်းကို
စတင်ထိတွေ့ခွင့် ရပါပြီ။

ရန်ကုန်မှ မော်တင်စွန်းသို့
ကားမောင်းချိန်ကတော့ ၁၀ နာရီခန့် ကြာမြင့်ပါသည်။
ကျွန်တော်တို့ ရောက်သွားချိန်မှာတော့
တိမ်မျှင်ရောင်စုံ နောက်ခံထားတဲ့ ပင်လယ်ကြီးမှာ
နေဝင်စပြုပါပြီ။
သန့်ရှင်း လတ်ဆတ်သောလေကို ရှူရှိုက်ရင်း
ပင်လယ်ပြင်ကြီးရဲ့ အရသာကြီးကို ခံစားမိန်းမောနေမိပါသည်။
ပင်လယ် ဂီတ၊ ပင်လယ် ရနံ့
ပင်လယ် ရယ်သံ၊ ပင်လယ် ဟန်
ပင်လယ် မာန် တို့ကို ထိတွေ့ခွင့်ရချိန်မှာ
နေမင်းကြီးက အနောက်သို့ယွန်းတော့မည်
ဟိုင်းကြီးကျွန်းဒေသ မော်တင်စွန်း ..........။

**ကမ်းရိုးတန်းဒေသများ ဖွံ့ဖြိုးရေး**

မြန်မာနိုင်ငံသည် ကုန်းတွင်းပိတ်နိုင်ငံတစ်ခုမဟုတ်ဘဲ ပင်လယ်ကမ်းရိုးတန်းရှိသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ အရှေ့တောင်အာရှနိုင်ငံများတွင် ပင်လယ်ကမ်းရိုးတန်း ရှည်လျားစွာပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်၏။ ကုန်းမြေတစ်ဆက်တည်းရှိသည့် အကြီးဆုံးနိုင်ငံတစ်နိုင်ငံလည်း ဖြစ်နေပြန်သေးသည်။

မြန်မာနိုင်ငံကမ်းရိုးတန်းကို အနောက်မြောက်ပိုင်း ရခိုင်ကမ်းရိုးတန်း၊ ဧရာဝတီမြစ်ဝ ကျွန်းပေါ်ဒေသ အလယ်ကမ်းရိုးတန်းနှင့် တောင်ပိုင်း တနင်္သာရီကမ်းရိုးတန်း ဟူ၍ အပိုင်း ၃ ပိုင်း ခွဲခြားထားလေသည်။

မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းအရှည်မှာ မိုင်စုစုပေါင်း ၁၁၉၇ မိုင်ခန့် (ကီလိုမီတာ ၁၉၃၀ ခန့်) ရှိပြီး ဘင်္ဂလားပင်လယ် (The Bay of Bengal) နှင့် ကပ္ပလီပင်လယ် (Adaman Sea) တို့နှင့် ထိစပ်နေပါသည်။

၎င်းပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ဒေသများသည် ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်း၊ မုန်တိုင်းနှင့် ဒီရေလှိုင်းများကြောင့် ကမ်းရိုးတန်းများ ပျက်စီးခြင်း၊ ယာယီ သို့မဟုတ် အမြဲတမ်းရေလွှမ်းမိုးခံရခြင်း၊ ရာသီဥတုပြောင်းလဲမှု ပြင်းထန်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များကြောင့် ဒေသခံများမှာ ဆုံးရှုံးမှုနှင့် ထိခိုက်ခံစားရမှုများကို သမိုင်းကြောင်းရှည်လျားစွာ ခံစားခဲ့ရပြီး ဖွံ့ဖြိုးမှုနောက်ကျသော ဒေသများ ရှိနေဆဲဖြစ်ပါသည်။




နိုင်ငံတော်သည် ၂၀၁၅ ခုနှစ်ခန့်မှစ၍ ပင်လယ်ကမ်းစပ်ဒေသများ၏ ဖွံ့ဖြိုးမှု နောက်ကျလျက်ရှိခြင်းကို အကြောင်းပြုပြီး နယ်စပ်ဒေသများနည်းတူ ပင်လယ်ကမ်းစပ်ဒေသများကိုပါ ဖွံ့ဖြိုးရေးဆောင်ရွက်ပေးနိုင်စေရန် ရည်ရွယ်လျက် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဟိုင်းကြီးကျွန်းနှင့် ငရုတ်ကောင်းမြို့နယ်ခွဲများကို ထပ်တိုးမြို့နယ်ခွဲများအဖြစ် တိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြို့နယ်ခွဲဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ဟိုင်းကြီးကျွန်း) ကို ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် ဖွဲ့စည်းပုံများ ပြင်ဆင်ခဲ့သဖြင့် မြို့နယ်ခွဲရုံးများအား ရုပ်သိမ်းခဲ့သော်လည်း နယ်စပ်ရေးရာဝန်ကြီးဌာန၏ အဓိကနယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ပေးနေသည့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ မြို့နယ်ပေါင်း ၁၀၆ မြို့နယ်အပြင် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးရန် လိုအပ်ချက်အရ လုပ်ငန်းဆောင်ရွက်ပေးနေသည့် မြို့နယ်ပေါင်း ၅၃ မြို့နယ်တွင် ဧရာဝတီတိုင်းဒေသကြီးရှိ ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းဒေသသည်လည်း ဆက်လက်ပါဝင်လျက်ရှိပါသည်။

**သမိုင်းကြောင်းနှင့် ဟိုင်းကြီးကျွန်း**

မြို့လေးက သေးငယ်သော်လည်း ဗုဒ္ဓဝင်နှင့် ရာဇဝင်တွေ၊ သမိုင်းမှတ်တမ်းများနှင့် မော်ကွန်းတွေ အများကြီးရှိနေသည့် ဒေသတစ်ခုလည်းဖြစ်ပါသည်။ ဟိုင်းကြီးကျွန်းကို ရှေးယခင်က “နာဂရသာဂီ” ကျွန်းဟု ခေါ်ကြပါသည်။ ဟိုင်းကြီးကျွန်း၏ တောင်ဘက်သည် ပင်လယ်ရေပြင်ကြီးဖြစ်ပြီး အရှေ့တောင်ဘက်တစ်လျှောက်သည် တောင်တန်းကြီးများဖြင့် အနားသတ်ထားပါသည်။ ရေနောက်အိုင်တောင်ကြောနှင့် အကျော်ကြီးတောင်ကြောတို့သည် ရခိုင်ရိုးမ၏ တောင်စွယ်များ ဖြစ်ကြပါသည်။ နဂါးရစ်တောင်၊ သရဏာတောင် (သို့) နီရာဘန်တောင်ဟု ခေါ်တွင်သည့် မြတ်မော်တင်စွန်း ဆံတော်ရှင်ဘုရားနှင့် ဟိုင်းကြီးကျွန်းသည် ၇ မိုင်ခန့် ကွာဝေးသည်။ မော်တင်စွန်းမှ မြောက်ဘက်သို့ကွေ့လိုက်လျှင် ရခိုင်ပြည်နယ်ဘက်သို့ ရောက်ရှိသွားမည် ဖြစ်ပါသည်။

သမိုင်းမှတ်တမ်းများအရ ဟိုင်းကြီးကျွန်းမြို့သည် ညောင်ရမ်းခေတ်မှ ကုန်းဘောင်ခေတ် တစ်လျှောက်လုံး ပုသိမ် ၄၂ မြို့မှတ်တမ်းတွင်ပါဝင်သည့် မြို့တစ်မြို့လည်းဖြစ်ပါသည်။ သက္ကရာဇ် ၁၇၅၉ ခု အောက်တိုဘာလ ၆ ရက်နေ့တွင် ဟိုင်းကြီးကျွန်းအား ကျူးကျော်ဝင်ရောက်သူ အင်္ဂလိပ်လူမျိုး ကပ္ပတိန် ဆောက်သလေး၊ မစ္စတာဘရစ်၊ မစ္စတာဟုတ် နှင့် အခြားနောက်လိုက်နောက်ပါတို့အား အလောင်းမင်းတရားကြီး၏ မြန်မာ့တပ်မတော်မှ မင်းရဲကောင်းပုံ၊ ကလန်ပွားနှင့် မြင်းစီး သိင်္ခနရာတို့က တိုင်းပြည်၏ နောင်ရေးအတွက် နယ်ချဲ့တို့အားတိုက်ပွဲဝင်အောင်နိုင်ခဲ့သည့် ဂုဏ်ယူဖွယ် သမိုင်းဝင်ဖြစ်စဉ်တည်ရှိနေသည့် နေရာဒေသလည်းဖြစ်ပါသည်။ ယနေ့တိုင် ဟိုင်းကြီးကျွန်းမြို့ရှိ ပမ္မဝတီလမ်းနှင့် မင်းရဲကောင်းပုံလမ်းဒေါင့်တွင် အင်္ဂလိပ်တို့ ကျူးကျော်တည်ဆောက်ထားခဲ့သည့် ခံတပ်စခန်းဟောင်းနေရာ အုတ်တံတိုင်း အပိုင်းအစအကျိုးအပဲ့များ တည်ရှိနေဆဲဖြစ်ပါသည်။

ပင်လယ်ကမ်းခြေတစ်လျှောက် ကြာကန်၊ ဇီးချိုင်၊ နာဂရေအငူ၊ ပချုးချိုင်၊ ဟက်လက်၊ ကုလားမှော်၊ သဲတောင်၊ ဖောင်တိုး၊ ရေသိုး၊ သဲချောင်း၊ ကွင်းဆက်၊ ပန်းမော်၊ စပါးကြီး၊ ငန်းချောင်း၊ ကမ်းခြေဦး၊ ကြွေချိုင်၊ ငရုပ်ကောင်း (ဂေါ်ရင်ဂျီကျွန်း)၊ ရေကျော်၊ ရွာသစ်ကုန်း၊

**“သမိုင်းမှတ်တမ်းများအရ ဟိုင်းကြီးကျွန်းမြို့သည် ညောင်ရမ်းခေတ်မှ ကုန်းဘောင်ခေတ် တစ်လျှောက်လုံး ပုသိမ် ၄၂ မြို့မှတ်တမ်းတွင် ပါဝင်သည့် မြို့တစ်မြို့လည်းဖြစ်ပါသည်။ သက္ကရာဇ် ၁၇၅၉ ခု အောက်တိုဘာလ ၆ ရက်နေ့တွင် ဟိုင်းကြီးကျွန်းအား ကျူးကျော်ဝင်ရောက်သူ အင်္ဂလိပ်လူမျိုး ကပ္ပတိန် ဆောက်သလေး၊ မစ္စတာဘရစ်၊ မစ္စတာဟုတ်နှင့် အခြားနောက်လိုက်နောက်ပါတို့အား မြန်မာ့တပ်မတော်မှ မင်းရဲကောင်းပုံ၊ ကလန်ပွားနှင့် မြင်းစီး သိင်္ခနရာတို့က တိုင်းပြည်၏ နောင်ရေးအတွက် နယ်ချဲ့တို့အား တိုက်ပွဲဝင်အောင်နိုင်ခဲ့သည့် ဂုဏ်ယူဖွယ် သမိုင်းဝင်ဖြစ်စဉ် တည်ရှိနေသည့် နေရာဒေသလည်းဖြစ်ပါသည်”**

*စာမျက်နှာ ၁၂ သို့*

> **“ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ စတင်၍ ဆောင်ရွက်ပေးခဲ့ရာ ယနေ့အထိ မြေလမ်း ၃ မိုင်၊ ကတ္တရာလမ်း ၅ မိုင်၊ ကတ္တရာထပ်ပိုးလွှာ ၃ မိုင် ၄ ဖာလုံ၊ ကွန်ကရစ်လမ်း ၄ ဒသမ ၅၃၈ ဖာလုံ၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း နှစ်ခု၊ မြေထိန်း/လှိုင်းကာနံရံ ပေ ၁၈၀၊ တံတား (ကြီး/ငယ်) ၁၀ စင်း၊ Box Culvert ၁၈ စင်းတို့အား နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သန်းပေါင်း ၁၄၄၂ ဒသမ ၃၅၇ သန်းဖြင့် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်”**

*စာမျက်နှာ ၁၁ မှ*

သဲဖြူ၊ ဆင်မ၊ အုန်းတပင်ကုန်း၊ ကျောက်ချောင်း၊ ဘူးကွဲ၊ ငွေဆောင်၊ ချောင်းသာရွာများ အစဉ်အလိုက် တည်ရှိနေ ကြပါသည်။

ဤဒေသသည်
နယ်မြေ ကျယ်ဝန်း၏
ရွာစဉ်ရွာဆက် များ၏
လူဦးရေလည်း ထူထပ်၏
လယ်ယာလုပ်ငန်း၊ ရေထွက်လုပ်ငန်းများနှင့်
အသက်မွေးဝမ်းကျောင်းပြုကြသော
ရခိုင်၊ ကရင်၊ ဗမာတိုင်းရင်းသားများ စုပေါင်းနေထိုင်ကြ၏။

ထို့ကြောင့်
ဒေသ၌ ဓလေ့စရိုက်၊ အသံ၊ ရနံ့ပေါင်းစုံ
ရှိလေသည်။

**တစ်ချိန်က ဒေသရဲ့လမ်းပန်းဆက်သွယ်ရေး**

ဇီးချိုင်ကျေးရွာကစပြီး အထက်ဘက်ရှိရွာများသည် တစ်ချိန်က လမ်းပန်းဆက်သွယ်ရေး အလွန် ခက်မှခက်၊ အလွန်ခေါင်မှခေါင်သည့် ဒေသများ ဖြစ်ခဲ့ကြပါသည်။ ၁၉၉၀-၉၁ ခုနှစ် ပတ်ဝန်းကျင်အထိ ဤဒေသသည် ဖွံ့ဖြိုးမှု နောက်ကျဆဲ ဖြစ်ပါသည်။

ပင်လယ်ပြင်သည် တစ်နေ့လျှင် ဒီရေအတက်အကျ ၂ ကြိမ်ရှိပါသည်။ ဒီရေတက်ချိန်များတွင် ပင်လယ်ဝသို့ စီးဝင်နေသော ဇီးချိုင်ချောင်း၊ ကြာကန်ချောင်း၊ အုန်းတိုက်ချောင်းများ ရေပြည့်ပြီး ကမ်းခြေလမ်းအားလုံး လုံးဝသုံး၍မရခဲ့။ နွေရာသီ၊ ဆောင်းရာသီများ၌လည်း မိုးလေကင်းရှင်းချိန်နှင့် ပင်လယ်ရေကျချိန်တွေမှာသာ မော်တင်စွန်းမှ ဇီးချိုင်သို့ ကမ်းခြေအတိုင်း သွားလာလို့ရပါသည်။ မိုးတွင်းကာလ တောင်ကြိုချုပ်ကြား ဖြတ်စီးဆင်းခဲ့သည့် တောင်ကျရေများ ပင်လယ်ဝသို့ တရကြမ်း စီးဝင်ချိန်နဲ့ ပင်လယ်ပြင်မှာ လှိုင်းလေထန်တဲ့ အချိန်တွေဆိုရင်လည်း ပင်လယ်ကမ်းခြေလမ်းအတိုင်း သွား၍မရတော့။

ဇီးချိုင်ဘက်ရွာများမှ မော်တင်စွန်း-ပုသိမ်လမ်းမကြီးပေါ်ရောက်အောင် တော၊ တောင်၊ ချောင်း၊ မြောင်း၊ ချောက်များကိုဖြတ်၍ ကုန်းလမ်းခရီးကြမ်း လာကြရပါသည်။ ကားလမ်းမရှိ၊ ဆိုင်ကယ်လမ်း မရှိ၊ လှည်းလမ်း မရှိ၊ ခြေကျင်လမ်းကိုသာ အသုံးပြုကြရပါသည်။

ရခိုင်ရိုးမအစွန်ရှိ
တောင်တွေကိုကျော်
တောတွေကို ဖြတ်ပြီး
ချောင်းများကို ကူးလျက်
ခက်ခဲစွာ သွားလာခဲ့ရသော
ဒေသတစ်ခု ဆိုပါတော့ .....။

အရေးတကြီး ကိစ္စကြုံခဲ့ပါက
ပင်လယ်ရေတက်ချိန်နဲ့
တောင်ကျချောင်းရေ တရဟော ကျချိန်ဆိုလျှင်
ပင်လယ်ရေ မကျမချင်း၊ တောင်ကျချောင်း မရပ်မချင်း
စောင့်ခဲ့ကြရပါသည် ....။

ထို့ကြောင့် ဒေသခံများသည်
ကျန်းမာရေးအတွက်
မသေသင့်ပဲ သေခဲ့ရသည် ...၊
ကျောင်းသားများ
ကျောင်းမှန်မှန်တက်ရန် ပျက်ကွက်ခဲ့ရသည် .... ၊
ဒေသထွက်ကုန်များ
အချိန်မီ မပို့နိုင်ခဲ့၍ ဆုံးရှုံးခဲ့ရသည် .... ။
ဆရာတော် သံဃာတော်များ
အနေအထိုင် ဆင်းရဲခဲ့ရသည် .... ၊
အဘက်ဘက်မှ ဖွံ့ဖြိုးမှုလည်း နောက်ကျခဲ့ရပါသည်။

ယခုအခါ အတန်အသင့်ဖွံ့ဖြိုးလာပြီဖြစ်သော်လည်း ကမ်းရိုးတန်းပတ်လမ်းများ၊ ပင်လယ်ဝ ချောင်းကူးတံတားများ၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ စသည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးရန် လိုအပ်နေဆဲပင် ဖြစ်ပါသည်။

**နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း**

ဤဒေသ၏ လိုအပ်ချက်အချို့အား နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးခြင်း၊ ကျေးရွာတွင်းလမ်းများ အဆင့်မြှင့်တင်ပေးခြင်း၊ ပင်လယ်ဝချောင်းကူးနှင့် တောင်ကျချောင်းကူး နေရာများတွင် တံတားများ တည်ဆောက်ပေးခြင်း၊ လိုအပ်သောနေရာများတွင် Box Culvert များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း စသည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြုလုပ်ပေးနိုင်ခဲ့ပါသည်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ စတင်၍ ဆောင်ရွက်ပေးခဲ့ရာ ယနေ့အထိ မြေလမ်း ၃ မိုင်၊ ကတ္တရာလမ်း ၅ မိုင်၊ ကတ္တရာထပ်ပိုးလွှာ ၃ မိုင် ၄ ဖာလုံ၊ ကွန်ကရစ်လမ်း ၄ ဒသမ ၅၃၈ ဖာလုံ၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း နှစ်ခု၊ မြေထိန်း/လှိုင်းကာနံရံ ပေ ၁၈၀၊ တံတား(ကြီး/ငယ်) ၁၀ စင်း၊ Box Culvert ၁၈ စင်း တို့အား နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ ကျပ်သန်းပေါင်း ၁၄၄၂ ဒသမ ၃၅၇ သန်းဖြင့် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါတွင်မူ
ယခင်က လမ်းပမ်းဆက်သွယ်ရေးခက်ခဲခဲ့သော
ပင်လယ်ရေ အတက်အကျကိုစောင့်၍ သွားလာခဲ့ရသော
မိုးရာသီတွင် သွားလာရ ခက်ခဲခဲ့သော
ဇီးချိုင်နှင့် အနောက်ဘက်ရွာများမှ ညီနောင်သွေးချင်း
တိုင်းရင်းသားတို့သည်
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ
ဆောင်ရွက်ပေးခဲ့သော လမ်း/တံတားများကို အသုံးပြုလျက်
ရာသီမရွေး၊ အချိန်အခါမရွေး
နေ့ ည မရွေး အချိန်တိုအတွင်း
သွားလာနိုင်ခဲ့ပေပြီ ..... ။

“နတလ”မှ ဖောက်လုပ်ပေးခဲ့သော ကျေးရွာချင်းဆက်လမ်းများကြောင့်
ဒေသခံများ သွားလာရသည့်အချိန်များ မကြာမြင့်တော့ဘဲ
မြေကြောတို့ကို ချုံ့၍ပေးနိုင်ခဲ့ပေပြီ ..... ။

စီးကျသော တောင်ကျချောင်းတို့၏
ကြမ်းတမ်းလှသော ရေအလျင်တို့သည်လည်း
“နတလ”တံတားများအောက် ခေါင်းငုံ့စီးဆင်းရင်း
အဆိပ်မဲ့မြွေတစ်ကောင် ဖြစ်သွားခဲ့လေပြီ။
ဝမ်းမြောက်ဖွယ်ကောင်းလေစွ ...... ။
ပီတိ ဖြစ်ရပါသည်၊ ကျေနပ်ရပါသည် ...... ။

၂၀၁၆ ခုနှစ်က ပင်လယ်ဝရှိ ဤဒေသ၏ အဓိကကျသော ဇီးချိုင်ကျေးရွာအဝင် ယခင်ယိုင်နဲ့နဲ့သစ်သားတံတား နေရာတွင် ပေ ၁၄၀ ကွန်ကရစ်တံတားသစ်အား တည်ဆောက်ပေးခဲ့ပါသည်။ အဖြူရောင်မုဒိတာဖြင့် ပီတိဖြစ်စွာ ခံစားချက်ကဗျာလေးတစ်ပုဒ်ကို ဖွဲ့ဆိုခဲ့ဖူးပါသည် .... ။

ကျောက်ဆောင်ကွေးကွေး၊ သဲထွေးထွေးနှင့်
ပင်လယ်လေအေး၊ လှိုင်းဖွေးဖွေးတည့်
သာသည့်ကမ်းခြေ၊ ဇီးချိုင်မြေက
ခနော်ခယဲ့၊ ယိုင်နဲ့နဲ့နှင့်
ကျိုးပဲ့ယွင်းယို၊ ရုပ်မပျိုပြီ
အိုမင်းလေသော တံတားလေး ..... ။

တံတားအိုသည်၊ လှိုင်းခတ် ရေထိုး
လေဒဏ် မိုးဒဏ်၊ ကြွံကြွံခံရင်း
မတန်တဆ၊ အနာရပြီ
ဖြတ်ကူးရန်လည်း ခက်ပါဘိ .... ။

ယခုချိန်ကျ၊ “နတလ”မှ
ဒေသဖွံ့ရန်၊ စေတနာမှန်ဖြင့်
တံတား ကွန်ကရစ်
အသစ်တည်ဆောက်၊ ဖြစ်မြောက်ပြီးစီး
ထီးထီး ခန့်ညား၊ ဤတံတားသည်
အရှည် ၁၄၀ ပေ ...... ။

ဤတံတားဝယ်
အများသူငါ၊ ရွာသူ ရွာသား
ဖြတ်သန်းသွားလာ၊ ချိန်ခါမရွေး
ပြည်သူအေးချမ်း၊ စိတ်ရွှင်လန်းသည်
ဥတုသုံးလီ၊ ကူးနိုင်ပြီ
ဝမ်းသာပီတိ၊ ဂွမ်းဆီထိ ...... ။

**ဖွံ့ဖြိုးရေးပီတိ**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ မဟာဗျူဟာရည်မှန်းချက်မှာ

> **“အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့ရသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုကို ပြည်နယ်/ပြည်မ အကြားအလပ် မရှိစေရေး အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ပေးရန်”** ဖြစ်ပါသည်။

“နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန”၏ ရည်ရွယ်ချက်တွင်-

> **“ပြည်ထောင်စုအတွင်းရှိ နယ်မြေများ အကြားအလပ်မရှိ မျှတအချိုးညီစွာ ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ရန်”** ဟု ပါရှိခဲ့ပါသည်။

၂၀၁၉ ခုနှစ်က ကျွန်တော်သည် ပင်လယ်ကမ်းစပ်ရှိ ဇီးချိုင်ကျေးရွာနှင့် ပုသိမ်- မော်တင်စွန်း ကားလမ်းမကြီးပေါ်ရှိ ရေနောက်အိုင်ကျေးရွာချင်းဆက်သွယ်သည့် မြေသားလမ်း ၃ မိုင် ဖောက်လုပ်ခြင်း၊ Box Culvert ၈ စင်းတည်ဆောက်ခြင်းနှင့် တောင်ကျချောင်းကူးနေရာများတွင် ပေ ၃၀ ကွန်ကရစ်တံတား ၁ စင်း၊ ပေ ၅၀ ကွန်ကရစ်တံတား ၁ စင်း တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိခဲ့ပါသေးသည်။ ထိုလုပ်ငန်းခွင်သည် အကျော်ကြီး တောင်တန်းပေါ်တွင် တောင်စဉ်တောင်ကြောများအား ကွေ့ပတ်ဖောက်လုပ်ထားခြင်းဖြစ်ရာ တောင်ခါးပန်းတစ်နေရာ အပေါ်စီးမှနေ၍ လှပသော ဂုဏ်ယူဖွယ် မြန်မာ့ရေပိုင်နက် ပင်လယ်ပြင်ကျယ်ကြီး၏ မြင်ကွင်းအား ငေးကြည့်နေမိပါသည် .... ။

“ခပ်ဝေးဝေး၊ ပင်လယ်ကမ်း
လေပြေ၊ အုန်းပင်တန်း
လှေ၊ လှိုင်း၊ ကျောက်ဆောင်
မိုးသား မှောင်မှောင်၊ ရေရောင်မဲမဲ
မရဲတရဲ အလင်းပျော့
ကြည်ဖျော့ကောင်းကင်၊ သမုဒ်ပြင်ဝယ်
လေနှင့်အလာ၊ လှိုင်းပန်းဖြာနှင့်
သင့်မှာ လှပပါဘိခြင်း ...... ။”

ကျွန်တော်တို့သည် **နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**မှ ဝန်ထမ်းများဖြစ်ကြပါသည်။ **“နတလ”** ဝန်ထမ်းများဖြစ်သည်နှင့်အညီ မိမိတာဝန်ကျသော တောင်ပေါ်/မြေပြန့်ဒေသအသီးသီးတွင် ထိုဒေသများအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ရေ၊ မီးရရှိရေး၊ ကျန်းမာရေးနှင့် ဘာသာရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး စသည့် လိုအပ်သောဖွံ့ဖြိုးရေးလုပ်ငန်းများအား အမြဲကူညီ ဆောင်ရွက်ပေးခွင့်ရခဲ့ကြပါ၏ .... ။

ပြည်ထောင်စုနယ်မြေအတွင်း မည်သည့်ဒေသတွင်မဆို နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခု အောင်မြင်စွာ ဆောင်ရွက်ပြီးတိုင်း ဆောင်ရွက်ပြီးတိုင်း အလွန်ပီတိဖြစ်ရပါသည်၊ ကြည်နူးရပါသည်၊ ကျေနပ်ပျော်ရွှင်ရပါသည်၊ ပီတိဖြင့် ပျော်မွေ့ရပါသည် ......။

ထို့ကြောင့် **“နတလ”** သည်
**“ဖွံ့ဖြိုးရေးပီတိ”** ဖြင့် ပျော်မွေ့နေပါသည် ....

**“နတလ”** တည့်
တည်သည့်တံတား၊ ဖောက်သည့်လမ်းနှင့်
ဖြတ်သန်းကာလ၊ ဤဒေသမှာ
လှပခြယ်မှုန်း၊ ပြည်သူသုံးက
ပြောထုံးကောင်းမြတ် ကျန်ရစ်စေ ........... ။

# အမေရိကန်နှင့် ပူးပေါင်းခဲ့သည့် အာဖဂန်လူမျိုးများကို ဒုက္ခသည်အဖြစ် လက်ခံပေးသွားမည်

**ဝါရှင်တန် ဩဂုတ် ၃**

အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်တို့နှင့် ပူးပေါင်းခဲ့ပြီး တာလီဘန်တို့ လက်စားချေမည့်အရေးနှင့် ရင်ဆိုင်ရဖွယ်ရှိသော အာဖဂန်နိုင်ငံသားများကို အမေရိကန်နိုင်ငံအတွင်းသို့ ဒုက္ခသည်အဖြစ် လက်ခံပေးသွားမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာသွားသည်။

အမေရိကန်ပြည်ထောင်စုသည် ဩဂုတ်လကုန်ပိုင်းတွင် ၎င်းတို့၏ တပ်ဖွဲ့ဝင်များအားလုံးကို အာဖဂန်နစ္စတန်မှ ပြန်လည်ဆုတ်ခွာတော့မည်ဖြစ်သည်။ အမေရိကန်တပ်ဖွဲ့အတွက် အလုပ်လုပ်ကိုင်ပေးခဲ့သည့် အာဖဂန်နိုင်ငံသားများကို စတင်လက်ခံနေပြီဖြစ်သည်။ ဒေသခံ စကားပြန်များအပါအဝင် အမေရိကန်တပ်ဖွဲ့အတွက် အလုပ်လုပ်ကိုင်ပေးခဲ့သူများကို အထူးရွှေ့ပြောင်းနေထိုင်ခွင့် ဗီဇာပေးရန် သဘောတူခဲ့သည်။

ရွှေ့ပြောင်းနေထိုင်ခွင့် ဗီဇာလျှောက်ထားရန် အချိန်သတ်မှတ်ချက်နှင့် မကိုက်ညီသည့် အာဖဂန်နိုင်ငံသားများအတွက် ဒုက္ခသည်အဆင့်အတန်း သတ်မှတ်ကာ အမေရိကန်နိုင်ငံအတွင်းသို့ ခေါ်ယူပေးမည်ဖြစ်သည်။

တာလီဘန်များ၏ လက်စားချေမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် အမေရိကန်နှင့် ပူးပေါင်းခဲ့သည့် အာဖဂန်နိုင်ငံသားများအတွက် တာဝန်အပြည့်ရှိသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က ပြောသည်။ **အင်န်အိတ်ချ်ကေ**



စကားပြန်၏ အကူအညီဖြင့်ဒေသခံတစ်ဦးကို မေးမြန်းနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

# ထိုင်းနိုင်ငံ၌ အသွားအလာပိတ်ဆို့ကန့်သတ်ထားသည့်နေရာများ တိုးချဲ့

**ဘန်ကောက် ဩဂုတ် ၃**

အရှေ့တောင်အာရှ နိုင်ငံများတွင် ကိုဗစ်-၁၉ ကူးစက်မှုများ အဆမတန် များပြားလာမှုနှင့် ရင်ဆိုင်နေရသည်။ ထိုင်းနိုင်ငံ အစိုးရသည် ဘန်ကောက်မြို့နှင့် ကူးစက်မှုမြင့်နေသည့် ပြည်နယ်များတွင် ကပ်ရောဂါ ထိန်းချုပ်ရေးအတွက် တင်းကျပ်မှုများကို တိုးချဲ့ခဲ့သည်။

နိုင်ငံအတွင်း လက်ရှိထားရှိထားသော ကန့်သတ်ချက်များကို ဩဂုတ် ၃ ရက်မှစတင်ကာ နှစ်ပတ်ထပ်တိုးသည့်အပြင် ပြည်နယ် ၂၉ ခုတွင်လည်း တင်းကျပ်မှုများ ပြုလုပ်ခဲ့သည်ဟု ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ လုပ်ငန်းအဖွဲ့က ပြောသည်။

ထိန်းချုပ်မှုများတွင် ညဘက်သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရ အမိန့်ပါဝင်ပြီး ပြည်နယ်များအတွင်း ခရီးသွားလာမှုကိုလည်း ကန့်သတ်ထားသည်။

နိုင်ငံအတွင်း နေ့စဉ်ကူးစက်မှုများမှာ ၁၅၀၀၀ အထိ ရှိလာပြီးနောက် ကန့်သတ်ချက်ကာလကို တိုးချဲ့လိုက်ခြင်းဖြစ်သည်။

ဩဂုတ် ၂ ရက်တွင် ကိုဗစ်-၁၉ကူးစက်ခံရသူ ၁၈၀၀၀ နီးပါးရှိခဲ့ပြီး ဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၁၇၈ ဦးအထိ ရှိခဲ့သည်။

ကူးစက်မှုများကို နှိမ်နင်းနိုင်ရေးအတွက် အစိုးရသည် ကာကွယ်ဆေးထိုးနှံပေးရေး အစီအစဉ်များကို အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိသည်။ အရှေ့တောင်အာရှနိုင်ငံများတွင် ကိုဗစ်-၁၉ ကူးစက်မှုများ များပြားနေပြီး ဇူလိုင် ၃၁ ရက်တွင် မလေးရှားနိုင်ငံ၌ နေ့စဉ်ကူးစက်ခံရသူ အရေအတွက်မှာ ၁၇၇၀၀ အထိ ရှိခဲ့သည်။

ဖိလစ်ပိုင် နိုင်ငံတွင်လည်း ဩဂုတ် ၂ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၈၁၀၀ ရှိခဲ့သည်။ ထို့ကြောင့် ဖိလစ်ပိုင်အစိုးရသည် ဇူလိုင် ၃၀ ရက်တွင် မနီလာမြို့၌ အတင်းကျပ်ဆုံး ကိုဗစ်-၁၉ စည်းကမ်းသတ်မှတ်ချက်များ ချမှတ်ခဲ့သည်ဟု သိရသည်။ **အင်န်အိတ်ချ်ကေ**




ဘန်ကောက်မြို့တွင် ကန့်သတ်မှုများကြောင့် ရှင်းလင်းနေသည့် လမ်းမကြီးကို တွေ့ရစဉ်။

# ဂါဇာဒေသနေပြည်သူများ လျှပ်စစ်ဓာတ်အား ဆိုးဆိုးရွားရွားပြတ်တောက်မှုနှင့် ရင်ဆိုင်နေရ

**ဂါဇာ ဩဂုတ် ၃**

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ လေ့လာမှုအရ ဂါဇာဒေသတွင် လူဦးရေ၏ ၈၀ ရာခိုင်နှုန်းမှာ လျှပ်စစ်ဓာတ်အားမရဘဲ အမှောင်ထဲတွင် နေထိုင်ရသည်ဟု ဩဂုတ် ၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသတွင် နေထိုင်သူ ၈၀ ရာခိုင်နှုန်းမှာ ၎င်းတို့၏ အချိန်အများစုကို အမှောင်ထဲတွင်သာ နေထိုင်ရကြောင်း၊ တစ်နေ့လျှင် ၈ နာရီသာ လျှပ်စစ်မီးရရှိကြောင်း အဆိုပါ လေ့လာမှုအရသိရသည်။ ယင်းအချက်မှာ ဂါဇာကမ်းမြောင် ဒေသတွင် နေထိုင်ကြသူများ၏ အကျိုးစီးပွားနှင့် ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိသည်။

ဂါဇာကမ်းမြောင်ဒေသတွင် လူဦးရေ နှစ်သန်းနီးပါး နေထိုင်လျက်ရှိသည်။ နွေရာသီကာလတွင် အပူချိန်များ မြင့်တက်လျက်ရှိသည်။ မေလအတွင်းက ဂါဇာဒေသရှိ စစ်သွေးကြွများနှင့် အစ္စရေးတို့အကြား တိုက်ပွဲများကြောင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ရသည်။

ပျက်စီးမှုများထဲတွင် လျှပ်စစ်ဓာတ်အားပေးလိုင်းများလည်း ပါဝင်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ လေ့လာမှုအရ ဂါဇာကမ်းမြောင်ဒေသတွင် လူဦးရေ၏ ၂၅ ရာခိုင်နှုန်းမှာ မီးအားပေးစက်များမှ လျှပ်စစ်ဓာတ်အား ရယူရန် မတတ်နိုင်ကြဟု သိရသည်။ **ဆင်ဟွာ**



လျှပ်စစ်ဓာတ်အားမရသဖြင့် ထင်းမီးဖိုဖြင့် ဟင်းချက်နေရသော အိမ်ရှင်မတစ်ဦးကို တွေ့ရစဉ်။

## ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် မော်လ်တာနှင့် လစ်ဗျားနိုင်ငံတို့ ဆွေးနွေး

**ထရီပိုလီ ဩဂုတ် ၃**

လစ်ဗျားကျန်းမာရေးဝန်ကြီး အလီဇာနက်တီသည် ဩဂုတ် ၂ ရက်က လစ်ဗျားနိုင်ငံဆိုင်ရာ မော်လ်တာသံအမတ်ကြီး ချားလ်ဆယ်လီဘာနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံကြား ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးမှုများ၊ ဆေးဘက်လေ့ကျင့်ပေးမှုများနှင့် အပြန်အလှန် အလည်အပတ်သွားလာမှုများကို ဆွေးနွေးခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

လစ်ဗျားနိုင်ငံသည် နှစ်ပေါင်းများစွာ နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် သင့်တော်သည့် ပြည်သူ့ဝန်ဆောင်မှုစနစ်များတွင် ရုန်းကန်နေရပြီး အထူးသဖြင့်ကျန်းမာရေးနှင့် ပညာရေးကဏ္ဍတွင် ရုန်းကန်နေရသည်။

**ဆင်ဟွာ**

## စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၁၁ ဦး တွေ့ရှိ

**စင်ကာပူ ဩဂုတ် ၃**

စင်ကာပူကျန်းမာရေးဝန်ကြီးဌာန၏ ဩဂုတ် ၂ ရက် ထုတ်ပြန်ချက်အရ စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၁၁ ဦး ထပ်မံတွေ့ရှိခဲ့သည်ဟု သိရသည်။

ထို့ကြောင့် နိုင်ငံအတွင်း စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၆၅၂၁၃ ဦး ရှိလာခဲ့သည်။

နောက်ထပ်ကူးစက်ခံရသူများထဲတွင် ဒေသတွင်း ကူးစက်ခံရသူ ၁၀၆ ဦး ရှိခဲ့ပြီး ၎င်းတို့ထဲမှ ၆၅ ဦးမှာ ယခင်ကူးစက်ခံရသူများနှင့် ဆက်စပ်မှု ရှိသူများဖြစ်ပြီး အသွားအလာကန့်သတ်စောင့်ကြည့်ထားသူများ ဖြစ်သည်။

၂၅ ဦးမှာမူ ဆက်စပ်မှုမရှိဘဲ ကူးစက်မှုဇာစ်မြစ်ကို မသိရသူများဖြစ်သည်။ နိုင်ငံရပ်ခြားမှ ကူးစက်ခံလာရသူ ငါးဦးရှိပြီး ၎င်းတို့မှ စင်ကာပူနိုင်ငံသို့ ရောက်လျှင်ရောက်ချင်း နေအိမ်၌သာ နေရန် ညွှန်ကြားခံထားရသူများဖြစ်သည်။

ကိုဗစ်-၁၉ နှင့် ဆက်စပ်ပြီးသေဆုံးသူ ၃၈ ဦး ရှိသည်။ စင်ကာပူနိုင်ငံတွင် ကာကွယ်ဆေးအပြည့် ထိုးပြီးသူ ၃၄၄၈၁၉၃ ဦး ရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အာရှ-ပစိဖိတ်နိုင်ငံများ၌ အကြီးအကျယ်ထိခိုက်ပျက်စီးလျက်ရှိ

ဟောင်ကောင် သြဂုတ် ၃

**ကိုဗစ်-၁၉ ကပ်ရောဂါသည် အာရှ-ပစိဖိတ်နိုင်ငံများတွင် အကြီးအကျယ် ထိခိုက်ပျက်စီးလျက်ရှိချိန်တွင် အိန္ဒိယနိုင်ငံ၌ သြဂုတ် ၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားလျက်ရှိသူ ၃၀၅၄၉ ဦးရှိလာခဲ့ပြီး ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများလာပြီး မလေးရှားနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၇၁၀၅ ဦးအထိ ရှိလာခဲ့သည်။**

## အိန္ဒိယ

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၀၅၄၉ ဦး အပါအဝင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၁၇၂၆၅၀၇ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၄၂၂ ဦးနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၂၅၁၉၅ ဦးအထိ ရှိလာခဲ့သည်။

လတ်တလောတွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၄၀၄၉၅၈ ဦးရှိသည်။

## ထိုင်း

ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသစ်များ တိုးနေချိန်တွင် တင်းကျပ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါတားဆီး ကာကွယ် ထိန်းချုပ်ရေး ဆောင်ရွက်ချက်များကို ထပ်မံတိုးမြှင့်ချထားလိုက်သည်။

ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၈၉၀၁ ဦးရှိလာကြောင်း ဖော်ပြမှုနှင့်အတူ နောက်ထပ် ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၁၄၇ ဦးအထိ ရှိလာသောကြောင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၆၅၂၁၈၅ ဦး ရှိလာပြီး သေဆုံးသူ ၅၃၁၅ ဦးအထိ ရှိလာခဲ့ကြောင်း ကိုဗစ်-၁၉ စီမံခန့်ခွဲရေးဌာန၏ သတင်းထုတ်ပြန်ဖော်ပြချက်အရ သိရသည်။

မြို့တော်ဘန်ကောက်အပါအဝင် ပြည်နယ် ၁၃ ခုတွင် ပိုမိုတင်းကျပ်သည့် ကိုဗစ်-၁၉ ထိန်းချုပ်ရေး ဆောင်ရွက်ချက်များကို ချမှတ်ထားသည်။

## အင်ဒိုနီးရှား

အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၃၉၀၀ ဦးရှိပြီး ၁၅၉၈ ထပ်မံသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

နောက်ဆုံး သတင်းအချက်အလက်များကို အခြေခံ၍ အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံ၏ စုစုပေါင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၄၉၆၇၀၀ ရှိလာခဲ့ပြီး ကိုဗစ်-၁၉ ဆက်စပ်သေဆုံးသူ ၉၈၈၈၉ ဦး ရှိလာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၃၁၃၂၄ ဦး ရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသူ ၂၈၇၃၆၆၉ ဦးအထိ ရှိလာသည်။

အရှေ့တောင်အာရှနိုင်ငံ တစ်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံသည် ၎င်း၏ ကာကွယ်ဆေးထိုး အစီအစဉ်ကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

## မလေးရှား

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၇၁၀၅ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၁၆၃၂၉၁ ဦးအထိ ရောက်ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြလိုက်သည်။

နောက်ထပ် ကိုဗစ်-၁၉ ကြောင့် ၁၉၅ ဦး သေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၉၅၉၈ ဦး ရှိလာခဲ့ပြီ ဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည် ကျန်းမာလာသူ ၁၂၂၉၇ ဦး တိုးလာပြီးနောက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူပေါင်း ၉၅၀၀၂၉ ဦး သို့မဟုတ် ၈၁ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။




အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံနေသည်ကို တွေ့ရစဉ်။



ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးရန် လုပ်ဆောင်နေသည်ကိုတွေ့ရစဉ်။

## ဖိလစ်ပိုင်

ဖိလစ်ပိုင် ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၈၇၉ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၆၁၂၅၄၁ ဦးအထိ ရှိလာခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် နောက်ထပ် ၄၈ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၂၈၁၄၁ ဦး အထိရှိလာခဲ့ကြောင်း ကျန်းမာရေးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

## ပါကစ္စတန်

ပါကစ္စတန်နိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၅၈၂ ဦး ရှိလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၄၃၂၇၇ ဦးအထိ ရှိလာခဲ့ပြီး စတုတ္ထလှိုင်းဂယက် ထပ်မံရိုက်ခတ်လာမည်ကို စိုးရိမ်လျက်ရှိသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၆၇ ဦး ရှိလာပြီးနောက် စုစုပေါင်း သေဆုံးသူ ၂၃၅၂၉ ဦး ရှိလာသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူပေါင်း ၉၄၄၃၇၅ ဦး ရှိလာခဲ့သည်။

## တောင်ကိုရီးယား

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ စံချိန်တင်ပမာဏ ၁၂၀၂ ဦး ရှိလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၀၂၂၀၃ ဦးအထိ ရှိလာခဲ့သည်။

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် ၁၀၀၀ ကျော်ရှိလာသည်မှ ၂၈ ရက် ဆက်တိုက်ရှိလာပြီ ဖြစ်သည်။

ကိုဗစ်-၁၉ ကြောင့် ငါးဦး ထပ်မံသေဆုံးခဲ့သောကြောင့် စုစုပေါင်းသေဆုံးသူ ၂၁၀၄ ဦးအထိ ရှိလာပြီး စုစုပေါင်း ကိုဗစ်-၁၉ သေဆုံးနှုန်း ၁ ဒသမ ၀၄ ရာခိုင်နှုန်း ရှိလာသည်။

## ကမ္ဘောဒီးယား

ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၇၇ ဦးရှိလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၇၉၀၅၁ ဦး အထိရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၉ ဦး ရှိလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၄၇၁ ဦးအထိ ရှိလာခဲ့ပြီး ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသူ ၇၂၁၄၅ ဦး ရှိလာပြီ ဖြစ်သည်။

## လာအို

လာအိုနိုင်ငံ၌ လတ်တလောပြဋ္ဌာန်းထားသည့် နိုင်ငံတစ်ဝန်း ကန့်သတ်ပိတ်ဆို့မှုကာလကို သြဂုတ် ၁၈ ရက်အထိ တိုးမြှင့်ရန် ဆုံးဖြတ်ချက်ချခဲ့သည်။

အမျိုးသား ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းကော်မတီက သြဂုတ် ၃ ရက်က ပြည်ပ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၃၇ ဦးရှိပြီး ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၁၃ ဦးရှိကြောင်း သတင်းဖော်ပြခဲ့သည်။ လာအိုနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၇၀၁၅ ဦးအထိ ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# သီရိလင်္ကာနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူ ၁၀ သန်း ကျော်လွန်ရောက်ရှိ

ကိုလံဘို သြဂုတ် ၃

သီရိလင်္ကာနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးသူပေါင်း ၁၀ သန်းကျော်လွန်လာပြီဖြစ်ကြောင်း ဆေးဝါးထုတ်လုပ်၊ ဖြန့်ဝေရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဝန်ကြီး ချန်နာဂျာရာဆူမနာက သြဂုတ် ၃ ရက်က ပြောကြားလိုက်သည်။

သီရိလင်္ကာနိုင်ငံ၌ အသက် ၃၀ ကျော်အရွယ် လူဦးရေ ၁၁ ဒသမ ၅ သန်းရှိပြီး မကြာမီကျန်ရှိသည့် လူဦးရေ ၁ ဒသမ ၅ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်တော့မည်ဖြစ်ကြောင်း ဂျာရာဆူမနာက ပြောကြားလိုက်သည်။

သမ္မတချမှတ်ထားသည့် ရည်မှန်းချက်မှာ အသက် ၃၀ ကျော်အရွယ်များကို သြဂုတ်လမကုန်မီ ကာကွယ်ဆေးထိုးနှံပေးသွားရေး ဖြစ်ကြောင်း၊ သို့သော်လည်း သတ်မှတ်ချိန်မတိုင်မီ ကာကွယ်ဆေး အပြည့်အဝ ထိုးနှံပေးသွားနိုင်မည်ဟု ယုံကြည်ကြောင်း ၎င်းက ပြောသည်။

နိုင်ငံအတွင်း ကာကွယ်ဆေးထိုးလုပ်ငန်းကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်လျက်ရှိသောကြောင့် အသက် ၁၈ နှစ်နှင့် ၃၀ နှစ်ကြားရှိသူများအား ကာကွယ်ဆေး ထိုးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

သက်ဆိုင်ရာတာဝန်ရှိသူများ၏ ပြောကြားချက်အရ ဆီနိုဖမ်း ကာကွယ်ဆေးသည် နိုင်ငံအတွင်း ထိပ်ဆုံးနေရာမှထိုးပေးနေသော ကာကွယ်ဆေးဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ကျန်းမာရေးဝန်ကြီးဌာနမှ ပြည်သူသို့ အသိပေးပန်ကြားချက်

ပြည်သူတို့အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်မှသာ လုပ်ငန်းများအချိန်တိုအတွင်း အောင်မြင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ အချက်များကို အားလုံး ကိုယ်စီလိုက်နာကြပါရန် အသိပေးပန်ကြားအပ်ပါသည်–

၁။ တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ပါ၊

၂။ အိမ်တွင် ဧည့်သည်လက်ခံခြင်း လုံးဝမပြုပါနှင့်၊ မိမိကိုယ်တိုင်လည်း ဧည့်သည်အဖြစ် သွားရောက်ခြင်း လုံးဝမပြုပါနှင့်၊

၃။ အိမ်တွင် အသက်(၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ (သို့မဟုတ်) ဆီးချို၊ သွေးတိုး၊ နှလုံး..စသည့် နာတာရှည်ရောဂါ တစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို တပ်ဆင်ထားစေပါ၊ လေဝင်လေထွက်ကောင်းသည့်နေရာတွင် နေစေပါ၊

၄။ မဖြစ်မနေအပြင်ထွက်ရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို မဖြစ်မနေတပ်ဆင်ပါ၊ လက်ကို စနစ်တကျဆေးကြောပါ၊ အခြားသူများနှင့် (၆)ပေအကွာ ခပ်ခွာခွာနေပါ၊ လေဝင်လေထွက်မကောင်းသော အခန်းများသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ပါ၊

၅။ လူစုလူဝေး လုံးဝရှောင်ကြဉ်ပါ၊

၆။ ဖြစ်နိုင်ပါက တစ်ပတ်လျှင် တစ်ကြိမ်ခန့်သာ ဈေးဝယ်ယူပါ၊ ပါးစပ်နှင့်နှာခေါင်းစည်း စနစ်တကျတပ်ဆင်ထားခြင်းမရှိသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊

၇။ အပြင်ထွက်ရာမှ အိမ်ပြန်ရောက်သောအခါတွင် အိမ်သို့ရောဂါပိုးများ သယ်ဆောင်လာခြင်းမရှိစေရန် သတိပြုပါ၊ အသုံးပြုပြီးသော ပါးစပ်နှင့်နှာခေါင်းစည်း(Mask)နှင့် တစ်ခါသုံးပစ္စည်းများကို အိမ်အပြင်တွင် စနစ်တကျစွန့်ပစ်ပါ၊ အဝတ်အစားမလဲမီ/ ကိုယ်လက်သန့်စင်ခြင်းမပြုမီ အိမ်သားများနှင့် အနီးကပ်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ၊

၈။ အလှည့်ကျရရှိသော ကာကွယ်ဆေးသည် မိမိအတွက် အကောင်းဆုံးဖြစ်၍ ကာကွယ်ဆေးထိုးနှံခြင်းကို အကြိမ်ပြည့်ခံယူပါ၊ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ၊

၉။ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တတ်နိုင်သည့်ဘက်မှ လူအင်အား၊ ငွေကြေး၊ ပစ္စည်း၊ ကျွမ်းကျင်မှုပညာရပ်များဖြင့် စနစ်တကျပါဝင် ပူးပေါင်းပံ့ပိုးပေးကြပါရန် ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန (၂ – ၈ – ၂၀၂၁)

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးဝန်ကြီးဌာန

# ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်–၁၉) ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများ

ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်–၁၉)ရောဂါဖြစ်ပွားလျှင် ရောဂါပြင်းထန်သည့်လူနာ (၂၀%) ခန့်သည် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူရန်လိုအပ်ပြီး အဆိုပါ (၂၀%)တွင် (၅%) ခန့်သည် အထူးကြပ်မတ်ကုသမှုခံယူရပြီး အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

**နောက်ဆက်တွဲ ရေရှည်ဆိုးကျိုးများအနေဖြင့် –**

- နှလုံးကြွက်သားများထိခိုက်ပျက်စီးပြီး နှလုံးကောင်းစွာအလုပ်မလုပ်နိုင်တော့ခြင်းနှင့် အခြားနှလုံးရောဂါများ ခံစားလာရနိုင်ခြင်း၊
- အဆုတ်အတွင်းရှိ လေအိတ်ငယ်များကိုပျက်စီးစေပြီး အဆုတ်တွင် အမာရွတ်များကျန်ခဲ့၍ နောက်ဆက်တွဲ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်ခြင်း၊
- ဦးနှောက်နှင့်အာရုံကြောရောဂါများဖြစ်သော လေဖြတ်ရောဂါ၊ အတက်ရောဂါ၊ ယာယီအကြောသေရောဂါ(Guillain–Barre syndrome) များ ဖြစ်ပွားခြင်းနှင့် ပါကင်စန်ရောဂါ (Parkinson )နှင့် အယ်ဇိုင်းမား (Alzheimer) ရောဂါများ ဖြစ်ပွားနိုင်ခြေမြင့်တက်ခြင်း၊
- ခန္ဓာကိုယ်ရှိ သွေးကြောများအတွင်း သွေးခဲခြင်းများဖြစ်ပေါ်၍ ဦးနှောက်သွေးခဲခြင်း၊ နှလုံးသွေးကြောများပိတ်ခြင်း၊ ခြေထောက်သွေးပြန်ကြောများပိတ်ခြင်း (Deep Vein Thrombosis) တို့အပြင် အသည်းနှင့်ကျောက်ကပ်ရောဂါများ ဖြစ်ပွားခြင်း၊
- ရောဂါများပြန်လည်သက်သာလာသော်လည်း အထူးကြပ်မတ်ကုသဆောင်တွင် ကာလရှည်ကြာ ကုသမှုခံယူခဲ့ရသည့်အတွက် စိတ်ပိုင်းဆိုင်ရာထိခိုက်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်စိတ်များခြင်းတို့ ဖြစ်ပွားနိုင်ပါသည်။
- သက်ကြီးဘိုးဘွားများနှင့် နာတာရှည်ရောဂါရှိသူများတွင် အလွန်အမင်းမောပန်းခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း စသည့်ရောဂါလက္ခဏာများကို ပိုမိုပြင်းထန်စွာ ကာလရှည်ကြာ ခံစားရနိုင်ပါသည်။

*✻ ကျောဖုံးမှ*

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၃–၈–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၇၃၀) ခု | (၂၄၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၃) ခု | (၃၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၁၅) ခု | (၁၂၈) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၀၈) ခု | (၁၉၉) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၄၆) ခု | (၁၁၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၃၉၇) ခု | (၁,၁၂၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉,၁၁၈) ခု | (၂,၈၆၄) ဦး |
| စုစုပေါင်း | (၁၄,၂၅၇) ခု | (၄,၇၁၃) ဦး |

** ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကိုမဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊လက်ကိုမကြာခဏဆေးကြောခြင်း၊တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ



## ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့်အဖွဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပြည်သူ့ဆေးရုံများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးစုရပ်များသို့ ကွင်းဆင်းကြည့်ရှု၍ ကျန်းမာရေးဝန်ထမ်းများကို အားပေးစကားပြောကြား

**ရန်ကုန် ဩဂုတ် ၃**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာလှ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမင်းတို့အဖွဲ့သည် ယနေ့တွင် လှည်းကူးမြို့နယ် ပြည်သူ့ဆေးရုံ၊ မှော်ဘီမြို့နယ်ပြည်သူ့ဆေးရုံနှင့် ရွှေပြည်သာမြို့နယ် ပြည်သူ့ဆေးရုံများရှိ ကိုဗစ်-၁၉ ရောဂါလူနာများအား ကုသထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများကို အားပေးစကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လှည်းကူးမြို့နယ် ဒါးပိန်တိုက်နယ်ဆေးရုံနှင့် မှော်ဘီမြို့နယ် တိုက်ကြီးကုန်းကျေးရွာတို့ရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကာကွယ်ဆေးလာရောက်ထိုးနှံသော အသက် ၆၅ နှစ်နှင့်အထက် ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၃**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်။

**မိုး/ဇလ**

## မန္တလေးဗဟိုအကျဉ်းထောင်ရှိ အကျဉ်းသားများအား ကိုဗစ် – ၁၉ ရောဂါကာကွယ် ဆေးများထိုးနှံပေး

**မန္တလေး ဩဂုတ် ၃**

မန္တလေး အောင်မြေသာစံမြို့နယ် အိုးဘိုရပ်ကွက်ရှိ မန္တလေးဗဟို အကျဉ်းထောင်၌ အကျဉ်းသားများအား ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးသည်။ **(အောက်ယာပုံ)**

ထိုသို့ ထိုးနှံပေးရာတွင် နံနက်ပိုင်းမှစတင်၍ အကျဉ်းထောင်အတွင်း သတ်မှတ်ထားသည့် စုရပ်နေရာများ၌ အကျဉ်းသား ၃၅၀ ၊ အကျဉ်းသူ ၂၅၀ စုစုပေါင်း ၆၀၀ အား ကျန်းမာရေးဝန်ထမ်းများက ကိုဗစ် – ၁၉ ကာကွယ်ရေး နည်းလမ်းများနှင့်အညီ ဆေးထိုးနှံပေးကြသည်။

အဆိုပါ ဆေးထိုးနှံမှုနှင့် စပ်လျဉ်း၍ မန္တလေးဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်နိုင်က "အကျဉ်းထောင်အတွင်းမှာရှိတဲ့ အကျဉ်းသားအားလုံး လွှမ်းခြုံအောင် ထိုးနှံပေးမှာပါ။ တချို့ကျတော့ ကိုဗစ် – ၁၉ ဆေး နှစ်ကြိမ်ထိုးပြီးတဲ့သူတွေ ရှိပါတယ်။ အဲ့လိုလူတွေကိုတော့ မထိုးပေးပါဘူး။ ကိုဗစ် – ၁၉ အတည်ပြုလူနာတွေကိုလည်း မထိုးပေးပါဘူး။ သူတို့က ခြောက်လအတွင်း ထိုးပေးလို့မရပါဘူး။ ဒီနေ့ပထမဦးဆုံးနေ့မှာ ၆၀ နှစ်အထက် အကျဉ်းသားတွေကို ဦးစားပေး ထိုးနှံပေးပါတယ်။ ကျန်တဲ့အဖွဲ့တွေကို တစ်ဆောင်ချင်း အိပ်ဆောင်အလိုက် ထိုးနှံပေးသွားမှာပါ။ ဆေးထိုးပေးတဲ့သူတွေကတော့ အကျဉ်းဦးစီးဌာနမှာရှိတဲ့ အကျဉ်းထောင် ဆရာဝန်တွေနဲ့ ကျန်းမာရေးဝန်ထမ်းတွေ ဖြစ်ပါတယ်။ အပြင်မှာလည်း ကိုဗစ် – ၁၉ ကာကွယ်ဆေးတွေ ထိုးနေပါတယ်။ အပြင်နဲ့နည်းတူ အကျဉ်းထောင်မှာရှိတဲ့ အကျဉ်းသားတွေကို ထိုးပေးတာ ဖြစ်ပါတယ်။ ဒီလို ကာကွယ်ဆေး ထိုးနှံပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲတွေနဲ့ အကျဉ်းဦးစီးဌာနက တာဝန်ရှိသူတွေကို အကျဉ်းသားတွေကိုယ်စား ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်"ဟု ပြောသည်။

ကာကွယ်ဆေး ထိုးနှံခဲ့သူ အကျဉ်းသား တစ်ဦးကလည်း "အခုလို ကာကွယ်ဆေးထိုးနှံနိုင်အောင် စီစဉ်ဆောင်ရွက်ပေးတဲ့အတွက် ရင်ထဲမှာ ဝမ်းသာပီတိဖြစ်မိပါတယ်။ ဒီဆေးအပေါ် ယုံကြည်မှုလည်း ရှိတယ်။ နိုင်ငံတော်အကြီးအကဲတွေ၊ ထောင်မှူး၊ ထောင်ပိုင်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေကို ကျေးဇူးတင်ပါတယ်။ ဆေးမထိုးခင်မှာ သွေးပေါင်တွေချိန်ခြင်းနဲ့ အပူချိန်တိုင်းတာပေးခြင်းတို့ကိုလည်း လုပ်ဆောင်ပေးပါတယ်။ ကာကွယ်ဆေးထိုးတဲ့အပေါ်မှာလည်း ကြောက်တဲ့စိတ် မရှိခဲ့ပါဘူး။ မန္တလေးမြို့မှာ ကာကွယ်ဆေးတွေ ထိုးနေပြီဆိုတာ တီဗွီထဲမှာတွေ့ရတော့ အဘတို့ဆီလည်း ထိုးပေးရင်ကောင်းမယ်ဆိုပြီး စိတ်ထဲက တွေးမိတယ်။ ဆေးလာထိုးပေးဖို့ ကြာဦးမယ်လို့ ထင်ခဲ့မိပေမယ့် အခုလိုချက်ချင်းကြီး ရောက်လာတော့ ဝမ်းသာတာပေါ့" ဟု ပြောသည်။

ကာကွယ်ဆေး ထိုးနှံခဲ့သူ အကျဉ်းသူ တစ်ဦးကလည်း "ကျွန်မတို့ကို ပစ်ပယ်မထားဘဲ အခုလို ကာကွယ်ဆေးကို ဦးစားပေးအဆင့်အနေနဲ့ ထိုးပေးတဲ့အတွက်ကြောင့် ဝမ်းသာပီတိဖြစ်မိပါတယ်။ အခုလို ကာကွယ်ဆေးထိုးနိုင်အောင် စီစဉ်ပေးတဲ့သူအားလုံး စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်းတွေနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းပေးပါတယ်။ အားလုံးကို ကျေးဇူးလည်းတင်ပါတယ်" ဟု ပြောသည်။



ကိုဗစ် – ၁၉ ကာကွယ်ဆေး ထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှု ပမာဏတိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးကြောင်း သိရသည်။

ထို့ပြင် ကာကွယ်ဆေးထိုးနှံပြီးသူများ နာရီဝက်နားနေနိုင်စေရန် နားနေခန်းများ စီစဉ်ဆောင်ရွက်ထားပေးခြင်း၊ အနားယူနေစဉ်အချိန်အတွင်း ရုတ်တရက် ကျန်းမာရေး ချို့ယွင်းလာပါကလည်း လိုအပ်သည်များ ကုသပေးနိုင်ရန် အဆင်သင့် ဆောင်ရွက်ပေးခြင်းတို့အပြင် နောက်ရက်များတွင်လည်း ကာကွယ်ဆေးများ ရရှိမှုပေါ်မူတည်၍ ဆက်လက်ထိုးနှံပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **မောင်အေးချမ်း**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမှုမြင်ကွင်းများ



တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်။ ကျော်စိုး(ကော့သောင်း)



စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်။ ကျော်စွာ(ဗန်းမောက်)



ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ်။ စည်သူငွေး



ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်။ မြို့နယ်(ပြန်/ဆက်)



ချင်းပြည်နယ် ဖလမ်းမြို့နယ်။ ကိုရှိန်း(ဖလပ်မြေ)



ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်။ စိုင်း(သီပေါ)



ကချင်ပြည်နယ် မိုးကောင်းမြို့နယ်။ သန်းလွင်ဦး(ပြန်/ဆက်)




စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်။ ခရိုင်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး မကွေးခရိုင်။ ကိုအောင်



ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်။ မျိုးမင်းဦး



စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်။ မြင့်ထွန်းမင်း(ကောလင်း)

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် ဩဂုတ် ၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂ ရက်နှင့် ယနေ့တို့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ပေါင်း ၈ မြို့နယ်မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၄၇၈၆ ဦးတို့ကိုလည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း လေးမြို့နယ်မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေသည် အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၂၄၇၆ ဦးတို့အား လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ရှိ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ဒေသခံတိုင်းရင်းသားပြည်သူ စုစုပေါင်း ၇၆၉ ဦးကိုလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မြို့နယ်ပေါင်း ၁၁ မြို့နယ်မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူစုစုပေါင်း ၁၃၉၃၈ ဦးကိုလည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်ပေါင်း ခုနစ်မြို့နယ်အတွင်းရှိ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူ စုစုပေါင်း ၂၃၁၅ ဦးကိုလည်းကောင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ၁၄ မြို့နယ်တို့မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ သံဃာတော်များနှင့် ပြည်သူ စုစုပေါင်း ၁၁၃၀၀ တို့ကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ပေါင်း ၁၁ မြို့နယ်မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ သံဃာတော်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၅၂၈၆ ဦးတို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ပေါင်း ၂၆ မြို့နယ်မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ သံဃာတော်များ၊ ဒေသခံပြည်သူများနှင့် အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၇၉၆၀ တို့ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ၁၇ မြို့နယ်မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၀၄၆၉ ဦးတို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ကိုးမြို့နယ်မှ သံဃာတော်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၇၄၁၃ ဦးတို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုရှိ မြို့နယ်များမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် တိုင်းရင်းသားပြည်သူစုစုပေါင်း ၅၈၁၅ ဦးတို့ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၇ မြို့နယ်မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ သံဃာတော်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၅၅၉၅ ဦးတို့ကိုလည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းနှင့်အတူ ပူးပေါင်းကာ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့်စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိပြီး ပြီးစီးသည့်နေရာများတွင် စနစ်တကျ လက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါအထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၃၈ ဦးနှင့် အမျိုးသမီး ၁၁၈ ဦး စုစုပေါင်း ၂၅၆ ဦးကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၁၁၆ ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၁၁၉ ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၂၇၄ ဦးနှင့် အမျိုးသမီး ၂၃၂ ဦး စုစုပေါင်း ၅၀၆ ဦးကိုလည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာအမျိုးသား ၆၇ ဦးနှင့် အမျိုးသမီး ၄၅ ဦး စုစုပေါင်း ၁၁၂ ဦးကိုလည်းကောင်း အသီးသီး လက်ခံထားရှိကြောင်း သိရသည်။

အထက်ပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ တိုင်းမှူးများ၊ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

### ၃-၈ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၅၈၉၅၉၈၀ | ၂၉၇၁၇၅၃၇ | ၆၂၉၈၆၂ |
| ၂။ | အိန္ဒိယ | ၃၁၇၂၆၅၀၇ | ၃၀၈၉၆၃၅၄ | ၄၂၅၂၈ |
| ၃။ | ဘရာဇီး | ၁၉၉၅၃၅၀၁ | ၁၈၆၈၇၂၀၃ | ၅၅၇၃၅၉ |
| ၄။ | ရုရှား | ၆၃၃၄၁၉၅ | ၅၆၅၉၇၄၆ | ၁၆၀၉၂၅ |
| ၅။ | ပြင်သစ် | ၆၁၅၁၈၀၃ | ၅၇၀၈၉၁၃ | ၁၁၁၉၃၆ |
| ၆။ | ဗြိတိန် | ၅၉၀၂၃၅၄ | ၄၅၃၆၁၅၂ | ၁၂၉၇၄၃ |
| ၇။ | တူရကီ | ၅၇၇၀၈၃၃ | ၅၄၆၅၈၄၆ | ၅၁၅၁၉ |
| ၈။ | အာဂျင်တီးနား | ၄၉၄၇၀၃၀ | ၄၅၉၄၈၇၃ | ၁၀၆၀၄၅ |
| ၉။ | ကိုလံဘီယာ | ၄၈၀၁၀၅၀ | ၄၅၉၈၁၇၆ | ၁၂၁၂၁၆ |
| ၁၀။ | စပိန် | ၄၅၀၂၉၈၃ | ၃၇၃၉၆၆၂ | ၈၁၆၄၃ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၃ - ၈ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၃၄၉၆၇၀၀ | ၂၈၇၃၆၆၉ | ၉၈၈၈၉ |
| ဖိလစ်ပိုင် | ၁၆၁၂၅၄၁ | ၁၅၂၁၂၆၃ | ၂၈၁၄၁ |
| မလေးရှား | ၁၁၆၃၂၉၁ | ၉၅၀၀၂၉ | ၉၅၉၈ |
| ထိုင်း | ၆၅၂၁၈၅ | ၄၃၇၈၃၁ | ၅၃၁၅ |
| မြန်မာ | ၃၁၁၀၆၇ | ၂၂၀၈၈၇ | ၁၀၃၇၃ |
| ဗီယက်နမ် | ၁၆၅၃၃၉ | ၄၆၉၆၅ | ၁၈၈၁ |
| ကမ္ဘောဒီးယား | ၇၉၀၅၁ | ၇၂၁၄၅ | ၁၄၇၁ |
| စင်ကာပူ | ၆၅၃၁၅ | ၆၃၀၃၃ | ၃၈ |
| လာအို | ၇၀၁၅ | ၃၃၉၂ | ၇ |
| ဘရူနိုင်း | ၃၃၈ | ၂၈၀ | ၃ |

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၈-၂၀၂၁ ဗုဒ္ဓဟူးနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ မောရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
- **၀၉:၂၅** သုတို့ဒေသသုတို့ဘဝ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၁:၂၀** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- **၁၁:၄၅** ဆေးဘက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး
- **၁၃:၃၀** MRTV National News
- **၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'သမိုင်းဘာသာရပ်'
- **၁၇:၀၅** ရှမ်းကန်လှပ်ရှားဘဝများ
- **၁၇:၂၀** အာဆီယံအမျိုးသမီးစွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များအကြောင်း
- **၁၇:၃၅** MRTV Travelogue
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၂၀** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
- **၁၉:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားဒေါ်ဆောင်ရာ' (အပိုင်း-၃၇)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** ဝဿာန်ဒါယီတေးသံသီ ဖျော်ဖြေမှုအစီအစဉ်
- **၂၁:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အိမ်ထောင်ရေးပညတ်ချက်များ' (အပိုင်း-၁၅)

**mitv**

- **07:01** News
- **07:27** Discovering Tribes "Rvwang" Their Life and Customs (Part-1)
- **07:52** Myanmar Puppet
- **08:01** Innovative Handiworks Based On The Art Of Line Drawing
- **08:20** Farming: Duck Breeder
- **08:30** Gold from Garbage
- **08:42** Myanmar Masterclass: Artist Than Kywe
- **08:53** School for the Blind
- **09:01** Myanmar Traditional Food: Mohinga
- **09:21** The Golden Triangle
- **09:35** Chef Life - Thanakrit Chamnongbutr
- **09:48** Well-trained Elephants
- **10:22** Myanmar Weaving
- **10:34** Diary of a Fisherman

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယာမျိုးနွယ်စုတို့ရဲ့ဝတ်စားဆင်ယင်မှု

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
တံငါသည်တို့ရဲ့ရှန်းကန်လှုပ်ရှားနေရတဲ့ဘဝ

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကရင်စာပေစကားပြောကြပါစို့(အပိုင်း-၂)

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကရင်ဖြူတိုင်းရင်းသားတို့ရဲ့ကြက်ရိုးထိုးဓလေ့

**ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)**
ပြောင်းဖူးခြောက်ပြုတ်နည်း

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
မဒါးအိမ်နူးသို့အလည်တစ်ခေါက်

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်ယဉ်ကျေးမှုပြတိုက်

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
မြန်မာပြည်တစ်လွှားလျှာထိအာထိ ရခိုင်ဟင်းလျာများ(အပိုင်း-၁)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
လွယ်ပြားရွာကစိုင်းစံမိန်း

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
နေကြာစိုက်ပျိုးခြင်း(အပိုင်း-၂)

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ဒေါင်လန်ဖူးအလွန်မှဒီးလာဝါဇီကျေးရွာသို့

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၁)
- **၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အဝယ်ပလော်နဲ့'
- **၁၁:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၂)

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

■ *ကျောဖုံးမှ*

အသိပေး ကြေညာချက်များ၊ တာဝန်ရှိသူများ ညှိနှိုင်းထားသည့် SOP များနှင့်အညီ လွယ်ကူမြန်ဆန်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Oxygen Concentrator ၁၀၈၀၁ ခု၊ Test Kit ၃၃၉၄၂ ခုတို့ အပါအဝင် မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်၊ တာချီလိတ်၊ ကန်ပိုက်တီး၊ ကော့သောင်း ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည် (Bowser) ယာဉ်တစ်စီးဖြင့် တန် ၂၀၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) တန် ၂၀၊ အောက်ဆီဂျင်ခာတ်ငွေ့(အိုးဖြင့်) ၃၃ တန်၊ အောက်ဆီဂျင် (Generator) ၅ ခု၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၁၂၂၄၈ ခု၊ Test Kit ၆၃၉၄၂ ခုနှင့် နှာခေါင်း စည်း (Mask) ၂၁ တန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများကို ကုမ္ပဏီ ၃၈ ခုမှ ယာဉ်စီးရေ ၆၉ စီးဖြင့် တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဩဂုတ်လအတွင်း ယာဉ်စီးရေ ၁၄၆ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၁၃၃ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၃၂ တန်၊ အောက်ဆီဂျင်ခာတ်ငွေ့အိုးဖြင့် ၃၈ တန်၊ အောက်ဆီဂျင် (Generator) ၅ ခု၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၂၂၈၁၃ ခု၊ Test Kit ၁၃၅၉၄၂ ခု၊ နှာခေါင်းစည်း (Mask) ၁၈၃ တန်၊ PPE ၁၀၈၄၅၄ စုံ တင်သွင်းခွင့်ပြုခဲ့ပြီး ဖြစ်သည်။

ဇူလိုင်လအတွင်း ယာဉ်စီးရေ ၇၄၉ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၇၂၇ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၅၆၇ တန်၊ အောက်ဆီဂျင်ခာတ်ငွေ့ (အိုးဖြင့်) ၁၁၄ တန်၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၆၉၁၄၆ ခု၊ Oxygen Plant ၈ ခု၊ Oxygen Generator ၁၁ ခု၊ ဆေးရုံသုံး အောက်ဆီဂျင်ဖြည့်စက် ၄ ခု၊ Test Kit ၃၂၂၈၇၈ ခု၊ နှာခေါင်းစည်း (Mask) ၁၁၀၄ တန်၊ PPE ၁၈၂၉၇၅ စုံ တင်သွင်းခွင့်ပြုခဲ့ပြီး ဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ် ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ် မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များနှင့် အသိပေးကြေညာချက်များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် Commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်အိုးများ တင်သွင်းလာမှုကို တွေ့ရစဉ်။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃-၈-၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၆၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၃၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၃၅ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၆ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၀၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၀၆၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၈၉ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၈၉ . ၁၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၃ . ၀၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၉၃၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၀၇ | ၉၅၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၄၅၀၀ | ၁၁၄၄ | ၃၉၅၂၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၅၀၀ | ၁၀၀၀၀၀၀၀ |
| TMH | ၂၈၀၀ | ၂၇၀၀ | ၂၉ | ၇၈၄၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၆ | ၇၈၄၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီမွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် တောင်ကြီးမြို့၌ ရဟန်းသံဃာတော်များအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုကို ကြည့်ရှု

**တောင်ကြီး ဩဂုတ် ၃**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် ဩဂုတ် ၃ ရက်က တောင်ကြီးမြို့ မူလမင်းကွန်းပရိယတ္တိစာသင်တိုက်၌ ရဟန်း သံဃာတော်များ၊ သာမဏေများ၊ သီလရှင်ဆရာလေးများ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးနေမှုအား ကြည့်ရှုအားပေးကြသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးနေမှုတွင် မူလမင်းကွန်း ပရိယတ္တိစာသင်တိုက်တွင် တောင်ကြီးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၃ ကျောင်းမှ ရဟန်းသံဃာတော် ၁၁၃ ပါး၊ သာမဏေ ၇၂ ပါးနှင့် သီလရှင်ဆရာလေးခုနစ်ပါး လာရောက်ထိုးနှံကြပြီး ကျန်ရှိသည့် ကျောင်းများကိုလည်း ဆက်လက်ထိုးပေးမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ အသက် ၆၅ နှစ်နှင့် အထက် ဘိုးဘွားများ၊ ကျန်းမာရေးဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့များအား ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးပေးနေမှုကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**



# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားအကျဉ်းထောင်အတွင်း ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံပေးနေမှုကို ကြည့်ရှု

မြစ်ကြီးနား ဩဂုတ် ၃

**ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဩဂုတ် ၂ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ် ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအစည်းအဝေးကို ကျင်းပသည်။**

အစည်းအဝေးတွင် တပ်မတော်အရာရှိကြီးများ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ အလေးထားလိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်မှာကြားချက်များကို ရှင်းလင်းပြောကြားပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြတ်သက်ဦးက တပ်မတော်အနေဖြင့် အောက်ဆီဂျင်လိုအပ်ချက်အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများနှင့် ကာကွယ်ဆေးထိုးနှံပေးရေးကိုလည်း ကျန်းမာရေးဝန်ထမ်းများ လိုအပ်ချက်ရှိသည့် မြို့နယ်များတွင် တပ်မတော်မှ အားဖြည့်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ အစိုးရအဖွဲ့နှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။



ယင်းနောက် ပြည်နယ်ကော်မတီအတွင်းရေးမှူး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်လင်းအောင်က ပြည်နယ်အတွင်း ကိုဗစ်- ၁၉ ဖြစ်ပွားမှုအခြေအနေများနှင့် ကိုဗစ်- ၁၉ အတည်ပြု လူနာဆောင်များနှင့် ကန့်သတ်စောင့်ကြည့်ရေးစင်တာများ တိုးချဲ့ဆောင်ရွက်ထားရှိမှု၊ အောက်ဆီဂျင်လိုအပ်ချက်၊ စေတနာ့ဝန်ထမ်းများ စည်းရုံးရှာဖွေပြီး ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများ၊ ကာကွယ်ဆေးရောက်ရှိ ထိုးနှံပေးနိုင်မှုအခြေအနေများနှင့် ဆေးဝါးပစ္စည်းအရောင်းဆိုင်များတွင် ဆေးဝါးများ ဝယ်ယူရရှိနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ဖြည့်ဆည်းပေးသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားအကျဉ်းထောင်၌ အကျဉ်းသူ ၁၇၀ နှင့် အကျဉ်းသား ၇၄၉ ဦးတို့အား ကျန်းမာရေးဌာနမှ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပေးနေမှု အခြေအနေကို ကြည့်ရှုအားပေးကြပြီး ကာကွယ်ဆေးထိုးနှံပေးနေသည့် ကျန်းမာရေးဝန်ထမ်းများနှင့် အကျဉ်းထောင်ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့မှတစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အသုံးပြုနိုင်ရေးအတွက် အလှူငွေ လှူဒါန်းပေးအပ်ပွဲသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ကချင်ပြည်နယ်ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းမှလှူဒါန်းသည့် ကိုဗစ်-၁၉ အတည်ပြုလူနာများအတွက် ဗီတာမင်- ဒီ အားဖြည့်ဆေးရည် ၇၀၊ အောင်နန်းဗလီဂေါပကအဖွဲ့မှ အလှူငွေကျပ်သိန်း ၃၀ နှင့် အမဲသားသတ်လုပ်ငန်းလိုင်စင်အဖွဲ့မှ ငွေကျပ်သိန်း ၆၀ လှူဒါန်းမှုကို လက်ခံယူသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုနှင့် အောက်ဆီဂျင်ထုတ်လုပ်မှုတို့ကို ကြည့်ရှု

ပုသိမ် ဩဂုတ် ၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမနှင့် အ.ထ.က(၁)တို့တွင် ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုကို ဩဂုတ် ၂ ရက် က ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးသည်။

ယင်းနောက် ပုသိမ်မြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ အောက်ဆီဂျင် ထုတ်လုပ်ဖြန့်ဖြူးနေမှုကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်ပြီး ပုသိမ်မြို့ အ.ထ.က(၁)တွင် ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းများ၊ အစိုးရဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဈေးရောင်း/ ဈေးဝယ်စင်တာများမှ ဝန်ထမ်းများ၊ တက္ကသိုလ်နှင့် ပညာရေးဌာနများမှ ဝန်ထမ်းများ၊ သံဃာတော်များ၊ သီလရှင်များ ကိုဗစ်- ၁၉ ကာကွယ်ဆေး လာရောက်ထိုးနှံနေမှုကို ကြည့်ရှုအားပေးစကားပြောကြားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဟိုပန်မြို့နယ် ပြည်သူ့ဆေးရုံသို့ ကိုဗစ်- ၁၉ ရောဂါစစ်ဆေးရေး ပစ္စည်းများလှူဒါန်း

ဟိုပန် ဩဂုတ် ၃

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ ကိုဗစ်- ၁၉ ရောဂါကာကွယ် ကုသခြင်းလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ဩဂုတ် ၂ ရက်က ကိုစိုင်းခွန်ဖုန်း- မလေး (Forever)စားသောက်ဆိုင်နှင့် ကိုအောင်ရွှေဦး- မမီးမီး(ပစ်တိုင်းထောင်) ဆေးဆိုင်တို့က RDT Test Kit ၉၅ ခု ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာပြည့်ကိုကိုက လက်ခံသည်။

ဟိုပန်မြို့တွင် ဩဂုတ် ၂ ရက်အထိ ကိုဗစ်- ၁၉ အတည်ပြုလူနာ ၈၈ ဦး၊ သက်သာပျောက်ကင်း၍ ဆေးရုံဆင်းခွင့်ရသူ ၆၉ ဦး၊ ဆေးကုသလျက်ရှိသူ ၁၈ ဦး၊ သေဆုံးသူတစ်ဦး ရှိကြောင်း ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီး ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းစည်းဝေး



**ထားဝယ် ဩဂုတ် ၃**

တနင်္သာရီတိုင်းဒေသကြီးကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၂၁) ကို ဩဂုတ် ၂ ရက်က ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ကျန်းမာရေးက ထုတ်ပြန်ထားသော ကျန်းမာရေး အသိပညာပေးမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ကြောင်း၊ ကာကွယ်ဆေးထိုးကိစ္စရပ်များကို ဂရုစိုက်ကြရန်၊ ဆေးထိုးပြီးအချိန် လိုက်နာရန်အတွက် ပညာပေးရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီတွဲဖက်အတွင်းရေးမှူး ဦးခင်မောင်ချိုက တိုင်းဒေသကြီးအတွင်း ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများနှင့် ကော်မတီဝင်များက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် မင်းလှမြို့နယ် ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များတွေ့ဆုံ

**အထက်မင်းလှ ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးစိုးပိုင်မြင့်သည် မင်းလှမြို့နယ် ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံပွဲ အခမ်းအနားကို ဩဂုတ် ၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ရောဂါကူးစက်ပြန့်ပွားမှု လျော့နည်းစေရေး မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ကြရေး၊ ကိုဗစ်- ၁၉ ရောဂါကူးစက်မှုလျော့နည်းရေး၊ ရောဂါကူးစက်ခံရသူများ သက်သာပျောက်ကင်းစေရေး၊ သေဆုံးမှုမရှိစေရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်ကြရေး ဆွေးနွေးပြောကြားပြီး သရက်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်မျိုးလတ်က သရက်ခရိုင်အတွင်းရှိမြို့နယ်များ တွင် ကိုဗစ်-၁၉ လူနာစစ်ဆေးတွေ့ရှိမှုအခြေအနေများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က ကိုဗစ်- ၁၉ ပိုးစစ်ဆေးပေးနေမှုများ၊ positive Center များတွင် ထားရှိမှုအခြေအနေများ၊ အောက်ဆီဂျင်ပေးရန် လိုအပ်သည့်လူနာများ၏ အခြေအနေများနှင့် အောက်ဆီဂျင်ရရှိရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ တပ်ရင်းတပ်ဖွဲ့များ၊ အပမာဒ နာရေးကူညီမှုအသင်း၊ မုဒိတာပရဟိတအသင်းတို့မှ အောက်ဆီဂျင်စက်ရုံများနှင့် ချိတ်ဆက်ဖြည့်ဆည်းပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ စန်းစန်းမိုးက ကိုဗစ်-၁၉ ရောဂါသံသယလူနာများ၊ ပိုးတွေ့လူနာများနှင့် ထိစပ်သူများအား RDT Test Kit ဖြင့် စစ်ဆေးပြီး ရောဂါပိုးတွေ့သည့်အခြေအနေများ၊ ပိုးတွေ့လူနာများအား ဆေးကုသပေးနေမှုများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက မုဒိတာပရဟိတအသင်းအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ရောဂါကာကွယ်ရေးဝတ်စုံများ၊ နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များနှင့် လက်အိတ်များ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **ဇာဇာ(အထက်မင်းလှ)**

# ဝမ်းတွင်းမြို့နယ်၌ အောက်ဆီဂျင်လိုအပ်သည့်လူနာများအတွက် အောက်ဆီဂျင်များ ဖြည့်တင်းပေးနိုင်ရေး နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိ

**ဝမ်းတွင်း ဩဂုတ် ၃**



မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့်အရေးပေါ် တုံ့ပြန်ရေးကော်မတီအနေဖြင့် အောက်ဆီဂျင်လိုအပ်သော လူနာများအတွက် ပြင်ဦးလွင်၊ မန္တလေး၊ ကူမဲ အစရှိသော မြို့ကြီးများနှင့် ချိတ်ဆက်ပြီး အောက်ဆီဂျင်များ ရရှိနိုင်ရေးအတွက် မြို့နယ်အတွင်းရှိ ကိုဗစ်- ၁၉ ရောဂါ ကူးစက်ခံနေရသည့် ပြည်သူများအား အောက်ဆီဂျင်များ ဖြန့်ဖြူးပေးနိုင်ရေး နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ဝမ်းတွင်းမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ အနေဖြင့် မြို့နယ်အတွင်းရှိ ကိုဗစ်စင်တာများတွင် အောက်ဆီဂျင် လိုအပ်မှုဖြင့် အရေးပေါ်အခြေအနေ ကြုံတွေ့နေရသော လူနာများအတွက် လီတာ ၄၀ ဆံ့အိုး အလုံး ၆၀ ၊ လီတာ ၂၀ ဆံ့ အိုး ၁၅ လုံး၊ ၁၅ လီတာအိုး သုံးလုံး၊ ၁၀ လီတာဆံ့ အိုး ၁၅ လုံးတို့ဖြင့် အောက်ဆီဂျင်များ ရရှိရေး ချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ဝမ်းတွင်းမြို့နယ် အနေဖြင့် ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ခံရသူအမျိုးသား ၂၄၄ ဦး၊ အမျိုးသမီး ၂၈၁ ဦး စုစုပေါင်း ၅၂၅ ဦး ရှိရာ မြို့နယ်အတွင်း ကိုဗစ်- ၁၉ ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဌာနဆိုင်ရာများ၊ မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့်ပြည်သူများ၊ ပရဟိတအဖွဲ့များ ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မဟာအောင်မြေမြို့နယ်၌ ကိုဗစ်-၁၉ သံသယလူနာများအား ကိုဗစ်- ၁၉ ရောဂါပိုး ရှိ မရှိ အခမဲ့ စစ်ဆေးပေးမည်

**မဟာအောင်မြေ ဩဂုတ် ၃**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၆၂ လမ်း၊ ၃၇ လမ်းနှင့် ၃၈ လမ်းကြားရှိ နဒီမြန်မာဟိုတယ် Test & Care Center တွင် ကိုဗစ်- ၁၉ သံသယလူနာများအား ဩဂုတ် ၂ ရက်မှစတင်ကာ ရောဂါပိုး ရှိ မရှိ (အခမဲ့) စစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

ဩဂုတ် ၂ ရက်က နဒီမြန်မာဟိုတယ် Test & Care Center တွင် ကျန်းမာရေးမှူး ဒေါ်ဖြိုးသီရိလွင်ဦးစီး၍ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီအဖွဲ့များက ကိုဗစ်- ၁၉ ရောဂါပိုး သံသယရှိလူနာ ၉၀ အား ကိုဗစ်- ၁၉ ရောဂါပိုး ရှိ မရှိ စစ်ဆေးဆောင်ရွက်ပေးခဲ့ရာ အမျိုးသား၂၃ ဦး၊ အမျိုးသမီး၂၃ ဦး စုစုပေါင်း ၄၆ ဦးတို့တွင် ကိုဗစ်- ၁၉ ရောဂါပိုးတွေ့ရှိခဲ့ပြီး ရောဂါပိုးတွေ့ရှိသူများအား ချမ်းမြသာစည် လေဆိပ်ဟောင်းသို့ ငါးဦး၊ ဇီဝိတဒါနသာသနာ့ဆေးရုံသို့ ခုနစ်ဦး၊ တိုင်းရင်းဆေးရုံသို့လေးဦး၊ အရိုးဆေးရုံသို့ ကိုးဦး၊ ကန်တော်နဒီ ဆေးရုံသို့သုံးဦး၊ ခုတင် ၃၀၀ ဆေးရုံသို့ ခုနစ်ဦး၊ ပြည်သူ့ဆေးရုံကြီးသို့နှစ်ဦး၊ ကျန်းမာရေးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် Home Quarantine သို့ ကိုးဦးတို့အား ပို့ဆောင်ပေးကြောင်း သိရသည်။

ယခင်က နဒီမြန်မာဟိုတယ် Test & Care Center တွင် ကိုဗစ်- ၁၉ စစ်ဆေးမှု ခံယူလိုပါက မန္တလေးအထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးသို့ ဦးစွာပြသရပြီး ဆေးရုံကြီး၏ လွှဲအပ်မှုအရ လူနာမှ စာရင်းပေးသွင်းပြီးမှသာ ရောဂါပိုး ရှိ မရှိစစ်ဆေးခြင်း ဆောင်ရွက်ပေးလျက်ရှိရာမှ ဩဂုတ်၂ ရက်ကစ၍ ကိုဗစ်- ၁၉ ရောဂါသံသယရှိသူများအနေဖြင့် နဒီမြန်မာဟိုတယ် Test & Care Center သို့တိုက်ရိုက်သွားရောက်ကာ ရောဂါပိုး ရှိ မရှိကို နံနက် ၉ နာရီ မှ ညနေ ၄ နာရီအတွင်း (အခမဲ့) စစ်ဆေးနိုင်ကြောင်း သိရသည်။

**ထိပ်ထားနိုင်**

## သုံးခွမြို့နယ် ကိုဗစ်-၁၉ လူနာများနှင့် စေတနာ့ဝန်ထမ်းများအတွက် ဆေးဝါးများလှူဒါန်း

**သုံးခွ ဩဂုတ် ၃**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ကိုဗစ်-၁၉ ပိုးတွေ့လူနာများနှင့် ပရဟိတအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများအတွက် ကြက်ပေါင်းနှင့် ဆေးဝါးများအား ဩဂုတ် ၂ရက်က လာရောက်လှူဒါန်းကြောင်း သိရသည်။

ကိုရီးယားနိုင်ငံရောက် သုံးခွမြို့သူမြို့သားများ စုပေါင်း၍ သုံးခွမြို့နယ် ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသနေသော ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာများ၊ မိုးကုတ်ဝိပဿနာရိပ်သာတွင် ထားရှိသည့် ကိုဗစ်- ၁၉ ပိုးတွေ့လူနာများနှင့် စေတနာ့ဂန်ထမ်းများအတွက် နေ့လယ်စာအဖြစ် ကြက်သားပေါင်းဘူး ၁၈၀၊ ကြက်ဥအလုံး ၃၆၀၊ ဆေးဝါးများ၊ သောက်ရေသန့်နှင့် တစ်ရှူးများအား လာရောက်လှူဒါန်းကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မလှိုင်မြို့နယ်၌ အောက်ဆီဂျင်စက်ရုံတည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲနှင့် ကုသရေးစင်တာသို့ အောက်ဆီဂျင်ဘူးများ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**မလှိုင် ဩဂုတ် ၃**
မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ပညာရေးဌာန မိသားစုမှ ကိုဗစ်-၁၉ ရောဂါ တတိယအကျော့အတွက် အလှူငွေပေးအပ်ပွဲနှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက မြို့နယ်ပြည်သူ့ဆေးရုံ ကုသရေးစင်တာသို့ အောက်ဆီဂျင်အိုးများ လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဖွဲ့စည်းပုံကို ရှင်းလင်းပြောကြားပြီး ပရဟိတအဖွဲ့အစည်းများ အနေဖြင့် မြို့နယ်ကိုဗစ်ကော်မတီနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန်၊ အောက်ဆီဂျင်အိုးများကို ကုသရေးစင်တာများတွင် ဦးစားပေးဆောင်ရွက်ရန် ပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးရွှေက ကိုဗစ်-၁၉ ရောဂါ တတိယအကျော့အတွက် အလှူငွေပေးအပ် လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရေးအတွက် အလှူငွေကျပ် ကိုးသိန်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ ဖြစ်သည့် Saving Mahlaing အဖွဲ့ကို ငွေကျပ် ငါးသိန်း၊ Q.C.S.G အဖွဲ့ကို ငွေကျပ်နှစ်သိန်း စုစုပေါင်း ငွေကျပ် ၁၆ သိန်းကို ပေးအပ်လှူဒါန်းရာ အောက်ဆီဂျင်စက်ရုံ ဖြစ်မြောက်ရေးကော်မတီနှင့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများမှ တာဝန်ရှိသူများက လက်ခံယူကြသည်။

ယင်းနောက် အောက်ဆီဂျင် စက်ရုံတည်ဆောက်ရေးကော်မတီအတွင်းရေးမှူး ဦးကုဋ္ဌေအောင်က အောက်ဆီဂျင် လီတာ ၄၀ ဆံ့အိုး အလုံး ၃၀ ကို မြို့နယ်ဆေးရုံရှိ ကုသရေးစင်တာသို့ ပေးအပ်ရာ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဇော်ဝင်းက လက်ခံယူသည်။ အဆိုပါ အောက်ဆီဂျင်အိုးများမှာ အများပြည်သူသုံး အောက်ဆီဂျင် စက်ရုံတည်ဆောက် နေစဉ်ကာလအတွင်း စက်ရုံမှ ဝယ်ယူထားသော လီတာ ၄၀ ဆံ့အိုး အလွတ်များ ရောက်ရှိလာသဖြင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီက အောက်ဆီဂျင်များ ဖြည့်ဆည်းပေးကာ မြို့နယ် ဆေးရုံရှိ ကုသရေးစင်တာသို့လွှဲပြောင်းပေးအပ်ခြင်း ဖြစ်ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**



# လွယ်ဂျယ်မြို့၌ ဖျားနာကုဆေးခန်း ဖွင့်လှစ်

**လွယ်ဂျယ် ဩဂုတ် ၃**
ကချင်ပြည်နယ် လွယ်ဂျယ်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်နိုင်ရေးအတွက် တရုတ်ဘုံကျောင်းလူမှုကူညီရေးအဖွဲ့ (လွယ်ဂျယ်) အမည်ဖြင့် ဖျားနာကုဆေးခန်း Fever Clinic ကိုလွယ်ဂျယ်မြို့ အောင်ချမ်းသာ ရပ်ကွက်ရှိ တရုတ်စာသင်ကျောင်းဝင်းအတွင်း၌ ဩဂုတ် ၁ ရက်မှ စတင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အခမဲ့ဆေးခန်းဖွင့်လှစ်နိုင်ရေး အတွက် ဗန်းမော်ခရိုင် ကိုဗစ်ကာကွယ် ထိန်းချုပ်ရေးကော်မတီ၏ ခွင့်ပြုချက်၊ လွယ်ဂျယ်မြို့ ကိုဗစ်ကာကွယ်ထိန်းချုပ်ရေး ကော်မတီ၏ ကြီးကြပ်မှု၊ ကျန်းမာရေး ဦးစီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းလမ်းစဉ် စည်းကမ်းချက်များအတိုင်းလိုက်နာပြီး ဩဂုတ် ၁ ရက်မှ စတင်၍ စေတနာ့ဝန်ထမ်း ဆရာဝန် နှစ်ဦး၊ တရုတ်ဘုံကျောင်း လူမှုကူညီရေးအဖွဲ့မှ စေတနာ့ဝန်ထမ်း ၅၀ တို့ဖြင့် လွယ်ဂျယ်မြို့ရှိ မိဘပြည်သူများအား ကိုဗစ်ရောဂါပိုးရှိ မရှိ Test Kit ဖြင့်စစ်ဆေးခြင်းနှင့် ရောဂါပိုးတွေ့ရှိပါက အသွားအလာကန့်သတ်မှုစင်တာတွင် အဆင်ပြေစွာ နေထိုင်စားသောက်နိုင်ရေးအတွက် လူဦးရေ ၂၀၀ စာ ကြိုတင်စီမံဆောင်ရွက်ထားကြောင်း သိရသည်။



လွယ်ဂျယ်မြို့ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ မရှိ စစ်ဆေးပေးစဉ်။

တရုတ်ရိုးရာယဉ်ကျေးမှုအဖွဲ့ လွယ်ဂျယ် အနေဖြင့် ဖျားနာကုဆေးခန်း Fever Clinic တွင် လိုအပ်နိုင်မည့်ဆေးဝါးနှင့် ကျန်းမာရေး သုံးဆက်စပ်ပစ္စည်းများ၊ ၁၅ လီတာဆံ့ အောက်ဆီဂျင်အိုး ၁၀ လုံးနှင့် အသွားအလာကန့်သတ်မှု စင်တာတွင် အသုံးအဆောင်ပစ္စည်းများကို ကြိုတင် စုဆောင်းစီမံထားရှိပြီး ကိုဗစ် -၁၉နှင့် ပတ်သက်၍ လွယ်ဂျယ်မြို့ရှိ မိဘပြည်သူများအား လူမျိုးဘာသာမခွဲခြားဘဲ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တရုတ်ဘုံကျောင်းလူမှုကူညီရေးအဖွဲ့ (လွယ်ဂျယ်) တာဝန်ခံ ဦးဇော်မင်းအောင်ထံမှ သိရသည်။

**လွယ်ဂျယ်(ပြန်/ဆက်)**

# ကာလိမြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး အတွက် လုပ်ငန်းသုံးပစ္စည်းများနှင့် ငွေကျပ် ၁၀ သိန်း လှူဒါန်း

**ကာလိ ဩဂုတ် ၃**
ရှမ်းပြည်နယ်တောင်ပိုင်း ကာလိမြို့အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် ပစ္စည်းများနှင့် ငွေများကို ကာလိမြို့နေ ကွမ်းဟွာအဖွဲ့က ဩဂုတ် ၂ ရက်က နမ့်ခုံးရှမ်းများပရဟိတခန်းမ၌ လာရောက်လှူဒါန်းသည်။

အဆိုပါလှူဒါန်းခြင်းတွင် ကာလိမြို့နေပြည်သူ ဦးကောလီဦးဆောင်သော ကွမ်းဟွာအဖွဲ့သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင်လည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့်ပစ္စည်းများ ဝယ်ယူအသုံးပြုရန်လည်းကောင်း အစရှိသည့်နေရာများတွင် အသုံးပြုစေရန်အတွက် ပါးစပ်၊ နှာခေါင်းစည်း အထုပ် ၅၀၊ အပူချိန်တိုင်းကိရိယာ နှစ်ခု၊ Test Kit ၂၅ ခုပါ သုံးဘူး၊ အောက်ဆီဂျင်တိုင်းကိရိယာတစ်ခုနှင့် ငွေကျပ် ၁၀ သိန်းတို့ကို လှူဒါန်းရာ ကာလိမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူး ဦးရဲမင်းထွန်းနှင့် တာဝန်ရှိသူတို့က လက်ခံယူသည်။ ထို့နောက် ကာလိမြို့နေပြည်သူများကိုယ်စား မြို့အုပ်ချုပ်ရေးမှူး ဦးရဲမင်းထွန်းက ကွမ်းဟွာအဖွဲ့အား ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

**ဝင်းကျော် (ပြန်/ဆက်)**

# ဝေါမြို့နယ်တွင် အောက်ဆီဂျင်စက်ရုံတည်ဆောက်နိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**ဝေါ ဩဂုတ် ၃**
ပဲခူးတိုင်းဒေသကြီး ဝေါမြို့၌ ပိုးတွေ့လူနာများအား ကုသနိုင်ရန်အတွက် ဝေါမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီသို့ အလှူရှင်များက အောက်ဆီဂျင်စက်ရုံတည်ဆောက်နိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၂ ရက်က ကျင်းပသည်။

အလှူရှင်များက မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီသို့ အောက်ဆီဂျင်စက်ရုံ တည်ဆောက်နိုင်ရေးအတွက် ဦးအောင်ချစ်-ဒေါ်အေးကြည် မိသားစုက ငွေကျပ် တစ်သိန်း၊ ဦးသောင်းထွန်း (ခ) ဦးမောင်ငယ်-ဒေါ်ခင်တိုး မိသားစုက ငွေကျပ်ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမော်က လက်ခံယူကြောင်း သိရသည်။

**အောင်မြတ်လင်း**
**(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အတွက် အောက်ဆီဂျင် စက်ဝယ်ယူရန်နှင့် ကာကွယ်ရေးသုံးပစ္စည်းများ ဝယ်ယူရန် အလှူငွေများ လှူဒါန်း

**ပင်လောင်း ဩဂုတ် ၃**
ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်း မြို့နယ် ပြည်သူ့ဆေးရုံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လိုအပ်သော အောက်ဆီဂျင်စက်ဝယ်ယူရန်နှင့် ကာကွယ်ရေးသုံးပစ္စည်းများ ဝယ်ယူရန်အတွက် အလှူငွေများကို ဩဂုတ် ၂ ရက်တွင် အလှူရှင်များက လာရောက်လှူဒါန်းကြသည်။

ပင်လောင်းမြို့အနောက်ရပ်ကွက် ဒေါ်စန်းမြမိသားစုမှ ငွေကျပ် ၁၅၀၀၀၀၊ အနောက်ရပ်ကွက် ဒေါ်နန်းပြုံးယဉ်မွန်သန့်မှ ငွေကျပ် ၅၀၀၀၀၊ အနောက်ရပ်ကွက် ဒေါ်အမာကြည်မိသားစုမှ ငွေကျပ် တစ်သိန်း၊ အ.ထ.က(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းလှမှ ငွေကျပ် ၅၀၀၀၀၊ ဦးစိန်အောင်-ဒေါ်လှလှဝင်းမိသားစုမှ ဆေးပဒေသာပင်အတွက် ငွေကျပ် နှစ်သိန်း၊ ကာကွယ်ရေးပစ္စည်းများ ဝယ်ယူရန်အတွက် ငွေကျပ် နှစ်သိန်း၊ ပင်လောင်းမြို့မင်္ဂလာကွက်သစ်ရပ်ကွက် ဦးခွန်သိန်းမြင့် မိသားစု ငွေကျပ် ငါးသိန်းတို့ကို ပင်လောင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ လာရောက်လှူဒါန်းကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အောက်ဆီဂျင်အိုးနှင့် ဆက်စပ်ပစ္စည်းများလှူဒါန်း

**ရမည်းသင်း ဩဂုတ် ၃**
ရမည်းသင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာများ အောက်ဆီဂျင် ပြတ်လပ်မှုမရှိစေရေး အောက်ဆီဂျင်နှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့လှူဒါန်းခြင်းကို ဩဂုတ် ၂ ရက်က ရမည်းသင်းမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်သည်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အောက်ဆီဂျင် လိုအပ်လျက်ရှိသည့် ကိုဗစ်-၁၉ ကုသရေးဌာန ရမည်းသင်းခရိုင်ပြည်သူ့ဆေးရုံအတွက် ပေးပို့လှူဒါန်းသော အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အလုံး ၂၀ နှင့် Flow Meter အခု ၂၀ တို့ကို နယ်မြေခံတပ်မှ တပ်နယ်မှူး ဗိုလ်မှူးကြီး ဇော်မြင့်ဦးက ပေးအပ်လှူဒါန်းရာ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာအိအိခင်က လက်ခံယူကြောင်း သိရသည်။

ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံကြီး အောက်ဆီဂျင်ထုတ်လုပ်သည့်ဌာနစိတ်မှ လျှပ်စစ်မီးပျက်ခြင်း/ မီးအားမြင့်တက်ခြင်းရှိပါက တစ်ရက်ကို အောက်ဆီဂျင် လီတာ ၄၀ ဆံ့ ၁၂ လုံးရရှိကြောင်း၊ လျှပ်စစ်မီး ၂၄ နာရီ ပုံမှန်ရရှိပါက တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ ၂၅ လုံးမှ ၂၈ လုံးအထိ ရရှိကြောင်း ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီးက ပြောသည်။

**ဇော်ဝင်းအောင်**
**(ပြန်/ဆက်)**

## တနင်္သာရီမြို့နယ်ရှိ ယာယီကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေများ ပေးအပ်

တနင်္သာရီ ဩဂုတ် ၃

**တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်တွင် ဇူလိုင်လအတွင်းက မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် မြစ်ရေ စိုးရိမ်ရေမှတ်ကို ကျော်လွန်ကာ မြို့တွင်းလမ်းများ ရေကျော်ပြီး လူနေအိမ်များသို့ ရေဝင်နစ်မြုပ်မှု ဖြစ်ပွား၍ ယာယီကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ရေဘေးသင့်ပြည်သူ ၂၁၆ ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၄၅၃၆၀၀ ပေးအပ်ခြင်းကို ဩဂုတ် ၂ ရက်က မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံး မြို့နယ်ဦးစီးမှူး ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများက သွားရောက်ပေးအပ်သည်။**

ထိုသို့ ဆန်ရိက္ခာဖိုးငွေ ထောက်ပံ့ရာသို့ မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၂၇ ရက်မှ စတင်၍ တနင်္သာရီမြစ်ရေဝင်ရောက်မှုကြောင့် ဩဂုတ် ၁ ရက်နှင့် ၂ ရက်တို့တွင် ယာယီကယ်ဆယ်ရေးစခန်းသို့ ထပ်မံပြောင်းရွှေ့ နေထိုင်လျက်ရှိသည့် အိမ်ထောင်စုတစ်စု၊ လူဦးရေ ခုနစ်ဦး၊ မြေမအုံကျေးရွာရှိ Multipurpose Shelter ယာယီကယ်ဆယ်ရေးစခန်းသို့ ထပ်မံပြောင်းရွှေ့ နေထိုင်လျက်ရှိသည့် အိမ်ထောင်စု ၃၉ စု၊ လူဦး ရေ ၁၉၁ ဦး၊ ချောင်းကြီးဘုန်းကြီး ကျောင်း ယာယီကယ်ဆယ်ရေး စခန်းသို့ ထပ်မံပြောင်းရွှေ့ နေထိုင်လျက်ရှိသည့် အိမ်ထောင်စု နှစ်စု၊ လူဦးရေ ၁၂ ဦး၊ မြန်မာအင်းတော်ဘုန်းကြီး ကျောင်း ယာယီကယ်ဆယ်ရေး စခန်းသို့ ထပ်မံပြောင်းရွှေ့ နေထိုင်လျက်ရှိသည့် အိမ်ထောင်စု နှစ်စု၊ လူဦးရေ ခြောက်ဦး စုစုပေါင်း အိမ်ထောင်စု ၄၄ စု လူဦးရေ ၂၁၆ ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ ငွေကျပ် ၄၅၃၆၀၀ ကို ဩဂုတ် ၂ ရက်က ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**



ယာယီကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသော ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။

## မြဝတီမြို့၌ ရေကြီးမှုအပြီး တင်ကျန်ခဲ့သည့် အမှိုက်နှင့် ရွှံ့နွံများကို ဖယ်ရှားရှင်းလင်း

**မြဝတီ ဩဂုတ် ၃**

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သောင်ရင်းမြစ်ရေသည် စိုးရိမ်ရေမှတ် ၉၆၃ စင်တီမီတာကို ကျော်လွန်ကာ မြစ်ရေလျှံတက်ပြီး အနိမ့်ပိုင်းနေရာများ ရေကြီးမှု ဖြစ်ပွားပြီး ယခုအခါ အဆိုပါ သောင်ရင်းမြစ်ရေ၏ စိုးရိမ်ရေမှတ်အောက်သို့ ရောက်ရှိကာ မြစ်ရေပြန်လည်ကျဆင်းသွားသည့်အတွက် ရေကြီးမှုတွင် တင်ကျန်ခဲ့သည့် အမှိုက်နှင့် ရွှံ့နွံများကို ဖယ်ရှားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အမှတ်(၃)ရပ်ကွက်ရှိ မိုးကုတ်ကျောင်းအနီးတွင် ဩဂုတ် ၂ ရက်က မြို့သန့်ရှင်းရေး စတင်ဆောင်ရွက်နေမှုများကို မြဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က သွားရောက် ကြည့်ရှုအားပေးပြီး သန့်ရှင်းရေး ဆောင်ရွက်နေသည့် အဖွဲ့များအတွက် ရေသန့်နှင့် မုန့်များ ပေးအပ်သည်။

မြို့သန့်ရှင်းရေး ဆောင်ရွက်ရာတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိန်သောင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးအောင်မင်းစိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောရောဘတ်ထူးနှင့် ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူး ဦးအောင်စိုးနှင့် တပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်**



## မြို့နယ်အချို့၌ မိုးရွာသွန်းပြီး လေပြင်းတိုက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပွား

**နေပြည်တော် ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဩဂုတ် ၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး နန်းမခွင်ချောင်းနှင့် ခြသေ့်ချောင်းတို့၌ တောင်ကျချောင်းရေ တိုက်စားမှုကြောင့် ဖောင်းပြင်မြို့နယ် ကျော်ရွာကျေးရွာပါ ၁၀ ရွာရှိ ကျေးရွာချင်းဆက်သစ်သား တံတား ၁၀ စင်း ရေမျောပါပျက်စီးကြောင်း သိရသည်။

အလားတူ ကရင်ပြည်နယ်အတွင်း ဩဂုတ် ၁ ရက် ညနေ ၄ နာရီက လှိုင်းဘွဲ့ချောင်းရေမြင့်တက်ပြီး ရေတိုက်စားမှုကြောင့် လှိုင်းဘွဲ့မြို့နယ် ကော့ဖျားကျေးရွာနှင့် မိချောင်း ကျေးရွာချင်းဆက် အရှည်ပေ ၃၀၊ အကျယ် ငါးပေခန့် သစ်သားတံတား တစ်စင်းရေမျောပါပျက်စီးကြောင်း၊ ထို့အတူ ဇူလိုင် ၃၁ ရက် ညနေ ၄ နာရီက တနင်္သာရီမြို့နယ်အတွင်း တနင်္သာရီမြစ်ရေသည် စိုးရိမ်ရေမှတ်ကျော်လွန်ရောက်ရှိလာသဖြင့် အနီးရှိ ရပ်ကွက်၊ ကျေးရွာများမှ အိမ်ထောင်စုများအား ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ထားကြောင်းနှင့် ညနေ ၄ နာရီ မိနစ်၅၀ တွင် မြိတ်မြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့် အလယ်ကျွန်း ရပ်ကွက်၌ နေအိမ် တစ်လုံး သစ်ပင်လဲကျပိမိပြီး အမိုးပျက်စီးကြောင်း သိရသည်။

**ရဲပြန်ကြား**

## ကော့ကရိတ်မြို့ အနိမ့်ပိုင်းရပ်ကွက်၌ ရေဝင်ရောက်လျက်ရှိသည့် အိမ်ထောင်စုများအား စားသောက်ကုန်ပစ္စည်းများ သွားရောက်ထောက်ပံ့

**ကော့ကရိတ် ဩဂုတ် ၃**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အနိမ့်ပိုင်းရပ်ကွက်များတွင် ရေဝင်ရောက်လျက်ရှိသည့် အိမ်ထောင်စုများအတွက် စားသောက်ကုန်ပစ္စည်းများကို ယနေ့တွင် နယ်မြေခံတပ်မှ စီးပွားရေးတာဝန်ခံနှင့် စေတနာ့အလှူရှင်များက သွားရောက်ထောက်ပံ့ပေးကြောင်း သိရသည်။

အဆိုပါ ရေဝင်ရောက်လျက်ရှိသည့် အမှတ် ၄ ရပ်ကွက်ရှိ အိမ်ထောင်စု အစု ၅၀ နှင့် အမှတ် ၅ ရပ်ကွက် ရေလယ်ကုန်းရပ်ရှိ အိမ်ထောင်စု အစု ၅၀ တို့ကို နယ်မြေခံတပ် တပ်နယ် ၄ မှ ကော့ကရိတ်မြို့ စီးပွားရေး တာဝန်ခံဗိုလ်ကြီး ပိုင်ပိုင်ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် စေတနာ့အလှူရှင် မလင်းလင်းဦးဆောင်သောအဖွဲ့က ငွေကျပ် ၁၅ သိန်းခန့် တန်ဖိုးရှိ ဆန်ခြောက်ပြည်ဆံ့အိတ် ၁၀၀၊ တစ်လီတာဆီဘူး ၁၀၀၊ ကြက်ဥ ရှစ်လုံးပါ အထုပ် ၁၀၀၊ မားမားငါးထုပ်ပါ ၁၀၀၊ အာလူးတစ်ပိဿာပါ အထုပ် ၁၀၀၊ ကြက်သွန် ငါးပိဿာပါ အထုပ် ၁၀၀၊ ၁၂ လုံးပါ ရေသန့်ဘူးသေး ၅၀ ကတ်တို့ကို အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**စောအောင်မျိုးလွင် (ပြန်/ဆက်)**

## လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာရှိ ရေကြီးနစ်မြုပ်နေသော အိမ်ထောင်စုများအတွက် စားသောက်ကုန်များ ပေးအပ်

**လှိုင်းဘွဲ့ ဩဂုတ် ၃**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာတွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် သံလွင်မြစ်ရေ စိုးရိမ်ရေမှတ် ၉၈၀ စင်တီမီတာမှ ၁၀၂၀ စင်တီမီတာသို့ ရောက်ရှိပြီး ရေကြီးရေလျှံမှုကြောင့် ရွှေဂွန်းကျေးရွာ မြေနိမ့်ပိုင်းရပ်ကွက်များရှိ လူနေအိမ်များသို့ ရေများဝင်ရောက်မှုကြောင့် ရေကြီးနစ်မြုပ်နေသော အိမ်ထောင်စုများအတွက် ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်သော စားသောက်ကုန်များ ထောက်ပံ့ပေးခြင်းကို ဩဂုတ် ၂ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသန်းနှင့် တာဝန်ရှိသူများက သွားရောက်ထောက်ပံ့ပေးအပ်သည်။

ထိုသို့ ထောက်ပံ့ပေးရာတွင် ရွှေဂွန်းကျေးရွာ အထက်ဘုန်းတော်ကြီးကျောင်းရှိ ရေကြီးနစ်မြုပ် အိမ်ထောင်စုများ စားဝတ်နေရေး အခက်အခဲများ မရှိစေရန်အတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်ပြည်၊ မားမားခေါက်ဆွဲခြောက် ၁၀ ထုပ်၊ ကြက်ဥ ၁၀ လုံး စုစုပေါင်းအိမ်ထောင်စု ၂၄ စု လူဦးရေ ၉ ဦးအတွက် သွားရောက်ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဘီးလင်းမြစ်ရေ စိုးရိမ်ရေမှတ်ထက် ကျော်လွန်မြင့်တက်လာမှုကြောင့် အနိမ့်ပိုင်းဒေသရှိ ပြည်သူများအား ရေဘေးရှောင်စခန်းများသို့ ပြောင်းရွှေ့နေရာချထား

**ဘီးလင်း ဩဂုတ် ၃**

ဘီးလင်းမြို့နယ်တွင် ဩဂုတ် ၁ ရက်မှစတင်ကာ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများစီးဆင်းလာမှုကြောင့် ဘီးလင်းမြစ်ရေမှာ စိုးရိမ်ရေမှတ် ၁၀၂၂ စင်တီမီတာ အထက် ၂ စင်တီမီတာ ကျော်လွန်မြင့်တက်လာသည့်အတွက် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအချို့ရှိ အနိမ့်ပိုင်းဒေသတွင် နေထိုင်ကြသော ပြည်သူများအား ဩဂုတ် ၂ ရက်က ရေဘေးလွတ်ရာ ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာချထားပေးသည်။

အဆိုပါ ဘီးလင်းမြစ်ရေ မြင့်တက်လာမှုကြောင့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအချို့ရှိ အနိမ့်ပိုင်းဒေသတွင် နေထိုင်ကြသည့် အိမ်ထောင်စု ၁၈၄ စုမှ လူဦးရေ ၈၁၁ ဦးတို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဝေယံအောင် ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးစခန်း ကိုးခုသို့ ပြောင်းရွှေ့နေရာချထား ဆောင်ရွက်ပေးကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကျုံပျော်၌ အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွား ၃၀၀၀ အား ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးလျက်ရှိ

**ကျုံပျော် ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရေးအတွက် အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွား ၃၀၀၀ အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ တိုက်နယ်အသီးသီးတွင် ထိုးနှံပေးလျက်ရှိကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ကျုံပျော်တွင် အဆိုပါကာကွယ်ဆေးကို ဇူလိုင် ၂၉ ရက်မှစ၍ ဘိုးဘွား ၁၀၀၀ အား စတင်ထိုးနှံခွင့်ရရှိခဲ့ပြီး ယခု ထပ်မံတိုးမြှင့်၍ ဘိုးဘွား ၂၀၀၀ ကို ထိုးနှံခွင့်ရရှိခဲ့ခြင်း ဖြစ်ကြောင်း၊ စုစုပေါင်း အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွား ၃၀၀၀ ကို ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ထိုးနှံရာတွင် လူစုလူဝေး မဖြစ်ပေါ်ရေး၊ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် သတ်မှတ်စည်းကမ်းများနှင့်အညီ စနစ်တကျ စီစဉ်ပြီး၊ ဆေးထိုးမည့် ဘိုးဘွားများအား ကိုယ်ပူချိန် တိုင်းတာခြင်း၊ သွေးပေါင်ချိန် စစ်ဆေးခြင်းနှင့် လိုအပ်ပါက သွေးပေါင်ကျဆေး တိုက်ကျွေးခြင်းတို့ကို ဆောင်ရွက်ကာ စနစ်တကျ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်း၊ ယခုရက်များတွင် လာရောက်ထိုးနှံသူပိုမိုများပြားပြီး သံဃာတော်နှင့်သီလရှင်များ လာရောက်ထိုးနှံကြကြောင်း သိရသည်။

ကျုံပျော်မြို့နယ်တွင် ဆေးထိုးစုရပ်အဖြစ် မြို့မတိုက်နယ်၌ အ.ထ.က(၁) နှင့် အ.ထ.က (၂) တို့တွင် လည်းကောင်း၊ ရေစခန်း၊ အထောင်၊ အင်းရဲ၊ ဒိုက်ပျက်စသည့် တိုက်နယ်များတွင် သက်ဆိုင်ရာ အထက်တန်းကျောင်းအသီးသီးတို့တွင် လည်းကောင်း၊ ဆေးထိုးစုရပ်များဖွင့်လှစ်ကာ ထိုးနှံပေးလျက်ရှိကြောင်း၊ ဆေးထိုးနှံမှု စနစ်တကျရှိစေရန်အတွက် ကာကွယ်ဆေးထိုး စိစစ်ကြီးကြပ်ရေးအဖွဲ့များက ကူညီဆောင်ရွက်လျက်ရှိပြီး မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးဇေယျမင်းနှင့် တာဝန်ရှိသူများက ဆေးထိုးနှံနေမှုများကို လိုက်လံကြည့်ရှု၍ အားပေးကူညီမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ဦးစားပေးအစီအစဉ်ဖြင့် အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမည်

မြင်းမူ ဩဂုတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့အတွက် ပြည်ပနိုင်ငံများမှ တင်သွင်းရောက်ရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ခွဲဝေပေးပို့လျက်ရှိရာ ဆေးအလုံးရေ ၂၀၀၀ ရရှိခဲ့ပြီး ဦးစားပေးအစီအစဉ်တွင် ပါဝင်သည့် အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများကို ဩဂုတ် ၃ ရက်မှ ၄ ရက်အထိ နှစ်ရက်ကြာ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ကာကွယ်ဆေးများ ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်အတွင်း ရောဂါဖြစ်ပွားမှုအများဆုံးတွေ့ရှိရသည့် မြို့ပေါ်ရပ်ကွက်များဖြစ်သည့် အရှေ့ပိုင်းရပ်ကွက်၊ အနောက်ပိုင်းရပ်ကွက်၊ တောင်ပိုင်းရပ်ကွက်၊ မြောက်ပိုင်းရပ်ကွက်၊ ကျေးရွာများအနေဖြင့် ကန်တော်ကျေးရွာ၊ ထီးဆောင်းကျေးရွာနှင့် ငါးကင်းကျေးရွာအုပ်စုတို့မှ အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများကို ကျေးရွာနှင့် ရပ်ကွက်များအလိုက် ဆေးထိုးနှံရန် သတ်မှတ်ထားသည့် အ.ထ.က(၁)၊ အ.ထ.က(၂)၊ မိုးလုံလေလုံအားကစားရုံ၊ အ.မ.က(၂)နှင့် စွန်းလွန်းဘုန်းတော်ကြီးကျောင်းများတွင် ထိုးနှံပေးမည်ဖြစ်သည်။

မြင်းမူမြို့နယ်အတွင်း အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွား ၁၂၀၂၆ ဦးရှိကြောင်းနှင့် ဘိုးဘွား၂၃၈ ဦး ခန့်သာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားကြောင်း မြို့နယ်ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီစာရင်းများအရ သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

# မြို့နယ်အချို့၌ အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများအား ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**ကျိုင်းတုံ**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်တွင် အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများ၊ နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းမိသားစုများ၊ ပုဂ္ဂလိကဘဏ်ဝန်ထမ်းများ၊ ပုဂ္ဂလိက စက်ရုံ/ အလုပ်ရုံဝန်ထမ်းများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းဝန်ထမ်းများနှင့် ဈေးသည်များအား ဩဂုတ် ၁ ရက်က သတ်မှတ်စုရပ် ငါးနေရာ၌ တာဝန်ရှိသူများက တစ်ပြိုင်နက်တည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆီနိုဖမ်း ထိုးနှံပေးသည်။

ကာကွယ်ဆေးထိုးနှံပေးခြင်းမပြုမီ တာဝန်ရှိသူများက ကိုယ်ပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင် ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ ဆောင်ရွက်ကာ ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေး ထိုးနှံပေးခဲ့ရာ လူဦးရေ ၂၀၀၀ ကျော် ထိုးနှံပေးခဲ့ကြောင်းသိရပြီး ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသူများအား ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ကျိုင်းတုံမြို့ အမှတ်(၃)ရပ်ကွက်ရှိ မြို့တော်ခန်းမ ကတ်ဖကျေးရွာအုပ်စု ဝမ်ဆိုင်းဘုန်းကြီးကျောင်း၊ လွိုင်မွေကျေးရွာတိုက်နယ်ဆေးရုံ၊ မိုင်းခွန်ကျေးရွာတိုက်နယ်ဆေးရုံ၊ ယန်းခကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးစုရပ် နေရာငါးနေရာတွင် ထိုးနှံပေးခဲ့ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမင်းသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်၊ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

**လှိုင်းဘွဲ**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ရွှေဂူနန်းကျေးရွာ တိုက်နယ်ဆေးရုံတွင် သံဃာတော်များ၊ အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို ဩဂုတ် ၂ ရက်က စတင်ထိုးနှံပေးသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ စောငြိမ်းထွန်းက ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လာရောက်ထိုးနှံကြသည့် သံဃာတော်များ၊ အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းမှ စေတနာ့ဝန်ထမ်းများနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများအား ကိုယ်ပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူများကို မိနစ် ၃၀ ခန့် အနားယူစေခြင်းများ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ဆန်းဦးတို့က ကာကွယ်ဆေးထိုးနှံနေမှုကို ကြည့်ရှုခဲ့ပြီး မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဆေးအလုံးရေ ၅၀၀ ဖြင့် လှိုင်းဘွဲမြို့ အောင်ဆန်းခန်းမ ရွှေဂူနန်းတိုက်နယ်ဆေးရုံတွင် ထိုးနှံပေးခဲ့ရာ ကျန်ရှိသော မြိုင်ကြီးငူတိုက်နယ်ဆေးရုံ၊ ပိုင်ကျုံမြို့ တိုက်နယ်ဆေးရုံနှင့် ရှမ်းရွာသစ်တိုက်နယ်ဆေးရုံတို့တွင်လည်း ဆက်လက်ထိုးနှံပေးမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်၌ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူတစ်ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ဩဂုတ် ၁ ရက်က တွေ့ရစဉ်။ ဆောင်းနှင်းဖြူ(ပြန်/ဆက်)

**မင်းဘူး**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ဩဂုတ် ၁ ရက်က မင်းဘူးမြို့နယ် မင်းဘူးဦးဩဘာသခန်းမနှင့် စကုမြို့ မိခင်နှင့်ကလေး ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများ၌ တစ်ပြိုင်တည်း ထိုးနှံပေးသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် မင်းဘူး(စကု)မြို့နယ်အတွက် တရုတ်နိုင်ငံထုတ် ဆီနိုဖမ်းကာကွယ်ဆေးအလုံး ၂၁၀၀ ရရှိမည်ဖြစ်ပြီး စကုမြို့နယ်အတွက် အလုံး ၅၀၀ နှင့် မင်းဘူးမြို့နယ်အတွက် အလုံး ၁၆၀၀ တို့ကို ဩဂုတ် ၂ ရက်က အသက် ၆၅ နှစ်နှင့်အထက် ပြည်သူ ၁၀၀ နှင့် ဌာနဆိုင်ရာဝန်ထမ်း ၁၀၀ တို့အပြင် စကုမြို့တို့တွင်လည်း ရပ်ကွက်နှင့် ဌာနများအလိုက် လူဦးရေ ၁၀၀ ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိပြီး ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေသည့် ဝန်ထမ်းများနှင့် ပြည်သူများကိုလည်း ခုနစ်ရက်တိုင်တိုင် ဆက်လက်ထိုးနှံပေးမည် ဖြစ်ကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**

**ကျောက်ဆည်**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများအား ဩဂုတ် ၃ ရက်က စုကြီး ရပ်ကွက်မြို့တော်ခန်းမတွင် ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးများ ထိုးနှံပေးရာတွင် ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲဝင်းနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ အဖွဲ့သုံးဖွဲ့ခွဲကာ အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွား ၂၉၄ ဦးအား ဦးစားပေးထိုးနှံပေးပြီး သံဃာတော် သုံးပါး၊ ကျန်းမာရေးဝန်ထမ်း ၃၆ ဦး၊ နိုင်ငံ့ဝန်ထမ်းလေးဦး၊ စေတနာ့ဝန်ထမ်း သုံးဦး စုစုပေါင်း ၃၄၀ ကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးကြောင်း သိရသည်။

**တင်တင်ထွေး**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဩဂုတ် ၃**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့်ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများ အနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

*◈ ကျောဖုံးမှ*

(က) မိမိနေအိမ်တွင်သာ နေထိုင်ရန် -

(၁) အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမပါ၊

(၂) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်းလုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ် တစ်ကိုယ်ရေသုံးပစ္စည်း ထုတ်လုပ်သည့်စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန်သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့်လုပ်ငန်းများ၌ မဖြစ်မနေ တာဝန်ထမ်းဆောင်သူများမပါ၊

(၃) ဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိကဆိပ်ကမ်းများ၊ သင်္ဘောလိုင်းဌာနေကိုယ်စားလှယ်ရုံးများ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ ကုန်သေတ္တာတင် မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်းပို့ကုန်/ သွင်းကုန် သယ်ဆောင်သည့် ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်းကုန်သေတ္တာစခန်းများ (Inland Container Depot) နှင့် ကုန်းတွင်းဆိပ်များ (Dry Port) မှ ဝန်ထမ်းများမပါ၊

(၄) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများမပါ၊

(ခ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း(CMP)စက်ရုံ၊ အလုပ်ရုံများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးရန်၊

(ဂ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊

(ဃ) မဖြစ်မနေ ဈေးဝယ်ထွက်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

( င ) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

( စ ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း (Mask) တပ်ရန်၊

(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့်ယာဉ်များ နှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

( ဇ ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊

( ဈ ) အဆိုပါမြို့နယ်များမှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များသွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ (င)နှင့် (ဇ)တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင် ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သို့သတင်းပို့၍ ခွင့်ပြုချက်ဖြင့်သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

၆။ ဤအမိန့်သည် ၄-၈-၂၀၂၁ ရက်၊ နံနက် ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

---

# လေပြင်းတိုက်ခတ်မှုနှင့် ရေကြီးရေလျှံမှုတို့ကြောင့် ပြိုကျပျက်စီးခဲ့သည့် နေရာများ၌ လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၃**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်း ဩဂုတ် ၂ ရက် ညနေပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများကြောင့် ကျိုက်ထိုမြို့ တောင်သူစုရပ်ကွက်နှင့် ကံ့ကော်ရပ်ကွက်တို့၌ သစ်ပင်ကြီးများ လဲကျ၍ လမ်းပိတ်ဆို့ခြင်း၊ နေအိမ်များ ပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့ရာ ဩဂုတ် ၂ ရက် မွန်းလွဲပိုင်းနှင့် ယနေ့နံနက်ပိုင်းတို့တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများစုပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်းများနှင့် လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် တောင်သူစုရပ်ကွက်အတွင်း သစ်ပင်သစ်ကိုင်းများလဲကျခြင်းနှင့် နေအိမ်အဆောက်အအုံများအပေါ်သို့ ပိကျခြင်း၊ ကံ့ကော်ရပ်ကွက် မြို့နယ်အားကစားကွင်းဟောင်း အနောက်ဘက်ရှိ ဈေးဆိုင်ခန်းများ အမိုးလန်ပျက်စီးခြင်းတို့ဖြစ်ပေါ်ခဲ့ရာ တပ်မတော်သားများနှင့် ဌာနဆိုင်ရာအဖွဲ့များက အဆိုပါ အပျက်အစီးများကို ဖယ်ရှားရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

အလားတူ ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး သောင်ရင်းမြစ်ရေမြင့်တက်မှုကြောင့် ရေကျော်ဝင်ရောက်စဉ် တင်ကျန်ရစ်ခဲ့သော မြဝတီမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းခွဲရှိ စာသင်ခန်းများအတွင်းမှ ရွှံ့နွံများ၊ အမှိုက်များကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် မြို့တော်ခန်းမရှိ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနေသည့်နေရာကို မိုင်းထောင်ဖောက်ခွဲ၍ အကြမ်းဖက်မှုလုပ်ဆောင်

**နေပြည်တော် ဩဂုတ် ၃**

နိုင်ငံတော်မှ ပြည်သူလူထုအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ကာကွယ်ရေးလုပ်ငန်းများတွင် အရေးကြီးဆုံးဖြစ်သည့် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို နိုင်ငံအဝန်း ဆောင်ရွက်ပေးလျက်ရှိသည်။



လက်လုပ်မိုင်း ပေါက်ကွဲမှု ဖြစ်ပွားသည့်နေရာနှင့် ဒဏ်ရာရရှိသူ ရဲဒုတပ်ကြပ် အောင်မျိုး။

ထိုကဲ့သို့ ပြည်သူလူထု၏ အသက်အိုးအိမ်ကို ကာကွယ်စောင့်ရှောက်နိုင်ရေး ဆောင်ရွက်ပေးနေမှုအပေါ် အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG၊ CRPH နှင့် ၎င်းတို့ကို ထောက်ခံသည့် အစွန်းရောက်များက ဆန်ကောလောက်ပင်ဖောက်မနက်သည့် အကြံအစည်ဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်း ဆောင်ရွက်မှုများကို ပစ်မှတ်ထား၍ အကြမ်းဖက်တိုက်ခိုက်မှုများကို ဦးတည်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ဦးတည်တိုက်ခိုက်မှုများပြုလုပ်လျက်ရှိရာ ဩဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် ညောင်ကုန်း(၄)ရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုများ ဆောင်ရွက်ပေးနေစဉ် မြို့တော်ခန်းမရှေ့ဝင်ပေါက် ဘယ်ဘက်ခြမ်းရှိ Flower Box အတွင်းမှ အစွန်းရောက်အကြမ်းဖက်သူများ ထောင်ထားသည့် လက်လုပ် Remote မိုင်းတစ်လုံး ပေါက်ကွဲခဲ့ရာ မြို့တော်ခန်းမအတွင်း ကာကွယ်ဆေး ထိုးနှံနေမှုအား လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိသည့် ရဲတပ်သား ထွန်းလင်းဇော်တွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိကျဆုံးခဲ့ပြီး ရဲတပ်သား အောင်လွင်ဖြိုးနှင့် ရဲဒုတပ်ကြပ် အောင်မျိုးတို့တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် ဖယ်ခုံမြို့ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသစဉ် မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တွင် ရဲတပ်သား အောင်လွင်ဖြိုးသည် ရရှိသောဒဏ်ရာများဖြင့် ထပ်မံကျဆုံးခဲ့သည်။ အလားတူ အဆိုပါ မိုင်းပေါက်ကွဲမှု ဖြစ်စဉ်ကြောင့် ကာကွယ်ဆေး လာရောက်ထိုးနှံလျက်ရှိသည့် ဒေါ်မူရိန်း(ဘ) ဦးတွက်နှင့် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများတွင် လာရောက်ကူညီ ဆောင်ရွက်ပေးနေသည့် စေတနာ့ဝန်ထမ်း ဦးနန္ဒဝေယံ(ဘ) ဦးမြင့်ဝင်းတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် ဖယ်ခုံမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး လိုအပ်သည့် ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ပြည်သူလူထု၏ အသက်အိုးအိမ်နှင့် ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်နေမှုကို ပစ်မှတ်ထား၍ အကြမ်းဖက်ဖုံးဖောက်ခဲ့သူအား ဖမ်းဆီးရမိရေး လုံခြုံရေး တပ်ဖွဲ့ဝင်များက အပူတပြင်း ရှာဖွေဖော်ထုတ်လျက်ရှိကြောင်းနှင့် ပြည်သူများအနေဖြင့်လည်း မသင်္ကာဖွယ် အကြမ်းဖက်သမား၏ သတင်းရရှိပါက အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာသို့ သတင်းပေးပို့ကူညီကြပါရန် မေတ္တာရပ်ခံနိုးဆော်ထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသားများ မြဝတီအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ၂၀၆ ဦးဆက်လက်ဝင်ရောက်

**မြဝတီ ဩဂုတ် ၃**

ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ကြိုဆိုလက်ခံခြင်းကို ၂၀၂၁ ခုနှစ် ဩဂုတ် ၁ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ၂၀၆ ဦး ဝင်ရောက်ခဲ့ပြီး ကြိုဆိုလက်ခံခဲ့ကြောင်း သိရသည်။

အဆိုပါထိုင်းနိုင်ငံမှပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား မြဝတီခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုအားပေးကြပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါဆိုင်ရာများအား အသိပညာပေးခြင်း၊ ပြန်လည်ဝင်ရောက်လာသူများ၏ အချက်အလက်များ ကောက်ယူခြင်း၊ ကျန်းမာရေးဌာနမှ ကိုဗစ်-၁၉ ရောဂါပိုးရှိ မရှိ စစ်ဆေးဆောင်ရွက်ပေးခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြန်လည်ပို့ဆောင်ပေးခြင်းများကို ဆောင်ရွက်ပေးသည်။

ထိုသို့ ထိုင်းနိုင်ငံမှ ပြန်လာသူများက မြဝတီခရိုင်နှင့် ကော့ကရိတ်ခရိုင်မှ နေရပ်ပြန်များအား ကိုဗစ်-၁၉ ရောဂါပိုးရှိ မရှိ ချက်ချင်းစစ်ဆေးပေးမည်ဖြစ်ကာ ရောဂါပိုးရှိသူများအား မြဝတီမြို့ မဲကနယ် ကိုဗစ်စင်တာတွင် ကုသမှုခံယူစေမည်ဖြစ်ပြီး ရောဂါပိုးမရှိသူများအား ကျောက်လုံးကြီး ကွာရတင်းစခန်းတွင် (၁၀)ရက် ကန့်သတ်ထားမည်ဖြစ်ကြောင်း သိရသည်။



အခြားသက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ နေရပ်ပြန်အား သီးသန့်မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာနေရပ်များသို့ ပို့ဆောင်ပေးမည်ဖြစ်ပြီး ရောဂါစစ်ဆေးခြင်းနှင့် ကန့်သတ်စောင့်ကြည့်ခြင်းတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစီအစဉ်များဖြင့် ဆောင်ရွက်မည် ဖြစ်သည်။

ယနေ့ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၁၂၈ ဦး၊ အမျိုးသမီး ၇၈ ဦး စုစုပေါင်း ၂၀၆ ဦးရှိကြောင်း သိရသည်။ **ထိန်လင်းအောင်**

## ဩဂုတ် ၂၇ ရက်တွင် ကျင်းပမည့် Battleground III အမည်ရ MMA ပြိုင်ပွဲတွင် မြန်မာကစားသမား ထီရယ်လ်ထန်၏ပွဲစဉ် ပါဝင်မည်

**ရန်ကုန် ဩဂုတ် ၃**

ONE Championship သည် ဩဂုတ် ၂၇ ရက်တွင် ကျင်းပမည့် Battleground III အမည်ရ MMA ပြိုင်ပွဲကို စင်ကာပူနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ MMA ကစားသမားဖြစ်သူ ချင်းတိုင်းရင်းသား ထီရယ်လ်ထန်၏ပွဲစဉ် ပါဝင်လာမည်ဖြစ်သည်။

ONE Championship သည် ဇူလိုင်လ နောက်ဆုံးပတ်မှစတင်ကာ ပြိုင်ပွဲများ ပြန်လည်ကျင်းပလျက်ရှိပြီး ယခုလအတွင်း ပြိုင်ပွဲနှစ်ခု ကျင်းပမည်ဖြစ်သည်။ ဩဂုတ် ၂၇ ရက်တွင် ကျင်းပမည့် Battleground III အမည်ရ MMA ပြိုင်ပွဲတွင် အဓိကတွဲဆိုင်းအဖြစ် ဆစ်သီချိုင်း (ထိုင်း) နှင့် သာဝမ်ချိုင်း (ထိုင်း)၊ အခြားစိန်ခေါ်ပွဲများအဖြစ် ဒီဂျီဒမ်ရောင် (ထိုင်း) နှင့် ဘန်မာ (တရုတ်)၊ ဒေဟွမ်ကင်မ်(တောင်ကိုရီးယား)နှင့် ရှီဝေ (တရုတ်)၊ ထီရယ်လ်ထန် (မြန်မာ) နှင့် ဆောင်မင်ဂျောင် (တောင်ကိုရီးယား)၊ ပူရော့ဗ် (မွန်ဂိုလီးယား) နှင့် ဘင်ရိုလီ (အင်္ဂလန်)၊ အမျိုးသမီး တွဲဆိုင်းအဖြစ် ဘီငုယင် (ဗီယက်နမ်/အမေရိကန်) နှင့် အိုလီဆင်မ် (ဖိလစ်ပိုင်) တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ ထီရယ်လ်ထန်သည် ယခုနှစ်အတွင်း ဒုတိယမြောက်ပွဲစဉ်အဖြစ် တောင်ကိုရီးယား နိုင်ငံသား ဆောင်မင်ဂျောင်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ ဆောင်မင်ဂျောင်သည် MMA ကစားသမား ဘဝ ပွဲ ၂၀ မြောက် ထိုးသတ်ရခြင်းဖြစ်ကာ ပြီးခဲ့သည့် ၁၉ ပွဲတွင် ၁၁ ပွဲနိုင်၊ ရှစ်ပွဲရှုံးနိမ့်ထားသည်။

ထီရယ်လ်ထန်သည် ၂၀၁၉ ခုနှစ် မတ်လတွင် ကမ္ဘောဒီးယားနိုင်ငံသား ဆာရော့သ်၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တောင်ကိုရီးယားနိုင်ငံသား ကင်မ်၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ပေါလ်လူမီဟီတို့နှင့် ထိုးသတ်ခဲ့ရာ သုံးပွဲစလုံး အနိုင်ရရှိခဲ့သည်။

ထီရယ်လ်ထန်သည် ONE Championship နှင့် ၂၀၁၉ ခုနှစ်တွင် လက်တွဲခဲ့ပြီး လေးပွဲမြောက်စိန်ခေါ်ပွဲ ထိုးသတ်ရခြင်းဖြစ်သည်။ ထီရယ်လ်ထန်သည် နာမည်ကြီး မြန်မာ MMA ကစားသမား အောင်လအန်ဆန် နှင့်အတူ အမေရိကန်နိုင်ငံ၌ နေထိုင်ကာ လေ့ကျင့်မှုများ ပြုလုပ်နေသူဖြစ်သည်။ **ရဲရင့်လွင်**

## တိုကျိုအိုလံပစ်အမျိုးသားဘောလုံးပြိုင်ပွဲ မက္ကဆီကိုအသင်းကိုအနိုင်ယူကာ လက်ရှိချန်ပီယံဘရာဇီး ဗိုလ်လုပွဲတက်

တိုကျိုအိုလံပစ် အမျိုးသား ယူ-၂၃ ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မက္ကဆီကိုအသင်းနှင့် ဘရာဇီးအသင်းတို့ပွဲစဉ်ကို ဩဂုတ် ၃ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ဘရာဇီးအသင်းက ပယ်နယ်တီတွင် လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်သည် သာမန် ပွဲကစားချိန်အတွင်း ဂိုးမရှိသရေကျနေ၍ အချိန်ပိုယှဉ်ပြိုင်ခဲ့ရပြီး အချိန်ပိုတွင်လည်း ဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် ပယ်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရသည်။ ပယ်နယ်တီအဆုံးအဖြတ်တွင် ဘရာဇီးအသင်းက ဒန်နီအဲဗက်စ်၊ မာတင်နယ်လီ၊ ဂူမာရက်စ်၊ ရေနီယာတို့ ဂိုးဝင်အောင် သွင်းယူနိုင်ခဲ့ပြီး မက္ကဆီကိုအသင်းက ရိုဒရီဂွက်ဇ်တစ်ဦးသာလျှင် ဂိုးဝင်အောင် သွင်းယူနိုင်ခဲ့သောကြောင့် ဘရာဇီးအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။

ယနေ့ပွဲစဉ်တွင် မက္ကဆီကိုအသင်းသည် အိုချိုအာ၊ မွန်းတိစ်၊ ဗက်ကွက်စ်၊ ရိုမို၊ မာတင်၊ ဗီဂါစသည့် အဓိက ကစားသမားအများစုဖြင့် ဘရာဇီးအသင်းကို ရင်ဆိုင်လာခဲ့သည်။ ဘရာဇီးအသင်းကလည်း နာမည်ကြီး ကစားသမားများဖြစ်သည့် ဆန်တိုစ်၊ ဒန်နီအဲဗက်စ်၊ ရစ်ချတ်လီဆန်၊ ပေါ်လင်ဟို၊ နီနိုတို့ဖြင့် ပွဲထွက်လာခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်ဖြစ်သည့်နှင့်အညီ နှစ်သင်းစလုံး အတောင့်တင်းပုံစံကို အသုံးပြုကာ ပွဲထွက်လာသည့်အတွက် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

မက္ကဆီကိုအသင်းသည် ကွာတားဖိုင်နယ်တွင် တောင်ကိုရီးယားအသင်းကို ဂိုးပြတ်အနိုင်ယူကာ ကျော်ဖြတ်လာနိုင်ခဲ့သော်လည်း ဆီမီးဖိုင်နယ်တွင် နာမည်ကြီး ဘရာဇီးအသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။ ဘရာဇီးအသင်းသည် မက္ကဆီကိုအသင်းကို အနိုင်ရရှိခဲ့သော ကြောင့် ၂၀၁၂ ခုနှစ် အိုလံပစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မက္ကဆီကိုအသင်းကို ရှုံးနိမ့်ခဲ့မှုကို ရှုံးကြွေးပြန်ဆပ်နိုင်ခဲ့သည်။

**အောင်ဇော်**

# တိုင်းဒေသကြီးများနှင့် ပြည်နယ်မြို့ကြီးများသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး SINOPHARM ဆေးကို မြေပြင်အအေးလမ်းကြောင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ဖြန့်ဖြူး

နေပြည်တော် ဩဂုတ် ၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရောက်ရှိနေသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး SINOPHARM ဆေးကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေး သိုလှောင်ခန်း တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၌ ထားရှိရာ အဆိုပါ ဆေးပစ္စည်းများကို ယနေ့ မွန်းလွဲပိုင်းတွင် မြေပြင်ခရီးလမ်းကြောင်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဆက်လက်ဖြန့်ဖြူးပေးလျက်ရှိသည်။ **(အောက်ပုံ)**

ထို့သို့ဖြန့်ဖြူးပေးလျက်ရှိရာ ယနေ့တွင် မကွေးတိုင်းဒေသကြီးသို့ ဆေးအလုံးရေ ၁၇၆၀၀၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ ဆေးအလုံးရေ ၂၄၉၀၀၊ ပဲခူးတိုင်းဒေသကြီးသို့ ဆေးအလုံးရေ ၁၅၀၀၀ နှင့် ရန်ကုန်တိုင်းဒေသကြီးသို့ ဆေးအလုံးရေ ၁၇၆၀၀ တို့ကို Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ဆက်လက်ဖြန့်ဖြူးပေးသည်။

ထိုသို့ဖြန့်ဖြူးပေးသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဦးတည်အုပ်စု လူဦးရေဦးစားပေးအစီစဉ်များနှင့်အညီ ပြည်သူများသို့ အမြန်ဆုံး ထိုးနှံပေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး ယင်းအတွက် သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း အချိန်နှင့်တစ်ပြေးညီ ဖြန့်ဖြူးပေးခြင်းဖြစ်သည်။ အလားတူ ဝေးလံခက်ခဲသောဒေသများသို့ တပ်မတော်(လေ)ရှိ ပို့ဆောင်ရေး လေယာဉ်များနှင့် မြန်မာ့လေကြောင်းတို့၏ အကူအညီများဖြင့် လေကြောင်းခရီးများဖြင့် ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## အလုပ်သမားဝန်ကြီးဌာန
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း
## ၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်
## (၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

၁။ အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ အဖွဲ့ရုံးများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် ခန့်ထားရန်အတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည် -

| စဉ် | ခန့်ထားမည့်ရာထူး/ လစာနှုန်းထား(ကျပ်) | ခန့်ထားမည့် ရာထူးနေရာ | အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒု-ဦးစီးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၇ နေရာ | ဥပဒေဘွဲ့(LLB)၊ ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) B.A (English)၊ စီးပွားရေးဘွဲ့(B.Com)၊ ကွန်ပျူတာဘွဲ့ (B.C.Sc သို့မဟုတ် B.C.Tech သို့မဟုတ် B.SC (Computer Science)) |
| (ခ) | အငယ်တန်းစာရေး (လစာနှုန်းကျပ်၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၃၆၆ နေရာ | ပညာရေးဝန်ကြီးဌာန အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုရရှိရမည်။ |
| (ဂ) | ယာဉ်မောင်း-၅(အမျိုးသား) (လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၉ နေရာ | အခြေခံပညာအလယ်တန်းအဆင့်၊ ယာဉ်မောင်း လိုင်စင် (ခ) ရှိရမည်။ |
| (ဃ) | ရုံးအကူ (လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၃၂ နေရာ | အခြေခံပညာအလယ်တန်း အဆင့် ရှိရမည်။ |
| (င) | အစောင့်(အမျိုးသား) (လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁၃ နေရာ | အခြေခံပညာအလယ်တန်း အဆင့် ရှိရမည်။ |
| (စ) | သန့်ရှင်းရေး/သန့်ရှင်းရေးအကူ (လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁၅ နေရာ | အခြေခံပညာအလယ်တန်း အဆင့် ရှိရမည်။ |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည် ရွေးချယ်ခြင်းခံရပါက ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများ၏ ရုံးချုပ်/ တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/မြို့နယ်ရုံးများ/ အလုပ်သမားဆေးရုံကြီးများ (ရန်ကုန်/မန္တလေး/ထန်းတပင်)/ လူမှုဖူလုံရေးဆေးခန်းများတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လျှောက်ထားသူများသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဂ) အမှတ်စဉ် (က)နှင့် (ခ) လျှောက်ထားလိုသူများသည် ၃၁-၈-၂၀၂၁ ရက်နေ့တွင် အသက်(၁၈)နှစ် ပြည့်ပြီး အသက်(၃၀) နှစ်ထက် မကျော်စေရ။

**(ဤဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသူဖြစ်ပါက အသက် ၄၀ နှစ်ထက် မကျော်စေရ)**

(ဃ) အမှတ်စဉ် (ဂ)၊ (ဃ)၊ (င)၊ (စ) လျှောက်ထားလိုသူများသည် ၃၁-၈-၂၀၂၁ ရက်နေ့တွင် အသက်(၁၈)နှစ် ပြည့်ပြီး အသက်(၄၀) နှစ်ထက် မကျော်စေရ။

(င) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရမည်။

၃။ လျှောက်လွှာပုံစံအား အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/အဖွဲ့ (ရုံးချုပ်)၊ ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/ မြို့နယ်ရုံးများတွင် ထုတ်ယူရမည်ဖြစ်ပြီး လျှောက်လွှာနှင့်အတူ အောက်ပါ အထောက်အထားများ ပူးတွဲတင်ပြရမည် -

(က) ဘွဲ့လက်မှတ်မိတ္တူ

(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ

(ဂ) အမှတ်စဉ်(ဂ) လျှောက်ထားသူများသည် အခြေခံပညာအလယ်တန်းအဆင့် ပညာရေး အထောက်အထားမိတ္တူ၊ ယာဉ်မောင်းလိုင်စင်(ခ)မိတ္တူ

(ဃ) အမှတ်စဉ် (ဃ)၊ (င)၊ (စ) လျှောက်ထားသူများသည် အခြေခံပညာအလယ်တန်းအဆင့် ပညာရေး အထောက်အထားမိတ္တူ

(င) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(စ) အိမ်ထောင်စုစာရင်း မိတ္တူ

(ဆ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဇ) လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်းနှင့် ပတ်စပို့ အရွယ် ဓါတ်ပုံ(၃)ပုံ ပူးတွဲ တင်ပြရမည်။

(ဈ) ပြန်တမ်းဝင်အရာရှိ တစ်ဦးဦး၏ ထောက်ခံချက်

၄။ အခြားအစိုးရဌာနများတွင် လက်ရှိတာဝန်ထမ်းဆောင်နေသည့်ဝန်ထမ်းများ ဝင်ရောက်ဖြေဆိုခွင့် မပြုပါ။

၅။ လျှောက်လွှာများကို ၃၁-၈-၂၀၂၁ ရက်နေ့ နောက်ဆုံးထား၍ မိမိတို့လျှောက်လွှာ ထုတ်ယူခဲ့သည် ဦးစီးဌာန/အဖွဲ့ (ရုံးချုပ်)၊ ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်ရုံးများသို့ လူကိုယ်တိုင် လာရောက် လျှောက်ထားရမည်။

၆။ အမှတ်စဉ်(က)၊ (ခ) လျှောက်ထားသူများသည် အထွေထွေဗဟုသုတ/အင်္ဂလိပ်စာရေးဖြေ ဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်သူများသည် ကွန်ပျူတာ၊ လူတွေ့နှုတ်ဖြေ ဖြေဆိုရမည်ဖြစ်ပြီး အမှတ်စဉ်(ဂ)၊ (ဃ)၊ (င)၊ (စ) လျှောက်ထားသူများသည် လူတွေ့နှုတ်ဖြေ ဖြေဆိုရမည်။ ဖြေဆိုခွင့် ရရှိသူ အမည်စာရင်း၊ ဖြေဆိုရမည့် နေ့ရက်နှင့် နေရာတို့အား ၆-၉-၂၀၂၁ ရက်နေ့တွင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/အဖွဲ့(ရုံးချုပ်)၊ ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်ရုံးများတွင် ကြေညာပေးမည်။ ဝန်ကြီးဌာန၏ Website www.mol. gov.mm.com တွင် ဖော်ပြထားပါမည်။

၇။ အသေးစိတ်သိရှိလိုပါက အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/အဖွဲ့များ၏ ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/မြို့နယ်ရုံးများနှင့် ဝန်ကြီးရုံး ၀၆၇-၃၄၃၀၁၈၀၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော် ၀၆၇-၃၄၃၀၄၃၈၊ လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်) နေပြည်တော် ၀၆၇-၃၄၁၇၉၀၃၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်) နေပြည်တော် ၀၆၇-၃၄၃၀၃၉၂၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော် ၀၆၇-၃၄၃၀၁၄၆ သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေး ဆေးနှင့်ပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၃

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆေးနှင့် ပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ် အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဩဂုတ် ၃ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ ၁၀၀ မှ 94-Mask ၁၁၄၃၀၊ Flow meter ၆၇၄ ခု၊ Oxygen Regulator ၃၂၃ ခု၊ Oximeter ၄၈၀၈၂ ခု၊ Oxygen Concentrator ၁၀၈၀၁ ခု၊ Oxygen Mask ၅၁၅၀ ၊ Test Kit ၃၃၉၄၂ ခု၊ ရန်ကုန်ဆိပ်ကမ်းများတွင် ကိုဗစ်-၁၉ ကာကွယ်ကုသဆေးနှင့်အခြားဆေးမျိုးစုံ ၆၉၇၇၅ ဒသမ ၉၆ Kg ၊ နယ်စပ်(မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ တာချီလိတ်၊ ကော့သောင်း၊ မြဝတီ) တွင် ကုမ္ပဏီ ၅၆ ခုမှ Oxygen Generatior ၅ ခု၊ Mask ၁၈၀၀၀ KG၊ Liquid Oxygen ၁၅၃၇၄ ဒသမ ၅၂ m3၊ Nasal Cannula ၅၀၀၀ စုံ၊ PPE အစုံ ၁၅၀၀၀၊ Test Kit ၃၀၀၀၀၊ Kn95 Mask ခု ၅၀၀၀၊ Surgical Mask ခု ၅၀၀၀၀၀ ၊ Exam Gloves ခု ၁၀၀၀၀၀ ၊ Oximeter ခု ၄၀၀၊ Oxygen Concentrator ၁၄၅၄ ခု၊ Flow Meter ၁၂၃၅ ခု၊ Oxygen Mask ၇၀၀ ၊ Oxygen Regulator ၂၃၉၆ ခု၊ Oxygen Cylinder ၁၄၆၁၂ ခု၊ Oxygen Cylinder Trolley ၂၀၀ ခုတို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




## အများသိစေရန်သတိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၄၁၅-န/၄)၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ ၀ ဒသမ ၃၂၁၁ ဧကအကျယ်အဝန်းရှိသော ဒေါ်စန်းစန်းရီအမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ၊ ရေမီတာ၊ လျှပ်စစ်မီတာ (ဆက်လက်သုံးစွဲခွင့် အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စန်းစန်းရီ (ဘ)ဦးကြည် ၁၂/မဂတ(နိုင်)၀၇၆၇၁၁ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်သည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး(LL.B)**

**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

**Office-အမှတ်(၁၈၉)၊ လမ်း(၈၀)၊ ၁၉x၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း-၀၂-၄၀၆၈၈၃၉၊ ၀၉-၂၀၀၆၀၂၉၊ ၀၉-၇၉၂၀၀၆၀၂၉၊ ၀၉-၆၉၂၀၀၆၀၂၉**

**ladylawyer.khinninisoe@gmail.com**



## လူပျောက်ကြေငြာ




၁။ မနွေးနေခြည်ဝင်း(ခ)သဲသဲ (ယာပုံ) (အဘဦးတင်ဝင်း) အသက်(၂၉) နှစ်၊ မှတ်ပုံတင်အမှတ် (၁၂/ဒဂဆ(နိုင်)၀၁၁၀၁၈) အိမ်ထောင်သည်၊ ညာဘက်နှုတ်ခမ်းအပေါ်မှဲ့နက်ရှိ အသားဖြူ အရပ် (၄ပေ ၁၀လက်မ) နှာခေါင်းလုံး မပိန်မဝပုံစံရှိသူနှင့်

၂။ မဖြူသဉ္ဇာဝင်း(ခ)ဖြူဖြူ (ဝဲပုံ) (အဘဦးကျော်လင်း) အသက်(၁၈)နှစ် မှတ်ပုံတင်မရှိ အိမ်အကူ ဆံပင်ထူ၊ နှုတ်ခမ်းထူ၊ အရပ်(၅ပေ) အသားလတ် မပိန်မဝပုံစံရှိသူတို့သည် (၂၂-၃-၂၀၂၁)ရက်နေ့က လှိုင်သာယာမြို့နယ်တွင် စားဝတ်နေရေးခက်ခဲသူများအား လှူဒါန်းရန် သွားရောက်ရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးလျက်ရှိပါသည်။ ၄င်းတို့နှင့်အတူ ဖုန်းအမှတ် (၀၉-၄၃၁ ၂၁၄၉၀)အပါအဝင် လင်မယား(၂)ဦးပိုင် လက်ဝတ်လက်စားများလည်း ပါရှိပြီး ယခုအချိန်အထိ အဆက်အသွယ် မရရှိသဖြင့် ခင်ပွန်းဖြစ်သူ ဦးဇော်လွင်ဦးမှ သုဝဏ္ဏမြို့မရဲစခန်းတွင် လူပျောက်တိုင်ချက်အမှတ်စဉ်(၅/ ၂၀၂၁)ဖြင့် တိုင်ချက်ဖွင့်လှစ်ထားပြီး တွေ့ရှိသူမည်သူမဆို ကျွန်ုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပေးပါရန်နှင့် လက်ခံထားရှိသူမည်သူမဆို ပြစ်မှုကြောင်းဖြင့် အရေးယူခြင်းခံရမည် ဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

ရုံး/အိမ်-
အမှတ်(၂)၊ ရဲရန်နိုင်လမ်း၊(၃၆)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
ဆက်သွယ်ရန် ဖုန်း-၀၉-၇၈ ၀၆၇ ၃၀၆၇

လွှဲအပ်ညွှန်ကြားချက်အရ
ဦးတင်ထူးလွင်
အထက်တန်းရှေ့နေ
စဉ်-၂၄၂၉၂



## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၁၀၆)ရပ်ကွက်၊ မာဃလမ်း၊ အမှတ်(၁၂၉၃)နေ ကျွန်တော် ဦးပြည့်ဖြိုးအောင် (မှတ်ပုံတင်အမှတ် ၁၄/ဝခမ(နိုင်)၃၁၆၇၁၆ ကိုင်ဆောင်သူ) ပိုင်ဆိုင်သော ဒေါ်အေးအေးမိုးအမည်ပေါက် ယာဉ်အမှတ် 1M/9933, PEUGEOT 308, HATCH BACK (4 x 2)(L) ယာဉ်နှင့်ပတ်သက်၍ ကျွန်တော်ကိုယ်တိုင် မသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းများမပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး၊ ဖြစ်ပေါ်လာမည့် ကိစ္စအဝဝအား ကျွန်တော်မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် ပြုလုပ်သူအား ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးအောင် ၁၄/ဝခမ(နိုင်)၃၁၆၇၁၆**



## အစုရှယ်ယာမတည်ငွေရင်းလျှော့ချမည်ဖြစ်ကြောင်း ကြေညာခြင်း

ကျွန်တော်တို့ RDC Distribution Company Limited. (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၂၅၂၁၉၁၅၂) သည် လက်ရှိအစုရှယ်ယာ အရေအတွက် (၈,၅၀၀) တန်ဖိုးငွေကျပ် သိန်း(၈,၅၀၀)မှ အစုရှယ်ယာ အရေအတွက် (၄,၀၀၀) တန်ဖိုးငွေကျပ် သိန်း(၄,၀၀၀)သို့ အစုရှယ်ယာ မတည်ငွေရင်း လျှော့ချမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**RDC Distribution Company Limited.**



## အစုရှယ်ယာမတည်ငွေရင်းလျှော့ချမည်ဖြစ်ကြောင်း ကြေညာခြင်း

ကျွန်တော်တို့ Than Lwin Princess Company Limited. (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၂၂၄၇၅၆၄၆) သည် လက်ရှိအစုရှယ်ယာ အရေအတွက် (၃,၀၀၀) တန်ဖိုးငွေကျပ် သိန်း(၃,၀၀၀)မှ အစုရှယ်ယာ အရေအတွက် (၂,၀၀၀) တန်ဖိုးငွေကျပ် သိန်း(၂,၀၀၀)သို့ အစုရှယ်ယာ မတည်ငွေရင်း လျှော့ချမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Than Lwin Princess Company Limited.**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၀၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၀၃×၉၀×၄၆)ပေ | ၈၇၃၀.၂၀ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁.၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂.၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉.၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄ | ၂၁၈.၁၄ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# ဆရာကြီး ဦးသာစိန် (ထားဝယ်)
## ထားဝယ်ခရိုင်ပညာရေးမှူး (ငြိမ်း)
## အသက်(၈၇)နှစ်

ထားဝယ်မြို့၊ ကညံ့ရုပ်ကနေ (ဦးသာလှိုင်-ဒေါ်တင်)တို့၏သားထွေး၊ (ဦးကျော်ဒင်)-ဒေါ်စန်းစန်းရီ၏ ညီမောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အမှတ်(၁၃၂၄)၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်နေ (ဦးအောင်မြင့်)-ဒေါ်နီနီလှတို့၏ ဖခင်၊ ဦးစိုးသီဟမြင့်၊ ဦးစိုးနေလမြင့်-ဒေါ်အိမြတ်နွေး၊ ဦးစိုးဇာနီမြင့်-ဒေါ်ဝေဖြိုးဦး၊ မသီတာထွေး၊ မောင်သူထူးလွင်၊ မောင်ဘုန်းပြည့်ဟိန်း၊ မောင်ဘုန်းဟိန်းထက်တို့၏ ကျေးဇူးရှင် ဘိုးဘိုးသည် (၁၉-၇-၂၀၂၁) တနင်္လာနေ့၊ ည (၁၀:၃၀)နာရီတွင် ကွယ်လွန်သွားပါသဖြင့် (၂၁-၇-၂၀၂၁) ဗုဒ္ဓဟူးနေ့ နံနက် (၁၁:၀၀)နာရီတွင် ရန်ကုန်မြို့ ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေး မိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ရဟန်း၊သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးညွန့်ဝေ (ငြိမ်း)
## ကြည်း-၁၈၃၉၇
## OTSအပတ်စဉ်(၆၆)
## ညွှန်ကြားရေးမှူး(ငြိမ်း)၊ ငါးလုပ်ငန်းဦးစီးဌာန
## အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ ဒေါနလမ်း၊ အိမ်အမှတ်(၈၈/ခ)နေ ဒေါ်ခင်ပြုံးရည်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်စည်သူထွန်း၊ မဝင့်ရတီ(ခ)မေမြန်မာညွန့်ဝေတို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဗိုလ်မှူးညွန့်ဝေ(ငြိမ်း)သည် ၁-၈-၂၀၂၁ရက် (တနင်္ဂနွေနေ့) နံနက်၈:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁၂:၃၀ နာရီတွင် မင်္ဂလာဒုံတပ်မတော်စစ်သင်္ချိုင်း၌ မီးသင်္ဂြိုဟ် ဂူသွင်းပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# အထူးဝမ်းနည်းကြေကွဲခြင်း

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ရန်ကုန်မြို့မှ ဦးညဏ်ထွန်း ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) အသက်(၅၃) နှစ်သည် ၃၁-၇-၂၀၂၁ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများ နှင့် ဝန်ထမ်းမိသားစုများ**
**ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့**

---

## သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီး သူရစိန်ဝင်း (ငြိမ်း)(စတသ-၁၃)
## အထွေထွေမန်နေဂျာ(ငြိမ်း)(MADI, စက်မှု-၂)
## အသက်(၇၁)နှစ်

ရန်ကုန်မြို့နေ ဒေါ်ကြင်မြိုင်(ခ)ဒေါ်လတ်လတ်၏ ချစ်လှစွာသော ခင်ပွန်း၊ ဒုတိယ ဗိုလ်မှူးကြီးသူရစိန်ဝင်း(ငြိမ်း)သည် ၃-၈-၂၀၂၁ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။ ဆရာ ကောင်းမွန်ရာဘဝရောက်ပါစေ-

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၈) စည်သူတပ်ခွဲမှ
တပည့်မိသားစုများ

---

## ဗိုလ်မှူးမောင်ညိမ်း (ငြိမ်း)
## ညွှန်ကြားရေးမှူး(ငြိမ်း)၊ သစ်တောရေးရာဝန်ကြီးဌာန
## ဗဟိုမန်နေဂျာ(ငြိမ်း)၊ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန(IBC)
## အသက် (၈၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်နေ (ဦးဖိုးသာ-ဒေါ်ခင်မြ)တို့၏သား၊ ရန်ကုန်မြို့နေ ဒေါ်ခင်စန်းရီ၏ခင်ပွန်း၊ ဦးကျော်မိုးညိမ်း၊ ဦးရဲထွန်းသန်း-ဒေါ်လွင်မာမာညိမ်းတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မောင်အောင်ကိုကိုဦး၊ မောင်အောင်ညီညီဦးတို့၏ အဘိုး (ဗိုလ်မှူးမောင်ညိမ်း-ငြိမ်း)၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ သစ်တောရေးရာဝန်ကြီး ဌာနသည် ၃၀-၇-၂၀၂၁ရက် (စနေနေ့)တွင် တိုက် ၃၁၁၊ အခန်း (၁၃)၊ ရန်အောင်လမ်းသွယ် (၃)၊ ရန်ကင်းမြို့နယ်နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၂၁ရက် (အင်္ဂါနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးမိုးအေး
## BA,Geography
## အထက(၁)ဒဂုံ ကျောင်းသားဟောင်း
## အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ အောက်မန္တလေးလမ်း၊ အမှတ်(၂၉)နေ [ဒုတိယဗိုလ်မှူးကြီး အေးကြွယ်(ငြိမ်း)-ဗိုလ်မှူး ဒေါ်ခင်မမ(ငြိမ်း)]တို့၏သားကြီး၊ ဦးလှရွှေ-ဒေါ်စန်းတို့၏သားသမက်၊ ဒေါ်မြင့်မြင့်ကြည်၏ ချစ်လှစွာသောခင်ပွန်း၊ မမေသူမိုးမြင့်၊ မောင်ရဲမိုးအောင်တို့၏ ချစ်လှစွာသောဖခင်၊ ဦးစိုးကြွယ်-ဒေါ်ကေခိုင်ကျော်၊ ဦးအေးချမ်း-ဒေါ်သက်သက်မာတို့၏ ချစ်လှစွာသော အစ်ကိုကြီး ဦးမိုးအေးသည် ၂-၈-၂၀၂၁ရက် (တနင်္လာနေ့) မွန်းလွဲ ၂:၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄:၃၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးကောင်းထွဋ်
## Country Business Development Manager
## Myanmar
## Mastercard
## အသက်(၄၀)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ Strand Condo ကမ်းနားလမ်း၊ အမှတ် ၃၃၁၊ ၄(ခ)နေ ဒေါ်အေးယုယုထွေး(Yoma Bank Ltd)၏ ချစ်လှစွာသော ခင်ပွန်းသည် ၂-၈-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၅:၃၈နာရီတွင် အာယုအထူးကုဆေးရုံကြီး၌ (၉၆)ပါး ရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟများအားအသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှကြည်
## အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း၊ အမှတ် ၂၈ (ပထမထပ်)နေ ဦးထွန်းယုံ-ဒေါ်ညိုညိုတို့၏ တစ်ဦးတည်းသောသမီး၊ (ဦးမောင်လေး)၏ဇနီး၊ ဦးတင်ရွှေ-ဒေါ်ရီရီအောင်၊ ဒေါက်တာဆွေဆွေအောင်(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)၊ ဦးကိုကိုအောင်-ဒေါ်ကြည်ကြည်မြင့်၊ [ဦးသန်းထိုက်အောင်(ခ)ညီညီအောင်] တို့၏မိခင်၊ ထွဋ်မြတ်ရဲကျော်၊ ဉာဏ်လင်းထက်၊ အောင်မြတ်မင်းတို့၏ အဘွားဖြစ်သူ ဒေါ်လှကြည် အသက်(၉၃)နှစ်သည် ၂-၈-၂၀၂၁ရက်(တနင်္လာနေ့) ည ၁၀:၅၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးနှင့်
ပြည်ထောင်စုရှေ့နေချုပ်ရုံး ဝန်ထမ်းမိသားစု

---

## ဦးတဲကြီးမောင်
## B.A(Law),LL.B.(Advocate)
## ခရိုင်ဥပဒေအရာရှိ (ငြိမ်း)
## တရားလွှတ်တော်ရှေ့နေ
## အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်နေ (ဦးရဲဇ-ဒေါ်ဖွားတင်)တို့၏သား၊ ဒေါ်ခင်ပြုံး(စာရင်းကိုင်နည်းပြ)၏ ချစ်လှစွာသောခင်ပွန်း၊ မမေသူဇာ (Royal Rose)၊ ကိုနေမျိုးဇော် (One Star)- မရွှေဇင်အေး၊ ကိုရဲထွန်းနိုင် (ခေတ္တစင်ကာပူနိုင်ငံ)၊ ကိုသက်ဝေဖြိုး (MAI Air Line) တို့၏ ချစ်လှစွာသော ဖခင်၊ မရွှေဝတီနေမျိုး (Grade-6 TTC) ၏ ချစ်လှစွာသော အဘိုးသည် (၂-၈-၂၀၂၁)နေ့ နံနက် (၈:၃၀) နာရီတွင် ကွယ်လွန်သွားပါသဖြင့် (၂-၈-၂၀၂၁)မွန်းလွဲ(၂:၃၀)နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လီလီအုန်း(မနီ)
## ဓနုဖြူ
## အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သံသုမာလမ်း၊ ချမ်းသာသုခကွန်ဒိုနေ (ဦးမြမောင်-ဒေါ် အေးဆင့်)တို့၏တစ်ဦးတည်းသောသမီး၊ ဦးစိန်ဝင်း (စိန်ဘရားသား ပျဉ်းကတိုး၊ထင်း၊ သစ်၊ ကျည်းပေါင် ရောင်းဝယ်ရေး)၏ ချစ်လှစွာသောဇနီး၊ ဦးမင်းလွင်သန်း-ဒေါ်သီတာဝင်း၊ ဦးခိုင်ဝင်း-ဒေါ်အိအိဇင်၊ ဦးရန်အောင်စိုး-ဒေါ်မေသဉ္ဇာကျော်၊ ဦးကျော်ထင်ဦး-ဒေါ်နီနီဝင်းတို့၏ ကျေးဇူးရှင် မွေးသမိခင်၊ ဦးကျော်ခိုင်ဦး၏ ချစ်လှစွာသော အဒေါ်၊ မောင်အောင်ဇင်ဘုန်းမိုး၊ မဆုအိရတီလွင်၊မောင်အောင်ကောင်းပြည့်စုံ၊ မောင်ကျော်ဇင်ထက်၊ မောင်ဖြိုးသုတဟိန်း၊ မဖြိုးသဉ္ဇာဇင်၊ မလင်းသဉ္ဇာအောင်တို့၏ ချစ်လှစွာသောအဘွား ဒေါ်လီလီအုန်း အသက်(၇၃)နှစ်သည် ၂၃-၇-၂၀၂၁ရက် (သောကြာနေ့) ည ၈:၃၀နာရီတွင် အကယ်ဒမီဆေးရုံ၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၂၁ ရက် (စနေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးညီညီကျော်
## I.M.T CE-13
## B.Sc(Maths), MOT First Class Engineer
## MIMar EST(UK)
## Deputy Director (Marine Engineering)
## [ Chief Engineer (ငြိမ်း)CDC 164021
## (မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း)]
## အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ(ဦးကျော်ထွန်း)-ဒေါ်နှောင်းတို့၏သား[ ဦးသိန်းအောင်(ခ)ဦးတင့်လွင်-ဒေါ်ခင်အေး] တို့၏သားသမက်၊ ဒေါ်နီလာလွင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သော်တာထွန်းအောင်ကျော်(4th Engineer)၊ မသက်မြတ်နိုးညီညီ(စတုတ္ထနှစ်၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်)တို့၏ဖခင် ဦးညီညီကျော်သည် ၂-၈-၂၀၂၁ရက် နံနက် ၅:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ တွင်ပင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးကောင်းထွဋ် (U Kaung Htut)
## Country Director of Myanmar
## Master Card Company
## အသက် (၄၀)

(ဦးဘတင့်-ဒေါ်ခင်မေ)၊ (ဦးရဲဝင်း)-ဒေါ်ကြေ့ကြေ့ခင် (USA) တို့၏မြေး၊ ဒေါ်စန္ဒာခင် (USA)၊ ဦးမျိုးတင့်တို့၏သားငယ်၊ ဦးထက်လင်း (Japan) - ဒေါ်မြရတနာကျော်တို့၏ညီ၊ ဦးဝင်းမောင်မောင်-ဒေါ်သိင်္ဂီခင် (USA)၊ ဒေါ်နီလာခင်၊ ဒေါက်တာသွယ်သွယ်ဝင်း၊ (ဦးကိုကိုအောင်ကြီး)၊ ဒေါ်ခင်ဝင်းတင့်၊ ဒေါ်ခင်ငွေးတင့်၊ ဒေါ်ရီရီတင့်တို့၏တူသည် ၂-၈-၂၀၂၁ရက် နံနက် ၅:၃၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရုပ်ကလာပ်အား USA သို့ ပို့ဆောင်ကာ နာရေးကိစ္စစီစဉ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဒေါ်ဝင်းကြည်
## အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နေ (ဦးဘရွှေ-ဒေါ်သိန်းဖုံ)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးစောလှိုင်-ဒေါ်ထွေး)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ စံရိပ်ငြိမ်(၄)လမ်း၊ အမှတ်(၃၇)နေ (ဦးဖြိုးသာ)၏ဇနီး၊ ဦးဘသောင်းတင်၊ ဒေါ်ခင်စိုးကြည်- ဦးရွှေအေး၊ (ဒေါ်ခင်စိုးရီ)၊ ဒေါ်ခင်ကြူကြူ၊ ဒေါ်ခင်မြမြ-ဦးခင်မောင်လွင်၊ ဒေါ်ခင်သက်သက်-(ဦးညိုအောင်)တို့၏မိခင်၊ မရွှေဇင်ခိုင်၊ မမြတ်သူဇာ-ကိုရာဇာဖြိုး၊ မောင်ဖွဲ့ပြည့်စုံအောင်တို့၏အဘွား ဒေါ်ဝင်းကြည်သည် ၁-၈-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၇:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ဥမ္မာထွန်းရွှေ
## အသက်(၆၈)နှစ်

(ဦးထွန်းရွှေ)-ဒေါ်ခင်သက်တင်တို့၏သမီး၊ (ဦးတင်ဦး-ဒေါ်ခင်သန်းကြည်)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၆)မိုင် ခွဲ၊ ဓမ္မာရုံလမ်း၊ အမှတ်(၁၈)နေ Capt:ဦးမြဦး၏ချစ်လှစွာသောဇနီး၊ Sergey Bakhmat-ဒေါ်ဝင်းမာဦး၊ ဦးအောင်မြဦးတို့၏ ချစ်လှစွာသောမိခင်၊ Alyona Victoria Bakhmat၏ ချစ်လှစွာသောအဘွား ဒေါ်ဥမ္မာထွန်းရွှေသည် ၂၉-၇-၂၀၂၂ရက် (ကြာသပတေးနေ့) တွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါ ရန်ကုန်မြို့၊ လှိုင်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်နေ ဦးညီညီအောင် ၅/စကန(နိုင်)၀၃၉၅၃၉- ဒေါ်သီတာအောင် ၅/စကန(နိုင်)၀၀၈၉၂၂တို့၏သား ဝေဖြိုးဟိန်း(ခ)ပေါင်ချိန် ၅/စကန(နိုင်)၂၆၆၀၂၈သည် မိဘတို့၏ဆိုဆုံးမမှုကို နာခံလိုက်နာခြင်းမရှိပါသဖြင့် ၄-၈-၂၀၂၂ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ဤရက်မှစ၍ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်ကိုမျှ တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**ဦးညီညီအောင်-ဒေါ်သီတာအောင်**

# သစ်ပင်
# နည်းလာ
# တို့ကမ္ဘာ
# လွန်စွာ
# ပူအေး
# ဥတုဘေး

### ဝမ်းနည်းကြေကွဲခြင်း
# ဦးတင်မြင့်
## အသက်(၇၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့နေ ဒေါ်ခင်လေးမြင့်၏ခင်ပွန်း၊ ဦးနောင်နောင်အေး(စက်ရုံမှူး၊ မက်စ်ဘိလပ်မြေစက်ရုံ၊ နေပြည်တော်)-ဒေါ်နှင်းဝတ်ရည်၊ ဒုတိယဗိုလ်မှူးကြီး ဇာနည်အောင်-မမြိုင်တို့၏ဖခင်၊ မောင်ဝန်းရံခ ၏အဘိုးသည် ၁-၈-၂၀၂၂ရက်တွင် (၇၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Max Cement မိသားစု**

### ဝမ်းနည်းကြေကွဲခြင်း
# ဦးတင်မြင့်
## အသက်(၇၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့နေ ဒေါ်ခင်လေးမြင့်၏ခင်ပွန်း၊ ဦးနောင်နောင်အေး(စက်ရုံမှူး၊ မက်စ်ဘိလပ်မြေစက်ရုံ၊ နေပြည်တော်)-ဒေါ်နှင်းဝတ်ရည်၊ ဒုတိယဗိုလ်မှူးကြီး ဇာနည်အောင်-မမြိုင်တို့၏ဖခင်၊ မောင်ဝန်းရံခ၏အဘိုး သည် ၁-၈-၂၀၂၂ရက်တွင် (၇၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါကြောင်း။

**Max Myanmar Holding Co.,Ltd. မိသားစု**

## ဦးသိန်းဝင်း(ခ)ဦးစန်း
### ကြက်တူရွေးသရက်သီးသနပ်
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ၁၂(စီ)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်နေ (ဦးကျော်သောင်း-ဒေါ်ခင်စိန်)တို့၏သား၊ (ဦးဘိုးကျော်-ဒေါ်အုံးသင်)တို့၏သမက်၊ ဦးအောင်မြဝင်း၊ ဒေါ်တင်မြဝင်း၊ ဒေါ်လှလှဝင်း၏ အစ်ကိုကြီး၊ ဒေါ်ရီရီမြင့်(ခေတ္တ U.S.A)၊ ဒေါ်ယုယုဝေ(ခေတ္တ JAPAN)၊ ဒေါ်ဥမ္မာကြည်၊ ဦးနေမျိုးရာဇာ-ဒေါ်ယမင်းလတ်(ခ)ရွှေတိုး၊ ဦးနေလင်း-ဒေါ်သဲအိဖြူတို့၏ ချစ်လှစွာသောဖခင်၊ မရွှန်းလဲ့ဝတ်ရည်၊ မရှမဝရာဇာ(ခ)CRYSTAL NAY MYO၊ မောင်သန့်ထူးအောင်တို့၏ ချစ်လှစွာသောအဘိုး၊ တူ၊ တူမ (၈)ယောက်တို့၏ ဘကြီးသည် ၂-၈-၂၀၂၂ရက် နံနက် ၂:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်လှကြည်
## အသက်(၉၃)နှစ်

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်ဆွေဆွေအောင်၏မိခင်ကြီး ဒေါ်လှကြည် အသက်(၉၃)နှစ်သည် ၂-၈-၂၀၂၂ရက်တွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း၊ အမှတ်(၂၈၊ ပထမထပ်)နေ အိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း၊**
**အမှတ်စဉ်(၁)(ဗဟိုဝန်ထမ်းတက္ကသိုလ်-အောက်မြန်မာပြည်)မှ**
**သင်တန်းသား မောင်နှမများ**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊
### ရေကန် ဒါယကာကြီး
## ဦးမင်းစံ
### နာယက(ပေါ်ပြူလာပလတ်စတစ်လုပ်ငန်းစု)
### Hotel POPULAR Myanmar,Summit Plastic
### အသက်(၉၂)နှစ်

ရန်ကုန်မြို့နေ ဦးကျင်ဦး(Chairman-POPULAR Group)-ဒေါ်ချောစုလွင်(Vice Chairman-POPULAR Group)တို့၏ချစ်လှစွာသောဖခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန် ဒါယကာကြီး ဦးမင်းစံ အသက်(၉၂)နှစ်သည် ၁၈-၇-၂၀၂၂ ရက် (တနင်္ဂနွေနေ့)ည ၇:၃၀ နာရီတွင် ရန်ကုန်မြို့၌ ၉၆ ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Purchase Department**
**POPULAR GROUP**

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာကျော်ငြိမ်းအေး
### ဒြေပါမောက္ခ၊ ဓာတုအင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်
### အသက်(၅၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၂)ရပ်ကွက်၊ ရွှေပြည်သာလမ်း၊ အိမ်အမှတ်(၆၂၄)နေ လူရည်ချွန်သူငယ်ချင်း ဒေါက်တာကျော်ငြိမ်းအေး ဒြေပါမောက္ခ၊ ဓာတုအင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်သည် ၃၀-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**လူရည်ချွန်သူငယ်ချင်းများ**

**Prof Dr.အောင်ဇော်မျိုး၊ Dr.အောင်နိုင်အေး၊ Dr. သောင်းဒန်ဦး၊**
**Dr.မြစိုးနွယ်၊ ဦးခင်မောင်ထွန်း၊ ဒေါ်ခင်နှင်းဆမ်း၊ ဦးခွန်မင်းဆွေ-ဒေါ်ယဉ်ယဉ်စိန်၊**
**AP Dr.သိန်းထွန်းဦး၊ ဒေါ်ဖြူဝင်းခိုင်၊ ဒေါ်မေသဥ္ဇာဟန်၊ ဒေါ်မေသူဝင်း၊**
**ဦးစိုးနန္ဒာ-ဒေါ်ကေသီမွန်။**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်တင်မေ
## အသက်(၈၅)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ ဂျိုးတောင်ကျေးရွာ၊ မော်ခါးနေ (ဦးသာထွန်း-ဒေါ်သိန်းတင်)တို့၏သမီး၊ ဦးခင်မောင်တာ လက်ထောက်ညွှန်ကြားရေးမှူး စက်မှု(၁)(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးမြင့်စိုး-ဒေါ်ဝင်းဝင်းမာ၊ ဦးအောင်ကြီး(ဦးစီးအရာရှိ စ.စ.စ၊ ရန်ကုန်တိုင်းဒေသကြီး)၊ ဦးအောင်လေး-ဒေါ်မိမိခိုင်၊ ဗိုလ်မှူးကျော်ဌေးဝင်း(ငြိမ်း)-ဒေါ်ထွေးထွေးမာ၊ ဒုဗိုလ်မှူးကြီးအောင်ထွေး(ငြိမ်း)-ဒေါက်တာဝင်းဝင်းမြင့်(အထွေထွေအထူးကုသမားတော်ကြီး ဘားအံဆေးရုံကြီး)တို့၏ချစ်လှစွာသော မိခင်ကြီး ၊ မြေး(၈)ယောက်၊ မြစ်(၂)ယောက်တို့၏ ဘွားဘွားကြီးဒေါ်တင်မေသည် ၂-၈-၂၀၂၂ ရက် မွန်းလွဲ ၂:၂၀ နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ အမိုး၊ အကာ
## ဒါယကာကြီး ဆရာဦးချစ်မြ(B.A)
### အထက(၄)အလုံ(ငြိမ်း)
### အသက်(၈၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နေ(ပွဲစားကြီး ဦးချစ်ထွန်း-ဆရာမကြီး ဒေါ်သိန်းမြ)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ အမှတ်(၂၅၇)၊ သုခလမ်း၊ (၄၃)ရပ်ကွက်၊ မ/ဒဂုံနေ ဆရာမ ဒေါ်ချို့နွယ်သန်း(အထက(၄)အလုံ)ငြိမ်း၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးအောင်ကြည်ရှိန်)-ဆရာမဒေါ်အေးရွှေ(ငြိမ်း) (ပေါင်းတလည်)၊ ဦးချစ်လှ-ဒေါ်ကျင်စော(ရွှေပြည်သာတည်းခိုခန်း၊ ပြည်မြို့)၊ (ဦးလေးစိန်)-ဒေါ်သန်းသန်းဦး(ပေါင်းတလည်)တို့၏ ချစ်လှစွာသော အစ်ကိုကြီး၊ ဦးသစ်ဆန်းအောင်-ဒေါ်ခင်ချိုအေး၊ ဦးနိုင်တင်ကောင်း-ဒေါ်စမ်းစမ်းမြတ်၊ ဒေါ်ယဉ်မွန်မွန်တို့၏ ချစ်လှစွာသော မွေးသဖခင်ကျေးဇူးရှင်၊ မောင်သန့်သစ်ဆန်း၊ မမြဖူးသစ်ဆန်း၊ မချိုဇင်သစ်ဆန်း၊ မြေး(၃)ယောက်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၁-၈-၂၀၂၂ရက်(တနင်္လာနေ့) နံနက် ၈:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဖေစန်း ပုလဲမြို့
### အသက်(၈၄)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်လမ်းဦးစီးဌာန၊ ဥတ္တရခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်အောင်မြင့်၏ ဖခင်သည် ၃-၈-၂၀၂၂ရက် နံနက် ၄:၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)နှင့်**
**နေပြည်တော်လမ်းဦးစီးဌာန ဝန်ထမ်းများ**

### ဦးမျိုးမြင့်သိန်း(Chief Engineer)
### အသက်(၇၁)နှစ်

အမှတ်၄၅(B)၊ တေးနယဉ်လမ်းသွယ်၊ ၇မိုင်ခွဲ၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ (ဦးငွေသိန်း-ဒေါ်သန်းဆွေ)တို့၏သားကြီး၊ အမှတ်(၄၅)၊ ရွှေဟင်္သာလမ်း၊ (၆)မိုင်ခွဲနေ (ဦးခန့်-ဒေါ်ရှုတင်)တို့၏ သားသမက်၊ (ဒေါ်အိအိခင်)၏ခင်ပွန်း၊ ဒေါ်ခိုင်ခိုင်သိန်း(UK)၊ ဦးကျော်မင်းမင်းထွန်း(Pro Audio)တို့၏အစ်ကိုကြီး၊ (မောင်အောင်ရဲကျော်)၊ မောင်ရဲကျော်အောင်၊ မောင်အေးချမ်းမင်း၊ မခိုင်မီမီလွင်(UK)တို့၏ဘကြီး၊ မဥ္ဇူမျိုးမြင့်၏ ချစ်လှစွာသော ဖခင်သည် ၁-၈-၂၀၂၂ရက် ညနေ ၃:၄၃နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၂၂ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေ ဆွေမျိုးများကို အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်မူမူစန်
## အသက်(၆၉)နှစ်

ရန်ကုန်မြို့နေ (ဦးမောင်စံ-ဒေါ်မြသီ)တို့၏သမီး၊ (ဒေါ်ရီရီစန်-ဦးခင်မောင်စိုး)၊ ဦးအေးကို-ဒေါ်မြမြဝင်းတို့၏ညီမ၊ (ဦးသိန်းအေး)၊ ဒေါ်ဝင်းဝင်းစန်၊ ဒေါ်နွဲ့နွဲ့ဝေတို့၏အစ်မ၊ ဦးကိုကိုအောင်၊ ဒေါ်ကေဇင်အောင်၊ ဒေါ်ချိုဇင်အောင်တို့၏ ချစ်လှစွာသော မိခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်မူမူစန်(B.Ed)သည် ၂၉-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### အထူးကျေးဇူးတင်ရှိခြင်း
## ဦးမျိုးတင့်
### (D.P.O ၊General Manager(ငြိမ်း)၊ အထက(၁) ပုသိမ်ကျောင်းသားဟောင်း)
### အသက်(၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်နေ(ဦးအုန်းမောင်-ဒေါ်တင်ကြည်-ပုသိမ်)၏သား၊ ဒေါ်မြင့်မြင့်စန်း(အလပြ-ငြိမ်း)၏ခင်ပွန်း၊ မစုလှိုင်(BCIS Hons, London Metropolitan University, United Kingdom, M.Sc KM,Nanyang Technological University,Singapore) Deputy Manager(HCMS),MPT-KSGM JO ၏ ဖခင်သည် ၂၇-၇-၂၀၂၂ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအသင်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်မေသန်းနွဲ့
## အသက်(၆၁)နှစ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲရေးဌာနကြီးမှ ရဲရေးချုပ် ရဲမှူးချုပ် ဝင်းထွန်း၏ ချစ်လှစွာသောဇနီး ဒေါ်မေသန်းနွဲ့သည် ၁-၈-၂၀၂၂ရက်(တနင်္လာနေ့) နံနက် ၉:၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရဲမှူးကြီး စိုးမြင့်ဦးနှင့်**
**ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်/မိသားစုများ**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်အောင်စိုး
### အလုပ်အမှုဆောင်အဖွဲ့ဝင်
### မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း
### အသက်(၅၀)

မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း၏ အလုပ်အမှုဆောင်အဖွဲ့(အဖွဲ့ဝင်) Htain Htain Win Transportation ၏ MD ဦးတင်အောင်စိုး အသက်(၅၀)သည် ၂၉-၇-၂၀၂၂ရက် ညနေ ၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း**

## ကိုဖြိုးမောင်မောင်တင်(ခ)ဘွန်ဟော့
### CDC-59271
### အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ အမှတ်-၁၅/မြေညီနေ ဦးမြင့်တင်-ဒေါ်လေးမိတို့၏သားငယ်၊ မွန်ပြည်နယ်၊ အမှတ်(၁၀၀/၁၀)၊ ချစ်ကြည်ရေး(၂)လမ်း၊ သိမ်ကုန်းရပ်ကွက်၊ မော်လမြိုင်မြို့နေ ဦးတင်ဝင်း-ဒေါ်ချိုချိုအေးတို့၏ သားသမက်၊ မသိမ့်သူဇာ၏ ချစ်လှစွာသောခင်ပွန်း၊ မမေပွင့်ချို(ခ)မိန်မိန်း၏ ချစ်လှစွာသော မွေးသဖခင်သည် ၃-၈-၂၀၂၂ ရက်(အင်္ဂါနေ့) နံနက် ၄:၅၀ နာရီတွင် မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်နှင့် မွန်ပြည်နယ် ဘီးလင်းမြို့နယ်တို့တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

အမိန့်အမှတ် ၂၉၉ /၂၀၂၀
၁၃၈၂ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်
(၂၀၂၀ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့အတွင်းရှိ မြို့နယ်အချို့တွင် COVID–19 ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့နှုန်းမြင့်တက်လျက်ရှိပါသဖြင့် အဆိုပါ မြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့အတွင်းရှိ အောက်ဖော်ပြပါမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ် တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည် –

(က) **မန္တလေးတိုင်းဒေသကြီး**
(၁) မြင်းခြံမြို့နယ်၊

(ခ) **မွန်ပြည်နယ်**
(၁) ဘီးလင်းမြို့နယ်။

၃။ အဆိုပါမြို့နယ်များရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် –

*စာမျက်နှာ ၂၅ ကော်လံ ၁* ✪




မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်–၁၉ ကာကွယ်ရေး ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ မော်တော်ယာဉ်များဖြင့် တင်သွင်းစဉ်။

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ အများပြည်သူရုံးပိတ်ရက်များတွင် တင်သွင်းနိုင်ရေးဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုနှုန်းထိန်းချုပ်နိုင်ရေးအတွက် ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြည်ပမှ တင်သွင်းခွင့် အတွက် သွင်းကုန်လိုင်စင် လျှောက်ထားခြင်းကို ယာယီကင်းလွတ်ခွင့်ပြုပေးခြင်းနှင့် နယ်စပ်ဒေသများမှ တင်သွင်းရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများ ရုံးပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိသည်။

ရုံးပိတ်ရက်ကာလအတွင်း အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများမှ ထုတ်ပြန်ထားသည့်

*စာမျက်နှာ ၁၉ ကော်လံ ၃* ■

## ဩဂုတ် ၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၄၇၁၃ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၁၁၂ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၀၃၇၃ ဦးရှိ

(၃–၈–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂–၈–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃–၈–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၁၄,၂၅၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၄,၇၁၃) ဦးတွေ့ရှိရပါသည်။သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၁၉၆,၁၁၆)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၁၁,၀၆၇) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃,၇၄၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၂၂၀,၈၈၇) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၁၂) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၀,၃၇၃) ဦး ရှိပါသည်။

*စာမျက်နှာ ၁၅ ကော်လံ ၁* ✻